
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ချစ်သက်လျား...

ကြပ်ကလေး

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၉၂၆၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၁၂၃၀၅၀၉ |
| ပုံနှိပ်ခြင်း | (ပထမအကြိမ်) |
| | ၂၀၀၅၊ အောက်တိုဘာလ |
| | အုပ်ရေ (၅၀၀) |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ဦးသန်းလွင် (မြ-၀၅၅၈၇) |
| | (ရွှေလင်းယုန်ပုံနှိပ်တိုက်) |
| | အမှတ်(၅၁)၊ရေကျော်လမ်း၊ |
| | ပုဇွန်တောင်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးသန်းထွန်းအောင် (မြ-၀၃၉၆၇) |
| | ဖိုးရာဇာစာပေ၊ အမှတ်(၃၃)၊ |
| | အခန်း-၁၀၊ ယုဇနလမ်း၊ |
| | ရေကျော်၊ ၈-ရပ်ကွက်၊ |
| | ပုဇွန်တောင်၊ ရန်ကုန်။ |
| အတွင်းဖလင် | မျိုးဝင်းကျော် |
| မျက်နှာဖုံးဝန်းချို | (ရွှေဒိပါ Group) |
| စီစဉ်သူနှင့်ဖြည့်လုံးကျူတ်ဖြန့်ချိရေး | နေလှိုင်အောင် (ရွှေဆိပ်တာင်) |


တန်ဖိုး - ၊၊၁၁ ကျပ်

BURMESE CLASSIC .com

# ချစ်သက်လျား...

မြန်မာရုပ်ရှင်ဇာတ်လမ်း
(ဒုတိယအကြိမ်)

ကြပ်ကလေး




စာပေရွှေဒိပါ
ရွှေဒိပါမြို့၊ အမှတ်(၆၅၁-စအ)
လေဆိပ်လမ်းသွယ်(၁)၊
စော်ဘွားကြီးကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ကို တိုးတက်ရေး ကိုနှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအား သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# စီစဉ်သူ၏အမှာ

ဤစာအုပ်ကို ပြန်လည်ထုတ်ဝေခြင်းနှင့်အတူ ထာဝရ လေးစားရသော စာရေးဆရာ "ကြပ်ကလေး" အား ဂါရဝပြုအပ်ပါသည်။

ထို့နောက်တွင်မူ အဖက်ဖက်မှ ကူညီပေးခဲ့သော ကိုမြင့်သူ (သားကြပ်ကလေး) နှင့် ဆရာ၊ ဆရာမဟောင်းများ၊ (ရွှေဒီပါ-Group) မှ ဝန်ထမ်းများအားလုံး၊ နှင့် စာအုပ်အတွက် ကူညီပေးခဲ့သော တာဝန်ရှိသူများအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

ဤဝတ္ထုမှာ "ချစ်သက်လျှာဦး ..." အမည်နှင့်ပင် နီလာ ရုပ်ရှင် ထုတ်လုပ်ရေးမှ ထုတ်လုပ်ခဲ့ရာ လွန်စွာအောင်မြင်ခဲ့သော ဟာသဇာတ်မြူးတစ်ပုဒ် ဖြစ်ခဲ့၏။ ထိုဟာသရုပ်ရှင်၏ ဇာတ်လမ်းအား လူသားတိုင်းအား ပြုံးရယ်ရွှင်မြူးစေလိုသော ဆန္ဒမွန်ဖြင့် ပြန်လည်တင်ဆက်လိုက်ရခြင်း ဖြစ်ပေသည်။

ဤဟာသဇာတ်မြူးကို ဖတ်ရှု၍ သင်တို့လည်း ပျော်ရွှင်နိုင်ခဲ့မည်ဆိုခဲ့လျှင် ကျွန်ုပ်သည်လည်း သင်တို့နှင့်အတူ ပြုံးရယ်လျက် . . .။

ရွှေထိပ်တင်
(စာပေရွှေဒီပါ)

# နှားနို့ရောင်ပိတ်ကားပေါ်မှ . . .

"ချစ်သက်လျှာဦး" ၏ မူရင်းဝတ္ထုတိုအမည်မှာ "သိပ်ကောင်းတဲ့ဝတ္ထု" ဖြစ်ပြီးလျှင် သွေးသောက်မဂ္ဂဇင်းတွင် ပါရှိခဲ့၏။ ထို့နောက် တဖန်ဝတ္ထုတိုများ စုပေါင်း၍ 'ချိန်းတဲ့ရက်' အမည်နှင့် ၁၉၆၃ ခုနှစ်တွင် စာအုပ်အဖြစ် ထုတ်ရာတွင်လည်း ပါဝင်ခဲ့၏။

ဆရာငွေဥဒေါင်းက ကျွန်တော်အား 'ကိုယ်လဲ့ ဒီ သိပ်ကောင်းတဲ့ဝတ္ထု' ကို ရုပ်ရှင်ရိုက်ယင်ကောင်းမယ်' ဟု အကြံပေးဘူးလေရာ၊ နီလာရုပ်ရှင်မှ ကျွန်တော်ထံ ရုပ်ရှင်ရိုက်ရန် ဝတ္ထုတောင်းလာသောအခါတွင် ဤဝတ္ထုကို ပေးလိုက်ရခြင်း ဖြစ်ပေသည်။

ယခု ရုပ်ရှင်ဝတ္ထုအဖြစ် ထုတ်ဝေသောအခါတွင် ဇာတ်ညွှန်းကို မူတည်၍ ပြန်လည်ရေးသားရသည် ဖြစ်ရကား မူရင်းဝတ္ထုတိုနှင့် နေရာများတွင် ကွဲလွဲချက်ရှိလေသည်။ တဖန် ဤဝတ္ထုသည် နေရာတိုင်းတွင် တိတိကျကျ တူညီမှုရှိမည်ဟု ဝန်မခံနိုင်ပါချေ။ တခုတော့ရှိ၏၊ ရုပ်ရှင်ထဲတွင် ဤဝတ္ထုထဲ၌ အသေးစိတ် မဖော်ပြနိုင်သော ရယ်စရာဇာတ်ကွက်များ များစွာပါဝင် နေသေး၏။ ဒါကြောင့်အစမှ ဆုံးခန်းတိုင်ရွှင်မြူးနေရမည့် "ချစ်သက်လျှာဦး" ပေတည်း။ ။

ကြပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ရန်ကုန်မြို့၏ လမ်းမတစ်ခုဝယ်၊ လူတစ်ယောက်သည် စက္ကူပတ်ထားသော ကဒ်ထူပြားသဏ္ဍာန် ပစ္စည်းတစ်ခုကို ပိုက်၍ လျှောက်လာနေသည်ကို ထူးဆန်းလှသော မြင်ကွင်းတစ်ရပ် မဟုတ်သဖြင့် မည်သူမျှ ဂရုထားမိမည် မဟုတ်ချေ။ သူကား တင်ဆွေအမည်ခံ ပန်းချီဆရာ ပေါက်စပင် ဖြစ်ပေတော့သည်။

တင်ဆွေသည် "ယောက်ျားသွားရန်" ၊ "မိန်းမသွားရန်" ဟူသော တစ်ဆင့်မှတစ်ဆင့်တက်၍ လမ်းညွှန်ဆိုင်းဘုတ်များမှ လက်ညှိုးရုပ်၊ လက္ခဏာဆရာ၏ ဆိုင်းဘုတ်မှ လက်ဝါးပြင်ကြီးနှင့် လဘက်ရည်ဆိုင် ဆိုင်းဘုတ်မှ အငွေ့တစ်ထောင်းထောင်း ထွက်နေသော လဘက်ရည်ပန်းကန်ပုံများကို စတင် ရေးဆွဲနိုင်နေပြီ ဖြစ်ပေသည်။





တင်ဆွေသည် လျှောက်လာရင်းက ခြံတစ်ခြံ အဝသို့ ရောက်သောအခါ အသာရပ်ကြည့်လိုက်ပြီးလျှင် "ဒီခြံဘဲဖြစ်မှာဘဲ" ဟု တွေး၍ ဝင်သွားလေ၏။ အိမ်ဝသို့ ရောက်သောအခါ လူရိပ် လူရောင် စောင့်ကြည့်သေးသည်။ သို့သော် . . . လူနှင့်တူသည်ကို ထားဦး ထောင်ထားသော အဝတ်ညှပ်ကိုပင် မတွေ့ရသဖြင့် "အဟမ်း . . . အဟမ်း" နှင့် ချောင်းသံပေးလိုက်လေ၏။ သို့သော် . . . ချောင်းတို့ မည်သည်မှာ အဆင်မသင့်လျှင် သူ့ဘာသာသူပင် ထ၍ ဆိုးတတ်သည် ဖြစ်သောကြောင့်၊ တင်ဆွေမှာလည်း ချောင်းဟန့်နေစဉ်မှာပင် ချောင်း တကယ်ဆိုးလာပေရကား "အဟမ်း . . . အဟမ်း့ . . . အဟွတ် . . . အဟွတ်" နှင့် ဖြစ်နေလေ၏။

ထိုအခါ အိမ်အတွင်းမှ အသက် ၄၀ ခန့် လူတစ်ယောက် ထွက်လာလေ၏။

"ဘာကိစ္စရှိလို့လဲ . . ."

"အော် . . . ဟိုအမကြီး မရှိဘူးလား . . ."

အိမ်ရှင်သည် တင်ဆွေကို မျက်မှောင်ကုတ်၍ ကြည့်လိုက်လေ၏။

"ဘာအမကြီးလဲဗျ . . . ခွေးအမကြီး . . . ကြောင်အမကြီး . . . ကြက်အမကြီး . . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါဗျာ . . . ကျွန်တော်က ဘိရိဗ္ဗာန် ဆေးကု ဆရာဝန် မဟုတ်ပါဘူး . . . လူအကြောင်းကို မေးတာဗျ လူအမကြီး မရှိဘူးလား . . ."

လူကြီးသည် တင်ဆွေကို သနားသလို စိုက်ကြည့် လိုက်၏။

"အဲ . . . လူအမကြီးတော့ မရှိဘူး၊ မင့်ကိစ္စက လူအမကြီး ရှိမှ ဖြစ်မှာလားကွ . . ."

"ဒီလိုဗျ . . . ကျွန်တော်က ပန်းချီဆရာလေ . . ."

"အော် . . . ဖြစ်မှဖြစ်ရလေကွာ . . ."

"ဘာလဲဗျ . . . ကျွန်တော့်စကားကို ဆုံးအောင် နားထောင် စမ်းပါအုံး ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ဆက်သွယ်ပေးခဲ့တာဗျ အဲဒီအမကြီးဆိုတာက သူ့ပုံတွေ ဆွဲဘို့ လာအပ်ထားတာလေ . . ."

"အဲဒီ အမကြီး နာမည်က ဘယ်လိုခေါ် သလဲ . . ."

"အဲ . . . နာမည်တော့ ကျွန်တော်မသိဘူး"

"ဒီအိမ်မှာတော့ လူအမကြီး မရှိဘူးကွာ . . ."

အိမ်ရှင်လူကြီးသည် စကားပြောပြီး အိမ်ထဲသို့ဝင်ရန် ပြန်လှည့် လိုက်လေ၏။ ဤတွင် တင်ဆွေက ကမန်း ကတန်းဖြင့် "ဒီမှာ . . . ဒီမှာ" ဟု ခေါ်လိုက်ရာ လူကြီးက ပြန်လှည့် ကြည့်လိုက်လေ၏။

"အဲဒီ အမကြီးက ဘယ်မှာနေသလဲဟင် . . ."

လူကြီးမှာ ငြုပ်သီးဝါးမိသလို ရှုံးရှုံးရှဲ့ရှဲ့ ဖြစ်သွား၏။





"ဟ . . . ဒါတော့ဘယ်သိမလဲ . . . မင့်ဟာက အမကြီး အမကြီးနဲ့ ဘာအမကြီးမှန်းမသိဘူး . . ."

လူကြီးက ဤသို့ခပ်ပြတ်ပြတ်ပြောလိုက်သောအခါ တင်ဆွေမှာ မျက်နှာငယ်ကလေးနှင့် ဖြစ်သွားပြန်လေ၏။

"အော် . . . ကျွန်တော်က သိများ သိမလားလို့ပါ . . ."

"မသိဘူးကွာ . . . မသိဘူး"

"ဒုက္ခပါဘဲ . . . ဒုက္ခမှ အတော်ကလေး အသင့်အတင့် ကြီးတဲ့ ဒုက္ခပါဘဲ . . ."

"ဟေ့လူ . . . မြန်မြန်သွား ဒီမှာ လာညည်းမနေနဲ့ . . ."

လူကြီးက နှင်လွှတ်သောအခါ တင်ဆွေမှာ လှည့်ကြည့် လှည့်ကြည့်နှင့် ထွက်သွားရင်း ပါးစပ်မှ "တောက် . . . အသုံးကျတဲ့ လူအမကြီးတော့ မရှိဘူးတဲ့၊ သူ့ကြောင်အမကြီးတွေ၊ ဘာလုပ်ရမှာလဲ . . . ဖွတ်" ဟု ပြောဆိုရေရွတ်သွားလေ၏။

ထိုနောက် တင်ဆွေသည် ဆက်လက်၍ လျှောက်သွားရင်း အိမ်တစ်အိမ်ရှေ့သို့ ရောက်သွားလေ၏။ အိမ်တွင်းမှ အဒေါ်ကြီး တစ်ယောက် ထွက်လာကာ တင်ဆွေကို မြင်သောအခါ အော် . . . ပုံလာပို့တာ ထင်တယ်" ဟု ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် . . ."

တင်ဆွေက ပြန်ဖြေရင်း ပန်းချီကားမှ စက္ကူပတ်များက ဖြေနေလေ၏။ သူစက္ကူများ ဖြေနေစဉ် မိန်းမကြီးက စကားပြေ နေလေသည်။

"ကျမ ပေးလိုက်တာ တစ်ကိုယ်လုံးပုံ ထင်တယ် . . ."

"ဟုတ်ပါတယ် . . ."

တင်ဆွေသည် စက္ကူပတ်များဖြေပြီးသွားသောအခါ ပန်း ကားချပ်ကြီးကို အဒေါ်ကြီးဘက်ဆီသို့ ထောင်ပြ လိုက်လေ၏။

ပန်းချီကားချပ်ကား လုံချည်စ,ကြားမှ ခြေထောက် တစ်ဖ ထွက်နေပုံ ဖြစ်လေသည်။

"ရှင် ဘာလုပ်တာလဲ . . . ဟင် . . . နောက်စရာ မှတ် လား . . ."

မိန်းမကြီးသည် စိတ်ဆိုးမာန်ဆိုး ပြောလိုက်သော်လည်း တင် ကမူ သူ၏ပန်းချီကားကို အေးအေး ဆေးဆေးကြည့်နေရာမှ

"ပုံတူဆိုတာက အရမ်းဆွဲရတာမဟုတ်ဘူး။ လူတိုင်း လူ ဟာ ခေါင်းတစ်လုံး လက်နှစ်ဖက်၊ ခြေထောက် နှစ်ချောင်းစီ ရှိကြတာ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက်ဟာ ပုံချင်း မတူကြဘူး၊ တစ်ချို့ မျက်လုံးလှတယ်၊ တစ်ချို့က နှာခေါင်းလှတယ်၊ အဲ . . . အဲဒီ ပန်းချီဆရာမှ ပန်းချီမျက်စိနဲ့ မြင်နိုင်တယ် . . ."





တင်ဆွေ ပညာပေးနေမှုကို အဒေါ်ကြီးသည် ခံယူလိုဟန် ရှိချေ။

"ရှင် ဘာတွေပြောနေတာလဲ၊ ရှင့်ပန်းချီကားကို ကျမ လိုချင်ဘူး၊ ရှင်သက်သက်စော်ကားတာ. . ."

"ကျွန်တော် အမကြီးကို စော်ကားတာ မဟုတ်ပါဘူး၊ မကြီးကို မြင်လိုက်တာနဲ့ အမကြီးရဲ့အလှဟာ အမကြီးရဲ့ ခြေသလုံး လို့ ပန်းချီမျက်စိနဲ့ ကျွန်တော် မြင်တယ်"

"ရှင်က ပန်းချီမျက်စိနဲ့ ကြည့်ပေမဲ့ ကျွန်မတို့က ရိုးရိုးမျက်စိနဲ့ ကြည့်မှာရှင့်။ ဘယ့်နှယ်တော် ပုံတူ ဆွဲပါဆိုမှ ခြေထောက်တစ်ဖက်ထဲ လာရတယ်လို့"

အဒေါ်ကြီးက ဤမျှ ပြောနေသည့်တိုင်အောင် တင်ဆွေက လျှော့သေးချေ။

"အဲဒါ အမကြီး ခေတ်မမီတာ၊ ဒီမှာအမကြီး အမကြီးဟာ ခွန်လှပတဲ့ ခြေသလုံးပိုင်ရှင်အဖြစ် ဂုဏ်ယူစမ်းပါဗျ"

"ရှင် မြန်မြန်ထွက်သွားရင် ကောင်းမယ်ထင်တယ်"

"ဒီမှာ အမကြီး"

"ရှင် သွားဆိုသွားနော် . . . ရှင့်ပုံလဲမယူဘူး ပိုက်ဆံလဲ ပေးနိုင်ဘူး၊ ပုံတူဆွဲပါဆိုမှ ဘာတွေဆွဲလာမှန်း မသိဘဲနဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"နို့ . . . အခုမတူလို့လား၊ မယုံရင် ခင်ဗျား ခြေထောက် လှန်လိုက်လေ. . ."

ဤတွင် အဒေါ်ကြီးသည် စကားဖြင့် ပြန်မဖြေတော့ချေ အနုပညာကို ချီးမြှင့်လိုသောအားဖြင့်၊ နီးရာ ဒုတ်တစ်ချောင်းကို ကောက်ဆွဲလေတော့ရာ၊ တင်ဆွေ ခင်မျာမှာ ပန်းချီကားကို ဆွဲယူပြီး ခပ်သွက်သွက် ပြေးရလေ၏။ ခပ်လှမ်းလှမ်း ရောက်သည့်တွင်မှ ပြန်လှည့် ကြည့်လိုက်သည်။

**"တောက် . . . အနုပညာကို မြတ်နိုးပေလို့ ဒုတ်ကို ဆွဲသေးတာ အကြမ်းပညာများ မြတ်နိုးတယ်ဆိုရင် သေနတ်နဲ့များ ပစ်နေအုန်းမလား မသိဘူး. . ."**

တင်ဆွေသည် လမ်းသို့ ရောက်သောအခါ သူ၏ ပန်း ကားချပ်ကို ပြန်ကြည့် လိုက်လေသည်။

"ဒီလောက် ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ပုံ ည့်ခန်းမှာ ချိတ်ထားလိုက်ရရင် . . . ဟင်း . . . ပျံနေမှာဘဲ"

စကားပြောရင်းကပင် ဆက်လျှောက်သွားလေရာ မကြာ ကန်တော်ကြီး မြေပဒေသာကျွန်းဆီသို့ ရောက်ခဲ့ လေတော့ တစ်ခုသော ထိုင်ခုံရှည်ကလေး၏ တစ်ဖက်စွန်းတွင် လူကြီး တစ်ယော သည် အိပ်ငိုက်နေသည်။ တင်ဆွေသည် ကျန် တစ်ဖက်စွန်း ဝင်ရောက်ထိုင်လိုက်ပြီး ပန်းချီကားသည် သူတို့ နှစ်ယောက်အကြား ထောင်ထားလိုက်လေ၏။





သူ့ဝင်ထိုင်လိုက်၍ အိပ်ငိုက်နေသော လူကြီးမှာ ဇိမ်ပျက် သွားဟန်ဖြင့် မျက်စိကို အသာဖွင့်ကြည့်ရာ သူ့နားရှိ ပန်းချီကားကို မြင်လေသော် မျက်စိကျယ် သွားဟန်နှင့် ပြူးကြည့်လိုက်လေ၏။

ထိုနောက် တင်ဆွေကို စိတ်ဆိုးဟန်နှင့် "ဟင် . . . မင်းက ငါ့ကို သရော်တာပေါ့လေ . . . " ဟု ပြောလိုက်ရာ တင်ဆွေမှာ ဘာမှနားမလည်ဟန်နှင့် "ဗျာ . . ."ဟု ပြန်မေး မိလေတော့သည်။

"ဘာဗျာလဲ . . . မင်းက မသိချင်ယောင်ဆောင်ပြီး ငါ့ကို သရော်တာပေါ့ . . . "

ပြောပြောဆိုဆိုနှင့် လူကြီးသည် သူ့အနားတွင် ထောင်ထား သော ဂျိုင်းဒေါက်ကို ကောက်ဆွဲလေရာ တင်ဆွေမှာ သူ့ပန်းချီကားမှာ ထိုလူကြီးကို သရော်သလို လှောင်သလို ဖြစ်နေကြောင်း သိရပြီး ချက်ခြင်းပင် ပန်းချီကားချပ်ကို ဆွဲထွက် ပြေးရပြန်လေ၏။

ကြောက်အား လန့်အားနှင့် တစ်အားပြေးရသော တင်ဆွေ သည် တစ်နေရာသို့ ရောက်သောအခါတွင် ရေစပ်သို့ဆင်း၍ ခြေလက် ဆေးကြောလေရာ၊ သစ်ပင်ကိုမှီ၍ စာကျက်နေသော ဘသက်သည် သူ့အနားက ဖြတ်သွားသော တင်ဆွေကို မြင်မိရာမှ မှတ်မိသွားလေသည်။

"ဟော့ကောင် . . . တင်ဆွေ . . . "

ဘသက်က ဝမ်းသာအားရ ခေါ်လိုက်ရာ တင်ဆွေမှာလည်း ယခုမှ ဘသက်ကို မြင်သွားပြီး ဝမ်းမြောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . နေပါအုံးကွ၊ မင်းအခု ဘယ်ရောက်နေလဲ ဘာလုပ်နေလဲ၊ ဘယ်သူနဲ့နေလဲ . . ."

"အမယ်လေး . . . မင်းမေးခွန်းဖွတွက များလှချည်လားကွ၊ ဖြေးဖြေးပြောစမ်းပါ။ မင်းကော . . . ဘယ်တုန်းက ရန်ကုန်ကို ရောက်နေသလဲ . . ."

ဤသို့ အပြန်အလှန် အားကျမခံ မေးခွန်းများထုတ်၍ စကားလက်ဆုံကျလိုက်သည်တွင် တင်ဆွေသည် ပန်းချီဆရာ "ပစောက်" ဖြစ်နေသည်ကို ဘသက်က သိသွားသကဲ့သို့၊ ဘသက်မှာလည်း မြိတ်မှ သူ့ဘကြီး ဦးသိန်းမောင်၏ ထောက်ပံ့ချက်ဖြင့် ရန်ကုန်တွင် အိမ်ခန်းငှားနေနိုင်ကာ၊ တက္ကသိုလ်ကျောင်း တက်နေကြောင်းကို တင်ဆွေသိရလေ၏။

တက်သစ်စ အနုပညာရှင် ပီပီ ဝတ်ပြတ်နေသော တင်ဆွေမှာ ဤသို့ဖြင့် မှီခိုရာ၊ လဲလျောင်းရာ၊ ပုန်းအောင်းရာကို ရှာတွေ့ရတော့သည်။ ဘသက်နှင့်အတူ လိုက်နေပြီး ဘသက်ကို ချက်ပြုတ် ကျွေးမွေးပြုစုခြင်းဖြင့် သူ၏ စားဝတ်နေရေး ပြဿနာ ပြေလည်သလို၊ ဘသက်မှာလည်း သူ၏ ချစ်လှစွာသော သူငယ်ချင်း နှင့် ဆုံဆည်းရသဖြင့် ပျော်မဆုံး ဖြစ်နေလေတော့သည်။

❀❀❀

( ၂ )

"ဘသက် . . . ဟော့ . . . ဘသက်"

လေကလေးချွန်ရင်း ခေါင်းဖြီးနေသော ဘသက်သည် တင်ဆွေ၏ အော်ခေါ်သံကြောင့် ခပ်သုတ်သုတ် ကလေး ဧည့်ခန်းဆီသို့ ထွက်လာခဲ့လေ၏။

"ဘာလဲကွ တင်ဆွေရ။ ခေါ်လှချည်ကလား။ ခေါင်းလေး ကောင်း ကျကျနန မဖြီးရဘူး . . ."

"ကော်ဖီသောက်ရအောင် ခေါ်တာပေါ့ကွ၊ အောင်မယ် လေးဟ၊ ခေါင်းကလဲဖြီးလိုက်ရတာ။ ဘာလဲ . . . မင်းက ခေါင်းလိမ်း ဆီ ကြော်ငြာအတွက် စံပြမောင် လျှောက်မလို့လား . . ."



www.burmeseclassic.com

www.burmeseclassic.com



ဘသက်သည် ဘာမျှပြန်မပြောတော့ဘဲ ကုလားထိုင်တွင် ဝင်ထိုင်၍ သတင်းစာကို ကောက်ယူလိုက်လေ၏။ ဤတွင် တင်ဆွေသည် အလန့်တကြားနှင့် ကောက်ကာငင်ကာ ပြောလိုက်၏။

"ဟာ . . . မေ့လို့ဟေ့ . . ."

သတင်းစာကိုဖတ်မည်ပြုနေသော ဘသက်မှာ တင်ဆွေ၏ စကားကြောင့် အူကြောင်ကြောင်နှင့် မော့ကြည့်ပြီး . . .

"ဘာဖြစ်တာလဲကွ မင့်ဥစ္စာက အလန့်တကြားနဲ့"

"ငါ မျက်နှာမသစ်ရသေးဘူးကွ . . ."

"ဟာ . . . မင်းကတော့ စံဘဲ၊ တစ်မနက်လုံး ထမင်းအိုးတည် . . . ကော်ဖီဖျော် . . . ဘာလုပ်ညာလုပ်နဲ့။ ဟော . . . ခု ကော်ဖီသောက်ခါနီးမှ မျက်နှာမသစ်ရသေးဘူးတဲ့ကွာ။

"ဒါကတော့ မေ့တာကိုးကွ။ ဘာတတ်နိုင်မှာလဲ. . ."

"သွားပါကွာ မျက်နှာသွားသစ်ချေပါ။ ရေချိုးခန်းထဲက ပြန်ထွက်လာရင် သတိထားနော်. . ."

"ချော်လဲမှာ စိုးရလို့လား. . ."

"မဟုတ်ဘူး . . . မင့်မျက်ခွက်ကြီး ရေချိုးခန်းထဲမှာ မေ့ရစ်ခဲ့မှာစိုးလို့. . ."

နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။





ထိုနောက် တင်ဆွေသည် မျက်နှာသွားသစ်၍ ညှော်ခန်းတွင် ပြန်လည်၍ ဆုံတွေ့မိကြပြန်လေသည်။

ဘသက်သည် သတင်းစာ ကြည့်နေရာမှ လှတ်ကနဲ ပြောလိုက်ပါလေ၏။

"ဟာ . . . အမွေဖြတ်တယ်ဆိုပါကလား" . . . ဘာတဲ့ . . . သားဖြစ်သူ . . . မောင်တင်ဝင်းသည် မိဘစကားကို မနာယူဘဲ မိဘသဘောမတူနိုင်သည့် မိန်းမကို လက်ထပ်လိုက်သည့် အတွက် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ ရပ်စဲလိုက်ပြီဖြစ်ကြောင်း . . . အင်း . . . လူငယ်တွေ . . . တယ်လဲ ခက်ပါကလားကွာ"

"မိန်းမယူတာဘဲဟာ . . . ခက်ရမှာလားကွ . . ."

"မင်း နားမလည်ပါဘူးကွာ. . ."

"ဒါဖြင့် ရှင်းပြစမ်းပါအုံး . . . လူငယ်တွေဟာ ဘယ်နေရာမှာ ခက်နေလဲ . . ."

"ကိုယ့်ကိုယ်ကိုယ် နားလည်လှပြီလို့ ထင်တဲ့ နေရာမှာ ခက်နေတာပေါ့ကွ။ အထူးသဖြင့် အိမ်ထောင်ရေး ကိစ္စတွေကို ငယ်ငယ်ရွယ်ရွယ်နဲ့ စဉ်းစားတယ်။ ဒီလိုကိစ္စတွေမှာ အထူးသဖြင့် လူကြီးတွေကို ကလန်ကဆန် လုပ်တတ်ကြတယ်။ အဲဒါတွေ လွဲနေတာပေါ့ကွ . . ."

တင်ဆွေသည် ကော်ဖီတစ်ကျိုက်သောက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်းပြောတာ မှန်တယ် . . . ငါ့သဘောအရ ပြောရမယ်ဆိုရင် ကိုယ်ကြိုက်တဲ့ မိန်းခလေးတစ်ယောက် ကောက်ယူလိုက် ဒါကိုမှ မိဘက သဘောမတူဘူးဆိုရင် သူတို့ သဘောတူတဲ့ မိန်းခလေး တစ်ယောက်ကို ထပ်ယူလိုက်၊ ကိုယ်မနာ သူမနာပေါ့ကွာ"

"တော်စမ်းပါကွာ . . . စကားကောင်းပြောရင် မင်းက ဖောက်ပြီ . . ."

"ရယ်စရာ ပြောမိတာပါကွာ . . ."

"အမှန်တော့ . . . လူကြီးတွေလဲသဘောတူ . . . ကိုယ်ကလဲ နှစ်သက်မယ်ဆိုရင် အကောင်းဆုံးပေါ့ကွာ . . . ဒါကြောင့် အမှာကို ငါ့ဘကြီး သဘောတူစေချင်နေတာ. . ."

"မင်းက ဘယ်က ကုလားမကြီးနဲ့ ကြိုက်နေတာလဲ. . ."

တင်ဆွေ၏စကားကြောင့် ဘသက် အောင့်သက်သက် ဖြစ်သွားလေ၏။

"တယ်ဂွကျတဲ့ ကောင်ဘဲ" ရင်းနှီးတဲ့လူတွေက သူ့ကို မာလို့ ခေါ်တယ် . . . ပေါ်ရာဏာ စကားပေါ့ကွာ၊ မာ . . . ဆိုတာ ကျောက်မျက် ရတနာကိုးကွ . . . သူ့ကိုလဲ ကျောက်မျက်ရတနာ ကလေးလို တန်ဘိုးထားလွန်းလို့ မာ . . . လို့ ခေါ်ကြတာ ပေါ့. . ."

"ချစ်လွန်းလို့ မာ . . . လို့ ခေါ်ကြသတဲ့လား။ ကဲ . . . ငါလဲ ခေါ်ကြည့်အုံးမယ်။ မာ . . .။ ခံတွင်းလိုက်သားဘဲ။ မာ . . . မာ . . . အရေး အမာ မဆလာ တစ်ထုပ်လောက် ပေးစမ်းပါ. . ."





"ဟေ့. . . တင်ဆွေ။ တစ်ခြားဟာ နောက်ချင်နောက်ကွာ။ မာ့ကိုတော့ မနောက်ပါနဲ့။ ငါမကြိုက်ဖူးကွ. . ."

ဘသက်က တကယ်မကြိုက်သည့် လေသံဖြင့် ပြောသဖြင့်။ တင်ဆွေမှာလည်း မျက်နှာပိုးသတ်လိုက်ရ လေတော့သည်။

"ကဲ . . . မင်းမကြိုက်လဲ ငါမနောက်တော့ပါဘူး . . . ဒါထက် မင်းတို့ချင်း ဘယ်လိုတွေ့ကြတာလဲ. . ."

တင်ဆွေက မေးလိုက်သောအခါ၊ ဘသက်၏ စိတ်သည် **အတွေးတောင်ပံကိုဖြန့်ရင်း အတိတ်ဆီသို့ ဝေ့၍ဝေ့၍ ပျံသွားမိရာက တစ်ခွန်းချင်း နောက်ကြောင်း ပြန်ပြောလေတော့၏။**

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

ကျောင်းပိတ်ရက်ကလေး တော်တော်များများ ရရှိသော အချိန်တစ်ချိန်တွင်၊ ဘသက်သည် ပဲခူးမှ သူ၏သူငယ်ချင်း ကိုမိုးက အလည်အပတ်ခေါ်သဖြင့် ပဲခူးသို့ ရောက်ရှိခဲ့ရလေသည်။

ပဲခူးမြို့ရှိ ဘုရားများ လှည့်လည်ဖူးမျှော်ကြလေရာ၊ ဘုရားတစ်ဆူတွင် မာမာမြင့်နှင့် သူ၏အစ်မဝမ်းကွဲ မခင်ရီ၊ မခင်ရီ၏မောင်လေးတို့နှင့် ဆုံစည်းမိကြလေ၏။

"ရေစက်ဆိုတာ တော်တော့်လူ ရေမချိုးရဘူး . . . မြူနီစပယ်ကဖမ်းတယ်" ဟု လူပြက်များ ဆိုရိုးစကား ထားခဲ့သည့် အတိုင်းပင် ဘဝကရေစက်ဟုပင် လွှဲချရပေတော့မည်။ ဘသက်ကား . . . မာမာမြင့်ကို မြင်မြင်ခြင်း နှစ်သက်ခုံမင်မိတော့သည်။





ထို့ကြောင့်ပင် မာမာမြင့်တို့နှင့် မလှမ်းမကမ်းကပင် ဘသက်တို့လည်း ဘုရားဝတ်ပြုကြ၏။ သို့သော် . . မျက်စိမှာ မာမာမြင့်ဆီသို့ချည်း မကြာခဏ ရောက်နေလေရာ၊ ဘုရားရှိခိုး ပြီးသွားသော မာမာမြင့်က လှည့်အကြည့်လိုက်တွင် မျက်စိချင်း ဆုံမိကြ၏။

မျက်စိများမှာ မာမာမြင့်နှင့်သာ မကြာခဏ ဆုံနေ ကြသည်မဟုတ် မခင်ရီနှင့်လည်း ကြားဖေါက်ဝင်၍ ဆုံတတ်သေးရာ၊ မခင်ရီ၏ 'အကြည့်'သည် 'မျက်စောင်း'အသွင်သို့ မြွေရေလဲသွား တတ်ချေသည်။

မခင်ရီ၏ မိတ်ဆွေမဆန်လှသော မျက်စောင်းကြီးကြောင့် ဘသက်တို့လည်း ဘုရားကို ပုဆိန်ပေါက်ဦးချ၍၊ ဖိနပ်များ ကောက်ဆွဲလာကာ ခပ်သုတ်သုတ် ထွက်လာခဲ့ ကြလေ၏။

"ဒီမှာရှင့် . . . ဒီမှာ"

နောက်မှ မခင်ရီ၏ အသံ ထွက်ပေါ်လာလေရာ၊ ကိုယ့်လိပ်ပြာကိုယ်မလုံဖြစ်နေသော ကိုမိုးသည် လန့်၍ ထွက်ပြေးမိမယောင် ပြုလေရာ၊ လက်မြန်သော ဘသက်က လှမ်းဆွဲထားလိုက်ရလေ၏။

ဘသက်သည် ရပ်လိုက်ပြီး နောက်သို့လှည့်လိုက်၏။ မခင်ရီတို့ သုံးယောက်သားလည်း အနားသို့ ရောက်လာကြလျှင် မခင်ရီက လေသံခပ်မာမာနှင့်ပင် ပြောလိုက်သည်။

"ဒီမှာ . . . ဒီမှာ. . . "

ဘသက်က ဘေးဆီသို့ လှည့်ပတ်ကြည့်လိုက်၏။

"ဘယ်မှာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲရှင့် – ရှင့်ကို ခေါ်တာ"

"အော် ဒါဖြင့်လဲ တစ်ခုတော့ ပြောပါရစေ။ ခင်ဗျား သိထား မှာက ကျွန်တော့်နံမယ်ဟာ ဒီမှာ မဟုတ်ဖူးဗျ"

"အော် . . . ဟုတ်လား၊ ဒါဖြင့် ရှင့်နံမယ်က ဘယ်မှာတုံး"

တစ်ယောက်နှင့် တစ်ယောက် မြင်မြင်ခြင်း ငေါ့နေကြလေ ကြားမှ ကိုမိုးကဝင်၍ ပျာယီးပျာယာနှင့်ပင် အနီးရှိ 'ဦးလှမော ဒေါ်စောခင်တို့၏ ကော်င်းမှု'ဟူသော စာတမ်းကိုကောက်၍ လက်ညှိုးန ထိုးလိုက်မိလေ၏။ ကိုမိုး၏ လက်ညှိုးညွှန်ရာသို့ မခင်ရီကလည် ယောင်ပေါင်၍ လိုက်ကြည့်မိသောအခါ။ အနားမှ ဟာမာမြင့်ပင်လျှ 'ခွီ'ကနဲ ရယ်မိလေတော့သည်။

ဘသက်သည် ကိုမိုးသူ၏ လက်ကို ပုတ်ချ လိုက်ပြီး–

"ကျွန်တော် နံမယ်က ဘသက်ပါ။ သူက ကိုမိုးတဲ့။ ခင်ဗျား နံမယ်တွေကရော"

"အောင်မယ် . . . ကျွန်မတို့နံမယ် ပြောချင်လို့ လိုက်လ တယ်များ မှတ်သလား. . ."

"ဟင် . . . ဒါဖြင့် ဘာလုပ်ဖို့ လိုက်လာကြတာလဲဗျာ ကိစ္စရှိလဲ ဟိုနေရာကဘဲ လက်ခုပ်တီးပြီး ခေါ်လိုက်ရောပေါ့"

"အောင်မယ် . . . လူတွေကိုက သုံးဘီးကား မောင်းနေ ထင်တယ်။ ဒီမှာ ရှင်တို့ရုပ်ရည်နဲ့ ဒီလို လုပ်တာ ကောင်းရဲ့လားရှင့်





"ဗျာ . . . ကျွန်တော်တို့ ဘာလုပ်ရသေးလို့လဲ။ ခုမှ ကြံစည်ကာရှိသေး. . ."

"ဘာတွေလျှောက်ပြောနေရတာလဲ။ ရှင်တို့ လက်ထဲက ဖိနပ်တွေလဲ ကြည့်ကြပါ . . . ."

မခင်ရီ၏ စကားကြောင့် ဘသက်နှင့် ကိုမိုးတို့လည်း လက်ထဲ မှ ဖိနပ်များကို ကြည့်မိကြလေရာ၊ ဖိနပ်များမှား၍ ကောက်လာမိခဲ့ကြ သည်ကို တွေ့ရမှ ဖိနပ်များကို ပစ်ချလိုက်ကြလေ၏။

မခင်ရီကလည်း ဘသက်တို့၏ ဖိနပ်များကို ပစ်ချပေးပြီး သက်ဆိုင်ရာ ဖိနပ်များကို ကောက်ယူ ထွက်သွားလေရာ မာမာမြင့်မှာ ပြုံးစနဲ့နဲ့နှင့် ပါသွားလေ၏။

ကိုမိုးသည် မခင်ရီ ပစ်ချသွားသော ဖိနပ်များ ကောက်ယူ လိုက်ရင်း "ကြံကြံဖန်ဖန် ကြုံရတယ်ဗျာ"ဟု ပြောလိုက်၏။ ဘသက်ကမူ ကိုမိုး၏ စကားကို မကြားဘဲ ကျောက်ရုပ်ကြီးပမာ မာမာမြင့် ထွက်သွား ရာဆီသို့ ရပ်ကြည့်ရင်းက ပြောလိုက်၏။

"ကျွန်တော်တော့ တကယ်သဘောကျနေပြီဗျာ. . ."

"အို . . . ဖိနပ်ကြီးတွေတော့ သဘောမကျပါနဲ့ဗျာ. . ."

"ဟာ ဘယ်ကလာ ဒီဖိနပ်ကြီးတွေကို သဘောကျရမှာလဲဗျ ဘဲ အမျိုးသမီးကလေးကို ပြောတာ။ စာဆိုသာ တွေ့ရရင် ဒီနေရာမှာ ကဗျာတစ်ပုဒ်ပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . စာဆိုတစ်ယောက်ယောက်သာ တွေ့မယ်ဆိုရင် မင်းပြောသလို ကဗျာတစ်ပုဒ်ပါ။ ခုတော့ မင်းနဲ့ ငါနဲ့သာ သူ့ကို လာတွေ့တာဆိုတော့ ကံကောင်းလို့ ပဿာတစ်သုတ် ဖြစ်မသွားတယ် . . ."

ဤသို့ဖြင့် ဘသက်တို့သည် မာမာမြင့်တို့ နောက်မှ နောက်ယောင်ခံ လိုက်သွားကြရာမှ သူတို့ အိမ်နားတွင်ပင် တည်းခိုကြောင်း သိရ၏။ သူတို့အိမ်နားမှ လူများသည်လည်း ပြောင်းလာသည်မှာ မကြာသေးသဖြင့် ကိုမိုးမသိခြင်းပင် ဖြစ်ပေသည်။

ထို့နောက် ကိုမိုး၏ စုံစမ်းမှုကြောင့် မာမာမြင့်သည် ရန်ကုန်မှ လာရောက် လည်ပတ်ခြင်းဖြစ်ကြောင်းကို သိရရုံမက၊ ပြန်မည့်နေ့ရက်ကိုပါ သိရသဖြင့် အပြန်တွင် တစ်တွဲတည်း ဖြစ်အောင်ကိုပင် စီမံနိုင်ကြလေတော့သည်။

ဤသို့ဖြင့် ရန်ကုန်သို့ ပြန်ကြသောအခါ ရထားတွဲ တစ်တွဲထဲတွင် မခင်ရီနှင့် မာမာမြင့်တို့က တစ်စုံတွဲ၊ မလှမ်းမကမ်းမှ ကိုမိုးနှင့် ဘသက်တို့က တစ်စုံတွဲ ပါလာကြလေတော့သည်။

ဘသက်သည် မကြာခဏ မာမာမြင့်ဆီသို့ ကြည့်တတ်ပေရာ မာမာမြင့်က လှည့်အကြည့်နှင့် ဆုံဆည်း မိသောအခါများတွင် များစွာ ကျေနပ်မိလေတော့သည်။ ဘသက်၏ဘေးနားမှ ကိုမိုးမှာလည်း မကြာခဏ မျက်စောင်းထိုးတတ်သော မခင်ရီကို တထိတ်ထိတ် တလန့်လန့်နှင့် ကြည့်နေမိရာမှ၊ လက်ဝါးကြီးဖြန့်ပြီး ကျန်လက်ကိုတစ်ဖက်က ဘသက်ကို ကုတ်၍ တစ်စုံတစ်ခု တောင်းလေသည်။





သူ့ကိုလာ၍ လက်ကုတ်သည် ဖြစ်သောကြောင့် ဘသက်က ငုံ့ကြည့်လိုက်ရာ၊ ဖြန့်၍ထားသော ကိုမိုး၏ လက်ဝါးကြီးကို တွေ့သဖြင့် . . .

"ဘာလဲဗျ . . ."

"ဟိုဟာလေ . . . မျက်စောင်းကြီး ပေးစမ်းပါ. . ."

"ဘယ်က မျက်စောင်းကြီးပေးရမှာလဲ. . ."

ဤတွင်မှ ကိုမိုးသည် စကားမှားသွားသည်ကို ဂရုပြုမိပြီး မျက်လုံးကိုလည်း မခင်ရီဘက်ဆီမှ ဘသက်ဘက်သို့ ရွှေ့လိုက်ရလေ၏။

"မှားသွားလို့ပါကွာ . . . စီးကရက် ပေးစမ်းပါ. . ."

မကြာမီ ဘသက်သည် သတင်းစာ ဖတ်နေလေ၏။ ကိုမိုးကား မာမာမြင့်တို့ဘက်ဆီသို့ချည်း မျက်စိကစားကစား သွားလေရာ တစ်ချိန်တွင် မခင်ရီလှည့် အကြည့်နှင့် ဆုံမိလေတော့ရာ လိပ်ပြာလွင့်သွားတော့မလောက် ကြောက်သွားပြီး ယောင်ပေါင်ကာ မျက်နှာချင်းဆိုင်မှထိုင်နေသော လူကြီး၏ ပါးစပ်မှ ဆေးပြင်းလိပ်ကို ဆွဲ၍ ဖြုတ်လိုက်မိလေ၏။

ထိုလူကြီးမှာလည်း စာဖတ်နေရာမှ ပျာပျာသလဲပင် ကိုမိုး၏ လက်ထဲမှ သူ၏ဆေးပြင်းလိပ်ကလေးကို ပြန်လု၏။ ထို့နောက် ကိုမိုးကို မော့ကြည့်ပြီး မေးလိုက်၏။

"ဟေ့ . . . ဒါဘာလုပ်တာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးသည် သူ၏ပါးစပ်မှ စီးကရက်ကို ဖြုတ်၍ တောင်းပန်ရလေတော့သည်။

"စိတ်မဆိုးပါနဲ့ခင်ဗျာ . . . ဦးရဲ့ပါးစပ်ကို ကျွန်တော်ရဲ့ ပါးစပ်မှတ်သွားလို့ပါ. . ."

"ဘယ့်နှယ်ကွ . . . သူများပါးစပ်ကို ကိုယ့်ပါးစပ် မှတ်တယ်လို့ ကြားကြားဆူးပေါင်ကွာ . . ."

"ကျွန်တော်က ယောင်တတ်တယ်ခင်ဗျ . . ."

"အေး . . . အေး. . . ယောင်တတ်ရင်လဲ သတိနဲ့နေကွ တော်တော်ကြာ သူများလက်ပတ်နာရီကို ကိုယ့်နာရီမှတ်ပြီး သွားဖြုတ်နေမိလို့ အရိုက်ခံ နေရအုံးမယ်. . ."

လူကြီး၏စကားကြောင့် ကိုမိုးနှင့် ဘသက်တို့ နှစ်ယောက်စလုံး ပြုံးတူရယ်မိကြလေတော့သည်။

ထိုခဏတွင်ပင် မခင်ရီသည် နောက်ဖေးထွက်လေရာ မာမာမြင့်တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ၏။ ထိုအကွက်ကို ကိုမိုး သတိပြုမိလေတော့သည်။ ဘသက်ကို ညွှန်ပြသဖြင့် ဘသက်လည်း ပတ်ဝန်းကျင်ကို အကဲခတ်ပြီး ထားသွားလေ၏။ မာမာမြင့်တို့၏ ရှေ့မှ အဒေါ်ကြီးသည် အိပ်ပျော်နေလေရာ ဘသက်သည် မာမာမြင့်ကို လွတ်လွတ်လပ်လပ် စကားပြောနိုင်လေသည်။

"ကျွန်တော် မြင်ဘူးသလိုလိုရှိလို့ နာမည်လေး တစ်ဆိတ် မသိရဘူးလား. . ."





"မာမာမြင့်လို့ ခေါ်ပါတယ်. . ."

"ကျေးဇူးတင်ပါတယ် . . . ကျွန်တော့်နာမည်က ဘသက်ပါ . . . ဒါထက် ရန်ကုန်ကဘဲနော်. . ."

"ဟုတ်ကဲ့. . ."

ဘသက်သည် အိတ်ထဲမှ စာရွက်ကလေးတစ်ခု ထုတ်ပေးရင်း ပြော၏။

"ရန်ကုန်ပြန်ရောက်ရင် လာလည်နိုင်အောင် လိပ်စာလေး ရေးပေးပါလား . . . မိတ်ဆွေ အရင်းအချာတွေလိုလဲ သဘောထားပါနော်. . ."

မာမာမြင့်သည် ဘသက်တို့ကို ပဲခူးမှာထဲကပင် လူကောင်းများဟု အကဲခတ်မိလေရကား တောင်းလာသော လိပ်စာကိုပင် အလွယ်တကူပင် ရေးပေးလိုက်လေသည်။ ဘသက်သည် မာမာမြင့်ဆီမှ လိပ်စာရခဲ့ပြီ ဖြစ်သော်လည်း ချက်ခြင်း ပြန်ထွက်ခွာ မလာသေးဘဲ၊ စကားဆက် ပြောနေသေး၏။

"မာကတော့ ကျွန်တော့်ကို ဘာထင်မလဲ မသိဘူး၊ ကျွန်တော်ကတော့ မြင်မြင်ခြင်း စိတ်ဝင်စားမိလို့ပါ. . ."

ထိုအခိုက်တွင် မခင်ရီသည် ပြန်ရောက်လာပြီ ဖြစ်သဖြင့်

"အလို . . . ဒါက ဘာကိစ္စတုန်း"

"အော် . . . ဟိုဟာပါ . . . ဘမ်း. . . ဘမ်း "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗမ်းလဲ . . . လဘက်ရည် ဘယ်သူသောက်လို့လဲ"

"အို လဘက်ရည်ပို့တဲ့ ဝန်းကို ပြောတာမဟုတ်ပါဘူး။ ကျွန်တော်က ဘမ်းပရုပ်ဆီ ပါသလားလို့ လာမေးတာပါ. . ."

"ဒါထက် စောစောက စိတ်ဝင်စားတယ် ဘာတယ်နဲ့ ပြောသံ ကြားပါတယ်။ ပရုပ်ဆီကို ဆိတ်က ဝင်စားပါ့မလား . . . ပိန္နဲရွက်မှ စားမှာပေါ့ . . ."

"အို ဒါက ဒီလိုပါ . . . ဒီက ညီမက ပရုပ်ဆီတွေ ဘာတွေ စိတ်ဝင်စားမှုရှိ မရှိ သိချင်လို့ မေးတာပါ. . ."

"တော်ပါ . . . ရှုပ်ရှုပ်ရှက်ရှက် ဘာပရုပ်ဆီမှ မရှိပါဘူး"

မခင်ရီ ဘာပြောပြော ဘသက်ကား အောင်မြင်စွာနှင့် တပ်ခေါက်ပြန်လာခဲ့လေပြီ။ ကိုမိုးနား ဝင်ထိုင်မိလိုက်သည်နှင့် တစ်ပြိုင်နက် အပြစ်တင်လိုက်၏။

"တော်တော်ဆိုးတဲ့လူဗျာ၊ သူ့အမကြီး ပြန်လာတာ သတိမထားပေးဘူး"

"ဟ . . . ကျွန်တော်လဲ သတင်းစာ ဖတ်နေမိတာနဲ့ မတွေ့လိုက်လို့ပါဗျာ. . ."

ဤတွင် မျက်နှာချင်းဆိုင်မှ လူကြီးက ဝင်ပြောလိုက် လေ၏။

"မတွေ့လိုက်လို့ပေါ့။ တွေ့လိုက်ရင် ဒီတစ်ခါတော့ ငါ့သွား တွေပါ ဆွဲနှုတ်မယ် ထင်တယ်ဟေ့. . ."





ဘသက်နှင့် ကိုမိုးတို့ နှစ်ယောက်စလုံး ရယ်မိကြ လေ၏။

"အဲဒီနောက် . . . ရန်ကုန်ရောက်တော့ သူ့အိမ် သွားလည်ရင်း ငါက ဖွင့်ပြောတော့ မငြင်းဘူး ဆိုပါတော့ကွာ. . ."

ဘသက်သည် သူ၏ဇာတ်လမ်းကို အဆုံးသတ်လိုက် လေ၏။

"အေး . . . မင်းတို့၏ဇာတ်လမ်းက နားထောင် ကောင်းတယ်ကွာ။ ငါ့ဇာတ်လမ်းတော့ ဘယ်မှာ အဆုံးသတ် မယ်မသိဘူး . . ."

"ဟင် . . . မင်းဇာတ်လမ်းတာ စပြီးပြီလား . . ."

"အော် . . . မစရသေးလို့ ဘယ်လို အဆုံးသတ်မယ် မသိဘူးလို့ ပြောတာပေါ့ကွ . . ."

"တော်တော်ရှုပ်တဲ့ တင်ဆွေဘဲ၊ ဒါထက်ကွာ . . . မာမာမြင့်ကို စာလေးတစ်စောင် သွားပေးပေးစမ်းပါ။ ငါ ကျောင်းသွား ရောရှိလို့ သူနဲ့တွေ့ဘို့ ချိန်းတာပါကွာ. . ."

"ဘယ်သွားရမှာလဲ . . ."

"ညနေကျရင် ဟို . . . လမ်းဆုံမှာ စောင့်နေကွာ။ မာမာမြင့်တို့ လာတော့ ပေးလိုက်ပေါ့။ မင့်ကို ငါ အိမ်ပြ ထားဘူးတယ် မဟုတ်လား . . . အဲဒီနားကို မာမာမြင့်တို့ ပြန်လာမှာပါ။

ဘသက်သည် ကျောင်းသွားစရာရှိ၍ ထွက်သွားလေ၏။ တင်ဆွေမှာ ဘသက် ထွက်သွားပြီးမှ မာမာမြင့်ကို ဖြူသလား မဲသလား



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘူးကြောင်း အမှတ်ရ၏။ သို့သော် အရေးမကြီးဟု သူထင်၏။ မာမာမြင့်တို့ အိမ်နားမှ စောင့်မည် ဖြစ်ရာ ဤအိမ်ဆီ သို့လာသော မိန်းခလေးကို မာမာမြင့် ဟုတ်မဟုတ် မေး၍ပေးက ဖြစ်နိုင်သည် မဟုတ်ပါလော။

ထို့ကြောင့်ပင် ညနေ လေးနာရီကျော်ကျော် လောက်တွင် မာမာမြင့်တို့ အိမ်အနီးရှိ လမ်းဆုံတွင် တင်ဆွေ စောင့်နေသည်ကို တွေ့ရလေသည်။

မကြာမီပင် မာမာနှင့် သူငယ်ချင်း၊ စုစုတို့ လမ်းလျှောက်၍ လာကြလေသည်။ တင်ဆွေကား စုစုကို ကြည့်ကာ . . . မာမာမြင့်ဟု စိတ်ထဲက သေချာလိုက် လေ၏။

"ဒီမှာ. . . ဒီမှာ. . ."

မာမာမြင့်တို့ လမ်းလျှောက်ခြင်းကို ပြိုင်တူရပ်လိုက် ကြ၏။ တင်ဆွေက သူ့ကိုကြည့်ရင်း ပြောသည်ဖြစ်သော ကြောင့် စုစုက ပြန်၍ ခပ်မာမာပင် မေးလိုက်၏။

"ဘာလဲရှင့် . . . ရှင်က . . . ဘယ်သူလဲ"

"ခင်ဗျား ရည်စား . . . "

"ဟင် . . . ဘာပြောတယ် . . ."

"အို . . . အထင်မလွဲပါနဲ့ဗျာ။ ခင်ဗျားရည်းစားက မှာလိုက်တယ်လို့ ပြောမလို့ပါ. . ."

"ဘာ . . . ကျွန်မ ရည်းစားလဲ . . . ကျွန်မမှာ ဘာရည်းစားမှ မရှိဘူး. . ."





"ရှိပါတယ်လေ . . . စဉ်းစားကြည့်ပါအုံး၊ မေ့နေလို့ ဖြစ်ပါလိမ့်မယ်။ စဉ်းစားကြည့်ရင် တစ်ယောက် တစ်လေတော့ ပေါ်လာမှာပါ . . ."

"ရှင်သေချင်သလား . . . ဟင် . . ."

စုစုသည် အတော် ဒေါသထွက်ပုံ ပေါ်နေ၏။ မာမာမြင့်မှာလည်း အူကြောင်ကြောင်ဖြစ်၍ ငေးနေသည်။ တင်ဆွေမှာ ဝှကျသွားပုံဖြင့် ကမန်းကတန်း ပြောလိုက်၏။

"နေပါအုံး ခင်ဗျား နာမည် ဘယ်သူလဲ. . ."

"ဘယ်သူဖြစ်ဖြစ် ရှင့်အပူလား"

"ခင်ဗျား မာမာမြင့် မဟုတ်ဘူးလား "

ဤတွင် မာမာမြင့်က ဝင်၍ ပြောလေတော့သည်။

"မာမာမြင့် ဆိုတာ မာဘဲ။ ဘာအကြောင်းရှိလို့လဲ ဟင်"

အော် ဒီလိုပါ။ ကျွန်တော်က ဘသက်ရဲ့ သူငယ်ချင်းပါ။ သူ အရေးတကြီး ကိစ္စရှိနေတာနဲ့ ကျွန်တော်ကို စာပေးခိုင်း လိုက်ပါတယ်။

"အော် . . . ကိုဘသက်က စာပေးခိုင်းလိုက် လို့လား"

ဤတွင်မှ အဆင်ပြေသွားပြီး တင်ဆွေလည်း ဘေးမသီ ရန်မခဘဲ မာမာမြင့်ထံ စာပေးပို့ရခြင်း ကိစ္စကို ဆောင်ရွက်နိုင်လေတော့သည်။ စုစုကို*ဝမ်းထဲမှ အကြီးအကျယ် သဘောကျ၍ချခြင်းလည်း ဤတွင်ပင် အစပျိုးခဲ့လေ၏။*

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

( ၄ )

တင်ဆွေအဖို့ ပျင်းခြောက်ခြောက် ဖြစ်လှသော နေ့တစ်နေ့ ဖြစ်သည်။

ဘသက်ကလည်း ကျောင်းသွားနေသဖြင့် တင်ဆွေသည် ပျင်းပျင်းနှင့် တစ်ဖက်ခန်း ဓါတ်ပုံဆိုင်ဘက် သို့ ကူးသွားလေသည်။ တင်ဆွေ ယခုနေသော ဘသက်၏ အိမ်မှာ သုံးထပ်ဖြစ်၍ သူတို့အထပ်မှာ ဒုတိယထပ် ဖြစ်လေသည်။

နက်ဂတစ်ပြားကို ဆေးတို့နေသော ဓါတ်ပုံဆရာသည် တင်ဆွေကို မော့ကြည့်လိုက်၏။

"ဟာ ကိုတင်ဆွေကြီးပါလား ဘယ်မှ မသွားဘူးလား"





"ဟာဗျာ ဘယ်မှမသွားချင်ပါဘူး။ ကျွန်တော် လောကကြီးကို စိတ်နာတယ်ဗျာ"

"လောကကြီးက ခင်ဗျားကို ဘယ့်နှယ် လုပ်သွားလို့လဲ"

"လောကကြီးဆိုတာ လူတွေကိုပြောဒါဗျ။ ကျွန်တော်တော့ လူတွေကို သိပ်စိတ်နာတာဘဲ။ ဒါကြောင့်လဲ ခွေးတွေနဲ့ လုည့်ပေါင်းမလို့ ကြံနေတယ်"

သူ့စကားကို ရူးမိုက် နားထောင်နေသော ဓါတ်ပုံ ဆရာသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့သည်။

"ခင်ဗျားစကားက ဘာလဲဗျ . . . ကျွန်တော့်ကို ခွေးနဲ့ နှိုင်းတာလား။ ခင်ဗျား မစော်ကားနဲ့နော် . . ."

"ဟာ . . . စိတ်မဆိုးပါနဲ့ဗျာ၊ ခင်ဗျားကို ပြောတာ မဟုတ်ပါဘူး။ လူတွေဟာလေ . . . တကယ်ပါဗျ . . . လူတစ်ယောက်ကို အထင်သေးရမယ်ဆိုရင် ဘာမှန်းမသိ ညာမှန်းမသိနဲ့ အရမ်း အထင်သေးပစ်လိုက်ကြ တာဘဲ . . ."

ဓါတ်ပုံဆရာသည် နက်ဂတစ်ပြားကလေးကို ထားခဲ့ ပြီး ဆေးပေါ့လိပ်ကို ကောက်ညှိ့ကာ တင်ဆွေနှင့် ကျကျနန စကားထိုင် ပြောလေ၏။

"ခင်ဗျားကို ဘယ်သူက အထင်သေး လွှတ်လိုက် လို့လဲ . . ."

"ကျွန်တော် သေသေချာချာ ပြောပြမယ်။ ပန်းချီပညာ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ယေ်ယေ်ကလေးက လေ့လာလာတာ၊ ကျွန်တော်ဟာ လူကိုကြည့်ရင် ပန်းချီမျက်စိနဲ့ဘဲ ကြည့်တတ်တယ်။ ဒါကြောင့် ကျွန်တော်လူကို ကြည့်ပြီဆိုရင် တွေ့တာဘဲ. . ."

တင်ဆွေ၏ စကားကြောင့် ဓါတ်ပုံဆရာမှာ မျက်လုံးကလေးများ ပေကလပ်ပေကလပ် ဖြစ်သွားလေ၏။

"ဘယ့်နှယ် . . . ဘယ့်နှယ်. . ."

"ကျွန်တော် လူကိုကြည့်ပြီဆိုရင် တွေ့တာဘဲဗျ. . ."

"ကျွန်တော်တို့လဲ တွေ့တာပေါ့ဗျ၊ ကြောင်တောင်ကန်းမှ မဟုတ်တာ. . ."

"ခင်ဗျားတို့ကို တွေ့တယ်ဆိုတာက မြင်တာကို ပြောတာ"

"နို့ . . . ခင်ဗျားတွေ့တာက ကြားတာကိုပြောတာလား"

"ဘယ်က ဟုတ်ရမှာလဲဗျ . . . ကျွန်တော် တွေ့တယ် ဆိုတာက ပန်းချီဆွဲစရာ လုပတဲ့အကွက်ကိုမှ ရွေးပြီးတွေ့တတ်တာ ပြောတာ ရှင်းပလား. . ."

ဓါတ်ပုံဆရာသည် မတ်တပ်ရပ်လိုက်၏။

"ရှင်းပါပြီဗျာ . . . ဒါထက် ကျွန်တော့် လက်ထောက်မလာလို့ ကျွန်တော်တစ်ယောက်ထဲ ဖြစ်နေတယ်၊ ဆိုင်ကို ခဏလေး ကြည့်ထားပေးစမ်းပါဗျာ၊ လဖက်ရည်ကလေး ဆင်းသောက်ချင်လို့၊ သိပ်မကြာပါဘူး. . ."





"ကောင်းပါပြီဗျာ . . . ကြည့်ထားလိုက်ပါ့မယ်. . ."

ဓါတ်ပုံဆရာအပြင်ဖက်ထွက်သွားသောအခါ၊ တင်ဆွေသည် စားပွဲပေါ်မှ သတင်းစာကိုကောက်၍ ဖတ်နေလေ၏။

ထိုနောက်တွင် အသက် ၂၀ ခန့် ခေါင်းဘီးရှည်နှင့် လူတစ်ယောက် ဝင်ရောက်လာလေ၏။ တင်ဆွေသည် ထို လူရွယ်ကို မှာမျှသလဲပင် ညှော်ဝတ်ပြုလိုက်လေသည်။

"လာပါ . . . လာပါ . . ."

"ကျွန်တော် ဓါတ်ပုံရိုက်ချင်လို့ . . ."

"ရိုက်လေ . . . ကောင်းသားဘဲ"

လူရွယ်သည် ဆွဲချိတ်ထားသော ဓါတ်ပုံများကို လျှောက်ကြည့်နေ၏။ တင်ဆွေသည် ဓါတ်ကို လက်တည့်စမ်း၍ ရိုက်ကြည့်ချင်သဖြင့် အူမြူးလာတော့သည်။ ထိုအခိုက် လူရွယ်က ခြောက်လက်မပုံတစ်ခုကို ထောက်ပြ၍ မေး၏။

"ဒီပုံလောက်ဆိုရင် တစ်ပုံ ဘယ်လောက်ကျသလဲ. . ."

"သိပ်မများပါဘူး တစ်ကျပ် ငါးမတ်လောက် ပေါ့. . ."

"သက်သာသားဘဲနော်. . ."

"ဒါတောင် အပြောရှိသေးတယ်၊ ဆစ်ရင် ဒါထက်တောင် သက်သာနိုင်တဲ့ အလားအလာရှိတယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"မဆစ်တော့ပါဘူးဗျာ . . . တစ်ခါထဲရိုက်ပါတော့မယ်"

တင်ဆွေသည် လူရွှယ်ကို ဓါတ်ပုံရိုက်ခန်းထဲသို့ ခေါ်ငင်သွားလေ၏။

"ကဲ . . . ဟိုမှာထိုင်"

လူရွှယ်သည် တင်ဆွေ ညွှန်ပြရာ ထိုင်ခုံကလေး ပေါ်သို့ဝင်၍ ထိုင်ချလိုက်လေ၏။ တင်ဆွေသည် အခန်းထဲရှိ မီးမောင်း မီးပွင့်များအားလုံးကို လူရွှယ်ဘက်သို့ချိန်၍ မီးခလုတ်များကို ဖွင့်လိုက်ရာ လူရွှယ်မှာ မျက်စိများ ကျိန်းသဖြင့် မျက်နှာရှုံ့သွားသည်။ ဤသို့ မျက်နှာရှုံ့သွားသည်ကို တင်ဆွေက မကျေနပ်လှပါချေ။

"ဟေ့ . . . ဓါတ်ပုံ အရိုက်ခံတယ် ဆိုတာ ပြုံးပြုံးကလေးနေမှပေါ့။ ခုတော့ခြေမကို တူနဲ့ထုခံရတာ ကျနေတာဘဲ"

"မျက်နှာပူတယ်ဗျ"

"ဘာမျက်နှာပူစရာလိုသလဲ၊ ကိုယ့်နှမ ရည်းစားလဲ ဒီအခန်းထဲမှာ ရှိတာမှ မဟုတ်ဘဲဟာ"

"မျက်စိတွေ ကျိန်းတယ်ဗျ"

လူရွှယ်က မျက်နှာကို ရှုံ့မဲ့၍ ကျက်သရေရှိစွာ ဖြေကြားလိုက်မှ တင်ဆွေသည် သူ၏မီးပွင့်များကို မော့ကြည့်လိုက်မိ တော့၏။ 'အင်း . . . ဟုတ်ပေသားဘဲ' ဟူသော အတွေးဖြင့် မီးပွင့်များကို ကင်မရာဘက်သို့ တစ်ပွင့်ပြီး တစ်ပွင့် လှည့်လိုက်ပြန်၏။ ထို့နောက်





သူကိုယ်တိုင် ကင်မရာရှေ့မှရပ်ပြီး လူရွှယ်ဆီသို့ လှမ်းမျှော် ကြည့်လိုက်၏။ မီးရောင်များမှာ သူ့မျက်နှာ ကို စွတ်ထိုးနေသဖြင့် ရှေ့ဆီမှလူရွှယ်မှာ ရှိန်းဆာယာဝိုမောက်လို့ ကိုယ်ပျောက်နေသလားမှတ်ရ၏။ တင်ဆွေသည် ဇက်ကလေး အသာစင်း၍ မျက်စိပေါ် လက်ဝါးလေးနှင့်ကာပြီး ကြည့်သည်။

"ဟေ့ . . . မင့်လဲ ငါမမြင်ရပါလား၊ ဘယ်ရောက် သွားတာတုန်း"

"အစ်ကို မမြင်မဲ့သာ မမြင်တာ . . . ရှိပါတယ်ဗျ"

"အေး . . . အသံကြားတော့လဲ ရှိတယ်ဆိုတာ ယုံရတော့မှာပေါ့လေ . . ."

တင်ဆွေသည် မီးအနေအထားများကို ပြန်ပြင်လိုက်၏။ အချို့ကို လူရွှယ်ဘက်ဆီသို့ ထိုး၍ အချို့ကို ပိတ်ထားလိုက်သည်။ မီးလုံးများ ပြင်ဆင်ပြီးသောအခါ ကင်မရာဆီ ပြန်သွား၍ အဝတ်နက်ကြီးခြုံကာ ကင်မရာအရှေ့ဘက် မှန်ဘီလူးထဲသို့ ချောင်းကြည့်လေ၏။

လူရွှယ်သည် တင်ဆွေ လုပ်နေပုံကို အားမရဟန်နှင့် ထလာကာ၊ တင်ဆွေကို နောက်မှနေ၍ ခါးကို တို့လိုက်၏။ ရုတ်တရက် ခါးတို့လိုက်ခြင်းကို ခံရသောအခါ တင်ဆွေသည် ယောင်၍ နောက်ပေါက်ဖြင့် ခနောက်နှင့် ပေါက်လိုက်ရာ လူရွှယ်ခမျာမှာ ကြမ်းပေါ် လိမ့်သွားရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာတို့ရတာလဲကွ . . . မင်းကင်္ဂါကို ဂန့်ဂလာ ချဉ်တတ်မှတ်လို့လား"

လူရွှယ်သည် ရှုံ့မဲ့ ထလာရာက ပြန်ပြောသည်။

"မဟုတ်ပါဘူးဗျ၊ ဟိုအနောက်ဖက်ကနေပြီး ရိုက်ရတယ်လို့ ပြောမလို့ပါ"

တင်ဆွေမှာ ယခုမှ သူ့အမှား သူသတိရသော်လည်း . . . လူရွှယ်၏ရှေ့တွင် သိက္ခာကျမည်ကို စိုးရွံ့သွားသဖြင့် လိမ့်၍ ပြန်ပြောလိုက်လေသည်။

"သိပါတယ်ကွာ . . . ငါကမှန်ဘီလူး ဖုန်သုတ်တာကွ"

လူရွှယ်လည်း ထိုင်ခုံဆီသို့ ပြန်သွားလေတော့၏။ တင်ဆွေလည်း ကင်မရာ နောက်မှနေ၍ အဝတ်ခြုံပြီး ကြည့်လိုက်သည်။ ဓါတ်ပုံရိုက်စက်ထဲတွင် လူရွှယ်၏ပုံမှာ ဇောက်ထိုး ဖြစ်နေ၏။

"ဟာ . . . မင်း . . . အနေအထား မှားနေပြီကွ"

ချက်ခြင်း အဝတ်ခြုံထဲမှ ပြန်ထွက်လာပြီး လူရွှယ် နားကပ်လာကာ လူရွှယ်ကို ကင်းမြီးကောက် ထောင်နိုင်းလေ၏။

ထိုနောက် ဓါတ်ပုံရိုက်စက်ဆီသို့ ပြန်သွားကာ ကြည့်ပြန်၏

"အဲ . . . ခုမှ အနေအထားမှန်သွားတယ်။ ကဲ ပြုံးလကွာ"

"ဟာ . . . ဒီလိုအနေအထားမျိုးနဲ့ ခင်ဗျားဘဲ လာပြုံးစမ်းပါအုံး . . . ဒီမှာဖြင့် ရက်လှုပြီဗျ"





"ဟာ . . . ဘာတွေဖြစ်ကုန်ပြီလဲဗျို့"

အပေါက်ဝမှ ဓါတ်ပုံဆရာသည် ယှုကြုံးမရသည့် အသံဖြင့် ရွတ်ကနဲအော်လိုက်ပြီး ပြေးဝင်လာကာ လူရွှယ်ကို မတ်တတ် တည့်တည့် ပြန်ရပ်ရန် ကူ၍ 'ထောင်' ပေးလိုက်ရ လေသည်။

ဤတွင် တင်ဆွေမှာ မခံမရပ်နိုင်ဖြစ်ရလေ၏။

ဘာလဲဗျ . . . ဘာလာနှောင့်ယှက်တာလဲ"

"ခင်ဗျား . . . ဘာလုပ်အရမ်းတွေ လျှောက်လုပ်ရတာလဲဗျ"

"ခင်ဗျား အနေအထားအကြောင်း နားမလည်လို့ ခင်ဗျား ဓါတ်ပုံတွေဟာ အနုပညာမမြောက်တာပေါ့ဗျ"

ထိုသို့ နှစ်ယောက်သား အယူအဆနှင့် ပတ်သက် ၍ အငြင်းပွားကြတော့မည့် ဆဲဆဲတွင် အပေါက်ဝ၌ အဒေါ်ကြီး တစ်ယောက် ရောက်ရှိလာလေတော့သည်။

"အောင်မယ်လေးဟဲ့ . . . ငါဖြင့် နောက်ယောင်ခံပြီး မေးလိုက်ရတာ။ ခုမှ တွေ့ရတော့တယ်"

လူရွှယ်သည် အဒေါ်ကြီးဆီသို့ ကုပ်ကုပ်ကလေး ချဉ်းကပ်သွား၏။ အဒေါ်ကြီးက တင်ဆွေတို့ကို တောင်းပန် လိုက်သည်။

"စိတ်မရှိပါနဲ့ မောင်တို့ရာ၊ ကျုပ်သားက စိတ်အဟုတ် မဟုတ်ရှာဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးတို့ ပြန်ထွက်သွားသည်နှင့် တင်ဆွေနှင့် ဓါတ်…
ဆရာတို့မှာ တစ်ယောက်မျက်မှာ တစ်ယောက် ကြည့်မိကြတော့သည်…

( ၅ )

ကျောင်းပိတ်ပါသည်ဆိုမှ ဘသက်သည် စောစော နိုးလာသည်။

တင်ဆွေမှာ အိပ်ပျော်နေသေးသည်ဖြစ်၍ ဘသက်သည် တင်ဆွေ မနိုးစေရန် အိပ်ရာမှ ဖြေးညှင်းစွာထလာပြီး မျက်နှာသစ်လိုက်၏။ ထိုနောက် မျက်နှာသုပ်ပဝါကြီးကို တစ်ပိုင်းက ခြုံလျှက် တစ်ပိုင်းဖြင့် မျက်နှာသုတ်ရင်း၊ အိပ်ခန်း ထဲ ပြန်ဝင်လာလေ၏။

ထိုအခိုက် တင်ဆွေမှာ စောင်နှင့် ထွေးလားလုံးလားဖြစ်ပြီး ကုတင်ပေါ်မှ ကျလာ၏။ ပါးစပ်မှလည်း 'ဟော့ . . . အို . . . မလုပ်နဲ့လေ ထားခဲ့ . . . ထားခဲ့'' ဟု အော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘသက်မှာ ကြောင်တက်တက် ဖြစ်သွားပြီး တင်ဆွေကို ကြည့်နေမိသည်။

"ဟော့ . . . ထားခဲ့ပါဆိုမှ . . . ထားခဲ့လေ . . ."

ဘသက်သည် နားမလည်သလို တင်ဆွေကို မေးလိုက်၏။

"ဘာဖြစ်လို့ ထားခဲ့ရမှာလဲကွ။ ဒါ . . . ငါ့မျက်သုတ်ပ ဘဲဟာ . . ."

ဘသက်သည် ပြောပြီးမှ ကြမ်းပြင်ပေါ် ရောက်နေသော တင်ဆွေကို သတိပြုမိ၏။ တင်ဆွေမှာလည်း ကြမ်းပေါ်တွင် ထထိုင်၍ မျက်စိမှင့်ကြည့်ကာ နံအောနံ့ဘီသို့ မျက်စိကစား လိုက်စဉ် ဘသက်က ပြောလိုက်သည်။

"ဟင် . . . မင်းဘာယ့်နှယ်ကြမ်းပြင်ပေါ် ရောက်နေတာလဲ မင်းကိုယ်မင်း ယောင်ပြီး ကန်ချမိပြီထင်တယ် . ."

တင်ဆွေသည် ပြူးတူးပြတဲဖြစ်နေရာမှ ဘသက်အား မေးလိုက်၏။

"ဟော့ . . . ငါဘာဖြစ်နေလဲ"

"ကုတင်ပေါ်မှာ အိပ်ရတာမြင့်လို့ ကြမ်းပြင်ပေါ် ဆင်း၍ အိပ်နေတာလေကွာ"

တင်ဆွေသည် ရှုံ့မဲ့၍ ထလာလေ၏။

"အော် . . . ငါသိပြီကွ။ ငါအိပ်မက်မက် နေတာဘဲ"





"ဟော့ကောင် . . . မင့်လက်ညှိုးလဲ မင်းကိုက် ကြည့်စမ်းပါအုံး၊ အခုဟာ အိပ်မက်မဟုတ်ဖူး၊ တကယ်ကွ"

"အခုဟာတော့ တကယ်ပေါ့။ စောစောက ငါအိပ်မက် မက်နေတာကွ"

"အိပ်မက်က ဘာပြောသွားသလဲ။ မင်းကို ကုတင်ပေါ်က အောက်ကို ဆင်းပြီးအိပ်တဲ့လား"

"မင်းကတော့ လုပ်တော့မယ် . . ."

တင်ဆွေသည် အိပ်မက်ကို ပြန်စဉ်းစားမိသောအခါ မျက်နှာ ညှိုးငယ်သွားလေတော့သည်။

"ငါ့အိပ်မက်က မကောင်းဘူးကွာ"

"ဟ . . . အိပ်မက်ဆိုတာ တကယ်ဖြစ်တာမှ မဟုတ်တာ၊ မကောင်းလဲ အရှုံးမရှိပါဘူးကွ"

ဘသက်က အေးအေးဆေးဆေးရှိသော်လည်း၊ တင်ဆွေမှာ စိတ်ပျော့သူပီပီ အစွဲအလမ်းကြီးသဖြင့် မျက်နှာပျက်နေဆဲပင်ဖြစ်ပြီး ဘသက်ကို ပြန်ပြော၏။

"ငါ့အတွက် မဟုတ်ဘူးနော် . . . ငါ့အိပ်မက်က မင်းဘို့ကွ"

"ငါ့အတွက် အိပ်မက်ကို မင်းကမက်ရအောင် မင်းက အိပ်မက်ကိုယ်စားလှယ်လားကွ"

"ဟော့ . . . ငါက အိပ်မက်ကိုယ်စားလှယ် မဟုတ်ဘူး၊ အိပ်မက်အပေါင်ခံ ကုမ္ပဏီ အုပ်ချုပ်ရေးမှူးကွ"



www.burmeseclassic.com

www.burmeseclassic.com



တင်ဆွေက တကယ့်စိတ်တိုသွားမှန်း သိသဖြင့် ဘသက်က ပြန်၍ချော့၏။

"ကိုင်း ဆိုပါအုံးဆရာကြီး၊ မောင်ရင့်အိပ်မက်ကို ကြားရစေ"

"ငါ့အိပ်မက်က ဒီလိုကွ . . . မင့်အမျိုးသမီးနဲ့ တွဲနေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်မဟုတ်လား . . . နဂိုရ်နေ ရင်စ ကလေးဟာလေ . . ."

"အေးပါကွာ . . . မင်းက စုစုကိုပြောနေတာပါ၊ ဟား ဟား နဂိုရ်နေ ရင်စစကလေးတဲ့ ဟား . . . ဟား . . ."

"ဒါကတော့ကွာ . . . ငါ့မျက်စေ့ထဲ လုလို့ လုတယ် ပြော မင်းက မရယ်ပါနဲ့ကွ၊ အဲ . . . အဲဒီ စုစုက ပန်းခြံထဲမှာ တစ်ယောက် ထိုင်နေတုန်း ငါက အသာကပ်သွားတာကိုး . . ."

"မင်းက ဘာလုပ်မလို့ကပ်သွားတာလဲ . . ."

"ဆွဲကြိုး ဖြုတ်မလို့၊ ကဲ . . . စိတ်တိုလာရော၊ ဘာလုပ် မှာလဲကွ၊ အမျိုးနားကို လူပျိုကပ်တော့ ဘာစကား ပြောရမှာလဲ လူ စကားပြောရမှာပေါ့၊ ဒါကြောင့် ကပ်သွားတာပေါ့ . . ."

"ဒါဖြင့် သူက ပြန်ပြောတာတွေဟာ အပျိုစကားတွေ ဖြစ် ပေါ့ . . ."





"အေး . . . မင်းအခု ဝင်ရှုပ်တာကတော့ အလကား စကားတွေဘဲဟေ့ . . . ဒါနဲ့ အဲ . . . ငါကအနားကပ် သွားတော့ သူကထပြေးတာကိုး၊ ငါကလဲ အတင်းလိုက်တာပေါ့၊ တစ်နေရာလဲ ကျရော ငါကမိပြီဆိုပြီး အားရပါးရ ဖက်လိုက်တာ အောင်မယ်လေး လူမဲမဲကြီး ဖြစ်သွားပါရောကွ . . ."

ဘသက်သည် သဘောကျစွာ ရယ်လိုက်၏။

"အော် . . . အဲဒီ လူမဲမဲကြီးလား ငါ့အတွက်ဆိုတာ . . . ငါက အဲဒါကြီး ဘာလုပ်ရမှာလဲ . . ."

"မဟုတ်ပါဘူးကွ၊ စကားကို ဆုံးအောင် နားထောင်စမ်းပါ။ စုစုအဖြစ်တုန်းကသာ ငါကလိုက်ရတာဟေ့ . . . လူမဲမဲကြီးလဲ ဖြစ်ရော သူကလိုက်ပါလေရော . . ."

"အဲဒါပေါ့ကွ ကာလဝိပါတ် နောက်ပိုးတက်ဆိုတာ၊ မင်းတော့ ချက်ခြင်းကို တူသောအကျိုးပေးတာ . . ."

"ငါလဲ လစ်ရတော့တာပေါ့။ တစ်နေရာကျတော့ မင်းနဲ့ မာမာမြင့်နဲ့ နှစ်ယောက်သား သီချင်းဆိုနေကြတာကိုး၊ မင်းတို့ သီချင်းသံ ကြားတော့ ငါရော ငနဲကြီးရော ရပ်ပြီး နားထောင်ကြတာကိုး၊ သီချင်းလဲ ဆုံးရော ငနဲကြီးက မာမာမြင့်ကို အတင်းဝင် ပွေ့ပြေးတာကိုး။ အဲဒါ ငါက ထားခဲ့ . . . ထားခဲ့လို့ အော်ရင်း နိုးလာတာ . . ."

"ဒါနဲ့များ စိတ်မကောင်းဖြစ်ရသလားကွာ။ အိပ်မက်ထဲမှာ ခေါ်တာဘဲ၊ အပြင်မှာ ခေါ်တာမှမဟုတ်တာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘဲဖြစ်ဖြစ်ကွာ ငါတော့ မင်းတို့အတွက် စိတ်မ ကောင်းဘူး။ ငါကိုယ်တိုင်ကလဲ မင်းကို မှီခိုနေရတာ မဟုတ်လား၊ ဒီတော့ မင်းအတွက် မကောင်းတာကို မဖြစ်စေချင်ဘူး ..."

တင်ဆွေက တကယ်စိတ်မကောင်းသလို မျက်နှာ ကလေး ညှိုးငယ်စွာနှင့် ပြောလေရာ ဘသက်သည် တင်ဆွေ ၏ စေတနာကို လေးစားမိသဖြင့် တင်ဆွေကို နှစ်သိမ့်လိုက် လေသည်။

"အယူမသည်းစမ်းပါနဲ့ တင်ဆွေရာ၊ အိပ်မက်ဆိုတာ သွေးလေ လေတွေဟာ ငါးနဲ့ခုနစ်ဆိုရင်လဲ မက်တတ်တာဘဲ ..."

"ဟော့ ... ငါးနဲ့ ခုနစ်တွေ ဘာတွေ လုပ်မနေပါနဲ့၊ ခြောက်ခြား တယ်ဆိုရင်လဲ ငါနားလည်ပါပြီကွာ ..."

ဘသက်သည် တင်ဆွေ၏ မျက်နှာကိုကြည့်ကာ ရယ်လိုက် လေတော့သည်။

✣ ✣ ✣

( ၆ )

မာမာမြင့်၏ဖခင် ဦးဆောင်းသည် သတင်းစာ ဖတ်နေရာမှ ကော်ဖီခွက်လာရောက်ချသော ဇနီးသည် ဒေါ်ခင်အေးကို လှမ်းပြော လိုက်သည်။

"ဟော့ ... မအေးခင် ထိုင်ပါအုံးကွ၊ မင်းကို ပြောစရာရှိလို့"

ဒေါ်အေးခင်က ကုလားထိုင် တစ်လုံးတွင် ဝင်ရောက် ထိုင်လိုက်၏။

" ဘာများလဲတော့ ..."

စကားပုံတစ်ခု ရှိတယ် မဟုတ်လား၊ ***သမီး တစ်ကောင် နွားတစ်ထောင်*** နဲ့ မလဲနိုင်ဘူးဆိုလား ဘာလား ..."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြီ . . . စကတဲက မဟုတ်တရုတ်ကစပြီး ပြောတော့မယ်၊ ဘာဆိုင်လို့လဲ"

"အေးပါကွာ ထားလိုက်ပါတော့၊ ဒါနဲ့ မင့်သမီးကိစ္စကို မင်းဘယ်လိုစဉ်းစားထားသလဲ . . ."

"ကျုပ်က ဘာစဉ်းစားရမှာလဲ"

"မဟုတ်ဘူးလေ . . . ဒီလိုဘဲလွှတ်ထားလို့ ဖြစ်မလားကွ"

"လွှတ်မထားလို့ ရှင်က ခြံခတ်ပြီးလှောင်ထား ချင်သေးလို့လား . . ."

ဒေါ်အေးခင်၏ စကားကြောင့် ဦးဆောင်းသည် စိတ်တိုလာလေတော့သည်။

"မင်း တော်တော်နားဝေးတဲ့မိန်းမပါလား . . ."

"ဟုတ်ပါတယ် ကျုပ်က နားဝေးတယ် ၊ ရှင်သာ နားချွန်ပူးကပ်နေလို့ "

" စကားကို ကောင်းကောင်းပြောစမ်းပါ ၊ သမီးရဲ့ ရေ့ရေးကို ငါတွေးနေတယ် . . ."

"အို . . . ရေ့ရေးဆိုတာ တွေးလို့ ရပါ့မလား၊ ဗေဒင်လေးဘာလေး ကြည့်တယ်ဆိုရင် ဟုတ်သေးတယ် . . . "

"တော်စမ်းပါကွာ မင့်ဗေဒင်တွေ"





"ဘာဖြစ်လို့ တော်ရမှာလဲ ဗေဒင်က ဟောထားတယ် မဟုတ်လား၊ သမီးလေးဟာ ကတော်ဆယ်ပါးမှာ တစ်ပါး ဖြစ်ရမယ်တဲ့"

"ဘာလဲ . . . နတ်ကတော်လား . . ."

"ဖွဟဲ့ . . . လွဲစေ . . . ဖယ်စေ . . . ရှင်ဟာလေ ပါးစပ်ပုပ်ကြီးနဲ့ တော်တော်ပြောတယ်၊ တစ်နေ့က ဒေါ်စိန်ဥကြီးတို့ လာပြောတဲ့ အဖိုးကြီးနဲ့ ပေးစားလိုက်ရင် သူဌေးကတော် ဖြစ်မှာပေါ့ရှင်"

"တော်စမ်းပါကွာ . . . ငါ့သမီးလေး ငယ်ငယ် ရွယ်ရွယ်ကို ဘာဖြစ်လို့ အဖိုးကြီးနဲ့ ပေးစားရမှာလဲ။ အဲဒီတော့မှ မင့်ဗေဒင်မှန်ပြီး မသာကတော်ဖြစ်နေမှာ"

"ရှင်တို့ ယောကျ်ားတွေဘာမှ နားမလည်ပါဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ မိန်းကလေးအဖို့ အားကိုးရာတာရှင့်။ အားမကိုးလောက်တဲ့ ဟာလေးတွေနဲ့ ပေးစားလိုက်တော့ကော ဘာဖြစ်မလဲ။ ချစ်ဇိမ္မာန်ကြီး ခါနာနိမ်းတာနဲ့ ပြိုကွဲသွားမှာပေါ့ . . ."

"ဟ . . . သေခါနီး အဖိုးကြီးကို ယူရအောင် ဟာလဲ . . . သူ့နာပြုသင်တန်းတက်ချင်လို့ အိမ်ထောင်ပြုတာမှမဟုတ်ဘဲ။ တော်ပါကွာ . . . ငါ့သမီးလေး လူပုံလယ်မှာ လက်ညှိုးထိုးမခံရပါစေနဲ့ . . ."

ဤသို့ဖြင့် သဘောကွဲလွဲမှုမှသည် ကတောက် ကဆတ်ဘဝသို့ ကြီးထွား လာလေရကား ဒေါ်အေးခင်သည် တွေ့ရာ စာအုပ်ကြီးနှင့် ဦးဆောင်းကို ကောက်ပေါက်လိုက်၏။ ဦးဆောင်းကား ခံနေရသည်



www.burmeseclassic.com

www.burmeseclassic.com



ကြားကာပင် ပါးစပ်မှ အပြောမလျော့သေးသဖြင့် ဒေါ်အေးခင်က အနိုင်
တွေးခံကြီးကို ကိုင်၍ ချဉ်းကပ်လာလေ၏။

ထိုအခိုက်တွင် မာမာမြင့် ဝင်ရောက်လာရာ၊ မိဘများ ရန်ဖြ
နေကြသည်ကို တွေ့သဖြင့် ပျာယီးပျာယာနှင့် ဦးဆောင်းကို ဝင်
ဆွဲလေ၏။

"မေမေ ... တော်လေ... မေမေ ... တော် ...
လွန်မယ်..."

"ဟဲ့ ... လုပ်နေသမျှ နင့်အမေဟဲ့။ ဘယ့်နှယ် ငါ့ကိုချည်
တော်နိုင်းနေရတာလဲ။ ဘာလဲ ...နင်ကလဲ ငါမသေမှာ စိုး
သလား"

ဤတွင်မှ မာမာမြင့်သည် သတိပြုမိ၍ ဒေါ်အေးခင်
ဝင်ရောက်ဆွဲ၍ အခန်းအပြင်သို့ ခေါ်ထုတ် သွားရလေတော့သည်။

ဆေးလိပ်မီးညှိပြီး၍ မီးခြစ်ဆန်ကို ပစ်ချလိုက်ကာ၊ ဆေး
ကို တစ်ဖွာနှစ်ဖွာ ဖွာပြီးမှ တင်ဆွေက ပြောလိုက်၏။

"မင်းကတော့ ခပ်အေးအေးဘဲ ...ငါတော့ စိတ်
တယ်ကွာ"

မျက်နှာချင်းဆိုင် နေရာတွင် ထိုင်၍ သတင်းစာ ဖတ်
သော ဘသက်က တင်ဆွေကို ဖျတ်ကနဲ မော့ကြည့် လိုက်လေ
"ဒီကောင်တော့ ခက်နေပါပြီ၊ ငါ အိပ်မက်တွေဘာတွေ အယုံအကြ
မရှိဘူးကွ..."





"မင်းကသာ မယုံနဲ့။ ငါတော့ မင်းအတွက် ပူမိတာဘဲ။
နောက်ပြီး မျက်ခမ်းတွေလဲ လှုပ်တယ်ကွ..."

"ဒါတော့ လေဖြတ်ချင်လို့ ဖြစ်မှာပေါ့..."

"တယ်လေ ...ငါထရိုက်မိတော့မှာဘဲ..."

"ဒေါက် ... ဒေါက် ... ဒေါက်..."

နောက်ဆုံး အသံမှာ ဘသက်က ပြောသောအသံ မဟုတ်ပါ။
တံခါးခေါက်သံသာ ဖြစ်ပါသည်။ တင်ဆွေသည် တံခါးဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာ၏။ မျက်နှာခပ်ပျက်ပျက်နှင့်ပင် တံခါးရွက် နားတွင် ရပ်ပြီး
လက်အုပ်ချီ ကာ တစ်ယောက်ထဲ ဆုတောင်းလိုက်၏။

"ဘုရားသိကြားမ လို့ မြတ်က ဆူစာပူစာ မရောက် ပါစေနဲ့
အစစအရာရာ အဆင်ပြေပါစေ ..."

"ဒေါက် ...ဒေါက် ...ဒေါက်..."

ရုတ်တရက် ကပ်၍ ပြင်းပြင်း ခေါက်လိုက်သဖြင့် တင်ဆွေ
လန့်ပြီး ခုန်လိုက်မိတော့သည်။ ထို့နောက် တံခါး ဆွဲဖွင့်လိုက်၏။ ကုလားမ
ကြီးတစ်ဦးသည် စပ်ဖြီးဖြီးနှင့် ရပ်နေရာမှ တံခါးရွက်ပွင့် အသွားတွင်
အတွင်းသို့ ဝင်ရန် ခြေလှမ်းလိုက်၏။ တင်ဆွေကမူ အပေါက်ဝမှ
ဖယ်မပေးဘဲ စကားပြောလိုက်၏။

"ဒီမှာ... အမား... ဘာဖြစ်လို့ အတင်း ဝင်လာရ
ဘာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလို့ အကို . . ."

"ဘာကိစ္စရှိလဲ . . . အခုပြောပေါ့ . . ."

"ဟိုမှာထိုင်ပြီးမှ ပြောမှာပေါ့ . . ."

"ဘာဆိုင်သလဲဗျ . . . ခင်ဗျားကိစ္စက ဟိုမှာထိုင်ပြီး ပြောမှ ရမှာလား၊ ဒီမှာရပ်ပြီး ပြောလို့ကော မရဘူးလား . . ."

"အို . . . အကိုကလဲ . . . ဟိုမှာထိုင်ပြီးတော့မှ ပြောမယ်လေ . . ."

ပြောပြောဆိုဆိုနှင့် ကုလားမကြီးသည် တင်ဆွေကို အတင်းတိုး၍ ဝင်လေရာ၊ တင်ဆွေက ကုလားမကြီး၏ နောက်မှ ထပ်ကြပ်မကွာ ကပ်၍လိုက်လာ၏။

အထဲရောက်၍ ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်ပြီးသော် ဘသက်ကို ကြည့်၍ "မငွေစိန်"က ပြောလိုက်၏။

"ကျွန်မ . . . အကို့ကို တွေ့ချင်လို့ လာတာပါ . . ."

"ဟော်ဗျ . . ."

ဘသက်မှာ လက်ဦးတွင် ပါးစပ်ဖြ၍ အံ့အားသင့် သွား၏။ ထိုနောက်မှ ဆက်လက်၍ . . .။

"ခင်ဗျားက ကျွန်တော့်ကို ဘာဖြစ်လို့ တွေ့ချင်ရ တာလဲ၊ ကျွန်တော်မဆလာတွေ ဘာတွေလဲ အကြွေးမယူဘူးဘူး၊ ယူခြင်း ယူရင် ဟိုကောင်သာယူမှာ သူက နေ့တိုင်း ဈေးသွားနေကျ . . ."





အို . . . မဟုတ်ဘူးလေ . . . အကို။ ကျွန်မ ဟောဒီ အောက်သွားကို ကျွတ်အောင် လုပ်ချင်လို့ . . ."

ပြောပြောဆိုဆိုနှင့် ကုလားမကြီးသည် ပါးစပ်ဟ၍ အောက်အံ့ကိုပြ၏၊ ကုလားမကြီး၏ စကားဆုံးသော် ဘသက်က ပြောလိုက်သည်။

"အော် . . . ဘာလဲ။ အမာကသွားကျွတ်အောင် အရိုက်ခံချင်လို့ ဒီအခန်းထဲ ဝင်လာတာကိုး . . ."

"မဟုတ်ဖူးလေ။ ကျွန်မသွားနုတ်ချင်လို့ပါ။ အကိုက သွားဆိုက်ဆရာမဟုတ်ဖူးလား . . ."

"ဟာ . . . အမာ အခန်းမှားဝင်လာပြီ"

"ဘာလို့ မှားရမှာလဲ ကိုသက်ရဲ့"

အသံမှာ တံခါးဝမှ ထွက်ပေါ်လာသည် ဖြစ်သောကြောင့်၊ ဗမာနှစ်ခေါင်း၊ ကုလားတစ်ခေါင်းတို့သည် အပေါက်ဝဆီသို့ ပြိုင်တူလှည့်သွားကြလေ၏။ အပေါက်ဝတွင်ကား လွယ်အိတ်ဖေါင်းဖေါင်း ကလေးတစ်ခုကို ပိုက်ထားသော မာမာမြင့်ရပ်နေလေသည်။

"ဟင် . . . အမာ"

ဘသက်၏အသံကိုကြားသောအခါ အနားမှ ကုလားမကြီးသည် ပျာပျာသလဲ ဖြစ်သွားပြီးလျှင် "ရှိတယ်လေ . . . အကို့"ဟု ထူးလိုက်၏။ ဤတွင် တင်ဆွေက ပြဿနာကိုဝင်၍ ရှင်းရလေသည်။

"ဒီမှာ . . . ဒီက အမာကို ခေါ်တာမဟုတ်ဖူး။ ဟိုကောင် လာတဲ့ အပျော့ကို ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



မာမာမြင့်သည် တင်ဆွေကို ချစ်စဖွယ် မျက်စောင်းကလေး ထိုးလိုက်ကာ၊ ဘသက်အနားတွင် ဝင်ထိုင်လိုက်၏။ ဘသက်က "ကဲ . . . အမာ . . . ထိုင်အုံး၊ ဒီမှာ ရှင်းလိုက်အုံးမယ်"

"ဒီမှာ . . . အမာ။ ခင်ဗျား သွားစိုက်ဆရာဆီကို လာတာ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဟုတ်ရင် . . . အပေါ်ကိုသွား။ ဒါ . . . သွားစိုက်ဆရာ အခန်း မဟုတ်ဖူး"

"အော် . . . ဟုတ်လား၊ ဒါက ဘာအခန်းလဲ"

ကုလားမကြီး၏ အမေးကို ဘသက်သည် ရုတ်တရက် ပြန်မဖြေနိုင်ဘဲ၊ ခပ်ကြောင်ကြောင်ဖြစ်သွားရာ၊ တင်ဆွေက ဝင်ရောက်၍ ဖြေကြားလိုက်ရလေသည်။

"ဒီအခန်းလား . . . ဒီအခန်းက အခန်းမှားပြီး ဝင်လာတဲ့ လူတွေကို စောင့်ပြီးရိုက်လွှတ်တဲ့အခန်း"

ကုလားမကြီးသည် ရယ်လိုက်ရင်း "အို . . . အကိုကြီးကလဲ ဒေါသချည်းဘဲ။ စိတ်မဆိုးပါနဲ့နော်။ ကျွန်မ သွားလိုက်ပါအုံးမယ်" ဟု နှုတ်ဆက်၍ ထွက်သွားလေသည်။ တင်ဆွေက ကုလားမကြီးနောက်မှ လက်ကလေးနှစ်ဖက်မြှောက်၍ "ကြွ . . . ကြွ . . . မြန်မြန်ကြွ" ဟု ပြောလိုက်ကာ၊ ကုလားမကြီး ထွက်သွားပြီးသော် တံခါးကို ပိတ်လိုက်ပြီး ဘသက်တို့ ဆီသို့ ပြန်လာထိုင်လေ၏။





ဘသက်သည် တင်းမာ သယောင်ယောင် ဖြစ်နေသော မာမာမြင့်၏ မျက်နှာကလေးကိုကြည့်ရင်းက ယုယစွာ မေးလိုက်၏။

"မာ . . . ဘာဖြစ်တာလဲ . . . ဟင်။ မျက်နှာလဲ မကောင်း ပါလား"

"မာ . . . ကိုသက်နဲ့နေတော့မယ်"

"ဟင် . . . ဘာပြောတယ် . . . မာ"

"မာလေ . . . ကိုသက်နဲ့ ခုလာနေတာ။ မပြန်တော့ဘူး"

"ဘာဖြစ်လို့လဲ . . . အရင်ကတော့ ကိုသက်ပြောသလို ညှာဆက်သင်ပါအုံးမယ်ဆို . . ."

"ဟုတ်တယ်လေ . . . ဒါက အရင်ကပြောတာဘဲ။ ခုတော့ ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး"

"ဘယ်လိုဖြစ်တာလဲ မာရယ် . . . ကိုသက်ကို ပြောစမ်းပါအုံး"

"ဘယ်လိုဖြစ်ရမှာလဲ ကိုသက်ရဲ့၊ မာနဲ့ ကိုသက်နဲ့ ချစ်နေကြတာ မေမေသိသွားပြီ"

"သိသွားတော့ ဘာဖြစ်သလဲမာရဲ့။ တစ်နေ့သိရမှာ ဘဲဟာ"

"မေမေက သဘောမတူဘူး၊ မပေးစားနိုင်ဘူးတဲ့"

"ဒါတော့မာရယ် . . . ကိုယ့်အမေကို တဖြေးဖြေး အကျိုးအကြောင်းသင့်ပြောပြရင် ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမာမြင့်သည် စိတ်မရှည်သလို ဘသက်ကို ဖျတ်ကနဲ မော့ကြည့်လိုက်၏။

"မာ တဖြေးဖြေးပြောပြနေဖို့ မလိုတော့ဘူး။ အခု သူဌေး တစ်ယောက်နဲ့ ပေးစားမလို့တဲ့။ ဘယ်သူ ဘယ်ဝါလဲတော့ မာလဲမသိဘူး ညက ဒီစကားကြားတာနဲ့ ဒီမနက် မာထွက်လာခဲ့တာဘဲ။ ကဲ . . . ကိုသက် ဘယ့်လို သဘောရသလဲ"

ဘသက်သည် ခဏမျှငိုင်ကျသွားပြီးနောက်၊ ခေါင်းကို ဖြေးညင်းစွာ ခါရမ်းလိုက်လေတော့သည်။

"မဖြစ်ပူးထင်တယ်မာ . . . အခုနေ ကိုသက် မိန်းမ ယူလိုက်ရင် ကိုသက်ရဲ့ ဘကြီးက ကိုသက်ကို အကြီးအကျယ် စိတ်ဆိုးမယ်. . ဒီကောင်တော့ ရန်ကုန်ရောက်လို့ ပျက်စီးပြီလို့ပြောမယ်။ အသွားအလာ အိမ်ထောင်ပြုရတယ်ဆိုတော့ မာကော ကောင်းအုံးမလား။ ဘကြီးက မာ့အပေါ် အကောင်းထင်မှာ မဟုတ်ဖူး။ ဟောဒီ အကောင်လဲ ငါ့တူကို မစောင့်ရှောက်နိုင်ဘူးဆိုပြီး အကောင်းထင်ခံရမှာ မဟုတ်ဖူး"

ဤတွင် အနားမှ တင်ဆွေက ဘသက်၏စကားကို ဝင်ထောက်ခံလိုက်လေ၏။

"ဟုတ်တာပေါ့ မာမာမြင့်ရဲ့။ ဒီမှာ အခု လူသုံးယောက်ရှိတယ် တစ်ယောက်မှ မကောင်းဘူးဆိုရင် . . . အခု လူဆိုးသုံးယောက် တိုင်ပင်နေကြသလို ဖြစ်နေမှာပေါ့"





မာမာမြင့်သည် တင်ဆွေ၏ စကားများကို ဂရုမစိုက်ဘဲ၊ ဘသက်ကိုသာ ဝင်းလက်သော မျက်စိများဖြင့် ကြည့်လိုက်ပြီး. . .

"ကိုသက်ကဘကြီးကို ဒါလောက်ဘဲကြောက်သလား"

"ကြောက်တယ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ ကျေးဇူးတော့ မကန်းချင်ဘူးပေါ့။ သူကသားအရင်းလို ပြုစုလာခဲ့တော့ သူနဲ့သေခန်း ပြတ်တော့ မဖြစ်ချင်ဘူးပေါ့မာရယ် . . ."

"ဒီမှာ ကိုသက် . . . ကိုသက်ဘကြီးက သေခန်းပြတ်မှာ မထောက်ပံ့မှာကို ပူသလား ကိုသက်နဲ့ မာနဲ့ နှစ်ယောက်စလုံး အလုပ် လုပ်ရင် စားလောက်ပါတယ်. . ."

"မဖြစ်သေးဘူးမာ . . . ပညာမစုံသေးဘဲ အလုပ်လုပ်ရမှာ မျက်နှာငယ်ပါတယ်. . ."

"ဒါဖြင့် ကိုသက် . . . မာ့ကို လက်မခံနိုင်ဘူးပေါ့ . . . မာကို မချစ်ဘူးပေါ့. . ."

"ချစ်တာပေါ့မာ . . . ဒါပေမဲ့ ချစ်နေရုံနဲ့ မပြီးသေးဘူး . . . နောင်ရေးရှိသေးတယ် ,မဟုတ်လား . . . ကိုသက် ပြောနေတာက မာရော ကိုသက်ရော နှစ်ယောက်စလုံး ကောင်းဖို့ပါ"

ဘသက်ကလည်း သူ့အယူအဆနှင့်သူ . . . မာမာမြင့်ကို နားချနေပေရာ၊ မာမာမြင့်သည် ထိုင်ရာမှ ဇတ်ကနဲ မတ်တတ် ထလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . . ကောင်းပြီလေ၊ မာကုသိုလ်ဆိုးတယ် လို့ဘဲ ဆိုရမှာပေါ့။ အောက်ကျလိုက်တဲ့ဘဝ။ ကိုယ့်ချစ်သူတောင် လက်မခံတော့ဘူး။ ကိုင်း . . . မာသွားတော့မယ် . . . ကိုသက်ရေ. . ."

မာမာမြင့်သည် စိတ်မြန်ကိုယ်မြန်ပင် ပြောရင်း ဆိုရင်းက ထွက်သွားလေတော့သည်။ တင်ဆွေသည် ကတိုက်ကရိုက် တံခါးလိုက်ဖွင့် ပြန်ပိတ်လိုက်ရာက ဘသက်နားသို့ ပြန်လည် ရောက်ရှိထိုင်ချလိုက်လေသည်။ ထိုနောက် ခပ်ထွေထွေကလေး ဖြစ်နေသော ဘသက်ကို ကြည့်၍ တင်ဆွေက ပြောလိုက်၏။

"မင်းကလဲကွာ၊ ကောင်မလေးသနားပါတယ်။ ဘာဖြစ်လို့ နှင်လွှတ်လိုက်တာလဲ"

"မင်းနားမလည်ပါဘူးကွာ။ သူစိတ်ဆိုးနေတုန်း ငါကပါ စိတ်လိုက်မာန်ပါ လုပ်လိုက်ရင် မှားမှာပေါ့ကွ။ အိမ်ထောင်ပြု တယ်ဆိုတာ လွယ်တာမှမဟုတ်ဘဲ။ အများကြီး စဉ်းစားရမယ်ကွ။ နောက်ပြီး ဘကြီး စိတ်ဆိုးမှာလဲ ငါမခံနိုင်ဘူး"

"အင်း . . . ကောင်မလေးတော့ ဘယ်သွားမလဲ မသိဘူး"

"အိမ်ပြန်မှာပေါ့ကွာ။ သူစိတ်ဆိုးနေတုန်းမို့ပါ။ ခေါင်း အေးအေးနဲ့ စဉ်းစားလိုက်ရင် ငါပြောတာမှန်တယ်ဆိုတာ သူ သိလာပါလိမ့်မယ်။ သူ့အကျိုးသင့်အကြောင်းသင့် ပြောပြရင်လဲ သူ့အမေကြီးက





ကျေနပ်မှာပါကွာ။ အဖိုးကြီး အဖွားကြီး နှစ်ယောက်စလုံးက သူ့ကို သိပ်ချစ်ကြတာ"

"အေးလေ . . . အိမ်ပြန်သွားရင်တော့ ကောင်းတာပေါ့။ ငါတော့ အိမ်ကို ပြန်တယ်မထင်ဘူး"

"အိုကွာ . . . မင်းကတွေးပြီး ပူတတ်လိုက်တာ။ ကလေးလေး မဟုတ်ပါဘူး . . . သူနားလည်ပါတယ်"

ဘသက်သည် ပြောပြောဆိုဆိုနှင့် ထသွားလေရာ၊ တင်ဆွေက လှမ်းပြောရင်း ကျန်ရစ်ခဲ့လေ၏။

"အေးလေ . . . ငါက အဖြစ်ကို ပြောပြတာပါ။ မင်းက မပူနဲ့ဆိုလဲ ငါကမပူပါဘူး။ ငါနဲ့ဘာဆိုင်တာမှတ်လို့၊ မင်းက အိုးဘဲ၊ ငါကမီးဘဲ။ အဲလေ . . . ယောင်လို့။ မင်းကအိုး။ ငါက စလောင်းဖုံးဘဲ။ အိုးကမပူဘဲ မီးကပူရမှာလား။ အို . . . ဝှါပါးစပ်ကလဲ"

တင်ဆွေသည် စကားမှားမှားနေသော သူ၏ပါးစပ်ကို ရိုက်လိုက်၏။

"ဒေါက် . . . ဒေါက် . . . ဒေါက်. . ."

တင်ဆွေက သူ၏ပါးစပ်ကို ရိုက်လိုက်၍ မြည်သော အသံ မဟုတ်ပါ။ တံခါးရွက်ကို ခေါက်လိုက်သံသာ ဖြစ်ပါသည်။

"ဒေါက် . . . ဒေါက် . . . ဒေါက်. . ."

တင်ဆွေသည် တံခါးဆီသို့ သွားပြီး ရုတ်တရက် မဖွင့်သေးဘဲ ဖနောင့်မှ ဖိုမှန့်ကို နဖူးသုတ်လိုက်ပြီးမှ ဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝတွင် ရပ်နေသူကား တောကဟု ယူဆရသော ဦးကြီး တစ်ယောက်ပင် ဖြစ်ပေသည်။ တင်ဆွေသည် အဖိုးကြီးကို ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်၍ . . . ၊

"ဘာကိစ္စတုန်း . . ."

"အော် . . . ကျုပ်ခါတ်ပုံရိုက်ချင်တယ်"

"အရိုက်ခံချင်တာလား . . ."

အဖိုးကြီးသည် ခေါင်းကို လက်ဝါးလေးနှင့် အုပ်လိုက်ရာက

"ဒေါကြီးလုချည့်လား မောင်ရယ်။ ဒါလေး မေးမိတာနဲ့ ဒီလောက်တောင် ခြိမ်းခြောက်ရသလား . . ."

"ဘာဖြစ်လို့လဲဦးရဲ့။ ကျွန်တော် မေးတာက ဦးဟာ ဓါတ်ပုံ အရိုက်ခံချင်တာလား . . . ဒါမှမဟုတ်ရင် . . . ကျွန်တော်တို့ အခန်း ထဲမှာ ချိတ်ထားတဲ့ ဓါတ်ပုံတွေကို လျှောက်ရိုက်မှာလားလို့ ခွဲခြားပြီး မေးတာပါ . . ."

ဤတွင်မှ အဖိုးကြီးသည် ပြုံးလာနိုင်လေတော့သည်။

"ကြဲကြဲဖန်ဖန် မောင်ရယ်။ ဓါတ်ပုံ အရိုက်ခံချင်တာပေါ့ ကျုပ်က အရူးမို့ သူများအိမ်ထဲ ချိတ်ထားတဲ့ ဓါတ်ပုံတွေ လျှောက်ရိုက်ပြီး ပစ်ရမှာလား . . ."

"အော် . . . ဓါတ်ပုံအရိုက်ခံချင်ရင် ဟိုဘက်ခန်းကို ကြွခဲ့ပါ အခန်းမှားလာပြီး . . ."





"မသိပါဘူးမောင်ရယ် . . . ဒီအခန်းမှတ်လို့ . . ."

အဖိုးကြီး၏ စကားအဆုံးတွင် တင်ဆွေသည် တံခါးကို ပိတ်လိုက်ပြီးသော် ဧည့်ခန်းသို့ ပြန်ရောက်ပြီး ဖြစ်နေသော စာအုပ် တစ်အုပ် ဖတ်နေသည့် ဘသက်ဆီသို့ ပြန်လာခဲ့၏။

"ဟေ့ . . . ဘသက်။ အမာဟာ အိမ်မှ ပြန်ပါ့မလား . . ."

"မင်းကလဲ လာပြန်ပါပြီ။ ပြန်မှာပါကွ . . ."

"ဒေါက် . . . ဒေါက် . . ."

ယနေ့ နံနက်တော့ ခက်နေပါချေပြီ။ တံခါး ခေါက်သံသည် တင်ဆွေကို မေတ္တာရှိ နှိပ်စက်နေပေတော့၏။ မနေသာသူမို့ တင်ဆွေ ထရပြန်သည်။ တံခါးရွက်နားတွင် တိုးတိုး တိုးတိုးနှင့် ဆုတောင်းပြီးမှ တံခါးရွက်က ဖွင့်လိုက်၏။

အပြင်ဘက်တွင် ရေပုံးကို ထမ်းပိုးမှ ဖြုတ်နေသော ရေထမ်း ကုလားကို တွေ့ရလေသည်။ သူမမျှော်လင့်သော ဧည့်သည်နှင့် တွေ့ရ သဖြင့် တင်ဆွေမှာ ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်သွား၏။

"မင်းကို ဘယ်သူခေါ်သလဲ . . ."

"ဟိုဘက်ခန်းက ခေါ်တယ် . . ."

"ဟိုဘက်ခန်းက ခေါ်တာ . . . မင်း ဘိုးအေမို့ ဒီဘက်ခန်းကို လာခေါက်ရတာလားကွ . . ."

ကုလားသည် "အသာခံ သာဓုနာဇီနေ" ဟူသည့် နှုတ်အညီ ပြုံးပြုံးကလေးပင် ပြန်ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မခေါက်ပါဘူး. . . "

"ဘာကွ . . . မင်းက တံခါးကို မခေါက်ဘူး ဟုတ်လား. . . ဒါဖြင့်၊ ဒီအိမ်က တံခါးတွေက အလကားနေရင်း တဒေါက်ဒေါက် မြည်နေတယ်လို့ မင်းကဆိုလိုတာ ပေါ့လေ . . . ဟုတ်လား"

ရေထမ်းကုလားသည် ထမ်းပိုးကို ညွှန်ပြလိုက်၏။

"ဒါနဲ့ တိုက်မိသွားလို့ မြည်တာပါဗျာ . . . "

"အေး . . . နောက်ကို မတိုက်မိအောင် သတိထားပါနော် မိချောင်းသားရဲ့ . . ."

တင်ဆွေသည် စကားပြောပြီးသည်နှင့် တပြိုင်နက် တံခါးကို ပြန်ပိတ်လိုက်ပြီးလျှင်

"ဒီမနက်တော့ တံခါးဖွင့် နေရတာနဲ့ဘဲ သက်တမ်း စေ့အောင် နေရမှာမဟုတ်ဘူးနော်ကွာ ဘသက် . . ."

ဟု ပြောပြီး ဘသက်ဘက်သို့ လှည့်လိုက်ရာ၊ ဘသက်မှာ အတွင်းဘက် ဝင်သွားနှင့်ပြီးဖြစ်သောကြောင့် နေရာတွင် မရှိသဖြင့် တင်ဆွေမှာ ကြောင်တောင်တောင်နှင့် ကုလားထိုင်တွင် ဝင်ထိုင်ကာ သတင်းစာ ကောက်ဖတ်နေရ လေတော့သည်။

ထိုအခိုက်တွင် ဘသက်၏ လိပ်စာအရ ရာဖွေလာသော မြိတ်မှ ခရီးရောက်မဆိုက် ဘကြီးသည် သုတ်သုတ် . . . သုတ်သုတ် နှင့် တက်လာလေ၏။





"ဒေါက် . . . ဒေါက် . . ."

တစ်မနက်လုံး တံခါးခေါက်သံက ရှေ့တော်ပြေး လုပ်ပြီး အိမ်ခန်းမှား သူကနောက်တော်လိုက်ဖြစ်နေသော ဓာတ်ကွက် ဓာတ်လမ်းကို ငြီးငွေ့နေပြီဖြစ်သော တင်ဆွေသည် သတင်းစာ ဖတ်နေရာက တစ်ချက်လှည့်ကြည့်ပြီး ပြန်လှည့်ကာ သတင်းစာကို ဆက်ဖတ်နေ၏။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

တင်ဆွေက တံခါးရွက်ကို မျက်မှောင်ကုတ်ကြည့်ပြီး၊ မျက်စ တစ်ချက်ပစ်ပြလိုက်၏။

" ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒုန်း . . . ဒေါက် . . . ဒုန်း"

ဦးသိမ်းမောင်က တံခါးကို ခေါက်လိုက် ထုလိုက် လုပ်တော့မှ အထဲကတင်ဆွေသည် ခြေလှမ်းကျဲကျဲနှင့် လှမ်းလာပြီး တောက်တစ်ချက် ခေါက်လိုက်ကာ တံခါးရွက်ကို ဖွင့်လိုက်၏။ ထိုနောက် ခါးထောက် လိုက်ကာ ဦးသိမ်းမောင်ကို ဦးသိမ်းမောင်မှန်း မသိဘဲ ရင်ဆိုင်လိုက် လေသည်။

"ဘာလဲ . . . ဘာနဲ့ တိုက်မိပြန်ပြီလဲ. . . "

"ဘာနဲ့မှ မတိုက်မိဘူး . . . တမင်ခေါက်တာ. . . "

"သွားစိုက်မလို့လား . . . သွားနုတ်မလို့လား. . . "

"ဘာလုပ်မလို့မှ မဟုတ်ဘူး. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဓါတ်ပုံရိုက်ချင်လို့ဘဲ . . . ဟိုဘက်ခန်းကို ကြွပါ"

"တယ် . . . ငါလုပ်လိုက်ရ မင်းက ထမင်းချက် တတ်တယ် ဆိုတဲ့ ကောင်လား . . ."

ဟာဗျာ . . . ထမင်းဆိုင်ရှာတာ ဆိုရင်လဲ စောစော ပြောရောပေါ့၊ ဟို . . . အောက်ဘက် လျှောက်သွားပြီး ညာဘက်ချိုး တည့်တည့်လျှောက်၊ ဘယ်ဘက်ပြန်ချိုး . . ."

"ဟေ့ကောင် . . . ညာချိုး . . . ဘယ်ချိုးနဲ့ ငါ အနှိပ်သည် မဟုတ်ဘူး . . . နောက်ဆုတ် . . ."

"အောင်မယ် . . . ဘာရမလဲ၊ ကျွန်တော် နောက်ဆုတ်ရင် ခင်ဗျားကြီး ဝင်လာမှာပေါ့ . . ."

"အေးလဟာ . . . ငါဝင်မလို့ မင့်ကို ဆုတ်ခိုင်းတာ"

"ဘာရမလဲခင်ဗျ . . . ကိစ္စကို ပြောအုံး ဒီလိုနဲ့ ကုလားမကြီး ထိုးသွားပြီ . . ."

"မင်းတို့ကျိတ်ပြီး ဖဲရိုက်နေကြသလား . . ."

"ကြုံကြုံဖန်ဖန်ဗျာ၊ ဒုစရိုက်အလုပ်တွေ ဘယ်တော့မှ မလုပ်ဘူး . . . ကိုင်းပါ ဝါးမနေပါနဲ့၊ ဘာကိစ္စနဲ့ လာသလဲသာ ပြောပါဗျာ . . ."

တင်ဆွေက ခပ်တင်းတင်းပင် ပြောနေစဉ် အခန်းတွင်း ထွက်လာသော ဘသက်သည် သူ့ကျေးဇူးရှင် ဘကြီးကို မြင်သဖြင့် ပျာပျာသလဲ ဖြစ်သွားလေ၏။





"ဟာ ဘကြီး . . ."

ဘသက်၏ အသံကိုကြားရမှ သူ တစ်မနက်လုံး မျက်ခုံးလှုပ် နေရသော ပုဂ္ဂိုလ်ဖြစ်နေမှန်း သိရသဖြင့် တင်ဆွေမှာ ယောင်ပေါင်ပြီး ဘသက်၏လေသံကို ပဲ့တင် ရိုက်မိလေတော့သည်။

"ဟာ . . . ဘကြီး . . ."

တင်ဆွေ ဖယ်ပေးလိုက်သဖြင့် ဦးသိန်းမောင်သည် အတွင်းသို့ လှမ်းဝင်လာပြီး တင်ဆွေနှင့် ဘေးချင်းယှဉ်ရပ် မိသောအခါ လက်မကို နောက်လှန်၍ တင်ဆွေကို ညွှန်ပြရင်း . . . ဘသက်ကို မေးလိုက်၏။

"ဟေ့ . . . ဘသက် ဒီကောင်က ဘယ်လို ကောင်တုန်း ကွ . . ."

ရုတ်တရက်မို့ ဘသက်က ခပ်ကြောင်ကြောင်ဖြစ် အသွားတွင် တင်ဆွေသည် ချက်ခြင်းပင် မျက်နှာချိုသွေး၍

"လူကြီးသူမဆိုရင် အင်မတန်ရိုသေတတ်တဲ့ ကောင်ပေါ့ ခင်ဗျာ . . ."

ဟု ပြောရင်း ဦးသိန်းမောင်ကို ထိုင်ကန်တော့ လိုက်လေ၏။

"လွန်သမျှ ဝန်ချပါတယ် . . . ဘကြီးရာ။ ကျွန်တော်က ဘကြီး မှန်း မသိလို့ပါ . . ."

ဦးသိန်းမောင်သည် တင်ဆွေ၏အပြုအမူကြောင့် စိတ်ပြေ သွားပြီး ပြုံးမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါမှန်းမသိလို့ မင်းက ဘယ်သူထင်လို့တုန်း. . ."

"ဂျပိုးကြီးဟာ ဟိုဟာ ညတုန်းက ကြမ်းပိုးကြီးတွေ ကိုက်လွန်းလို့ မအိပ်ရတာနဲ့ စိတ်တိုပြီး ထင်ရာတွေ လျှောက်ပြောမိတာ ဒီတစ်မနက်လုံးလဲ အခန်းမှားမှားပြီး ဝင်လာတဲ့ လူတွေကများတာ ဒါထက် ဘကြီးက ဒီလိုဝတ်ထားတော့လဲ ခန့်ချောကြီးဘဲ. . ."

ဦးသိန်းမောင်သည် တင်ဆွေကို သဘောကျသွား ဟန်ဖြင့် ပြုံးကြည့်ပြီး ဧည့်ခန်း ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင် လိုက်လေ ဘသက်သည် ဦးသိန်းမောင်၏ ရောက်လာပုံ ထူးသဖြင့် အကဲခတ် သလို ကြည့်ရင်း . . .။

"ဘကြီးက အကြောင်းမကြား ဘာမကြား လာတာကိုး၊ နို့မို့ ကျွန်တော်တို့ လာကြိုရကောင်းသား. . ."

အို . . . မင်းတို့ကို ဒုက္ခမပေးချင်လို့ပါကွာ။ ငါ့မှာ လိပ်စာရှိသားဘဲဟာ။ ငါလာတတ်တာပေါ့ကွာ။ ဒါထက် . . . မိန်းမယူတော့မလို့ကွ။

သူ့ဘကြီး၏ စကားကို ကြားလိုက်ရသောအခါ ဘသက် အံ့အားသင့်သွား၍ ကြောင်နေသော်လည်း အံ့အားသင့်စရာမရှိသော တင်ဆွေက နှုတ်သွက် လျှာသွက် ဖြင့် . . .။

"ဟာ . . . ယူပေါ့ ဘကြီးရဲ့။ ဟုတ်တယ် ဒီစိတ်မျိုး ဆိုတာ အသက်ကြီးလေ ပိုဆိုးလေပေါ့. . ."





ဦးသိန်းမောင်က တင်ဆွေကို မျက်စောင်းထိုး လိုက်စဉ် ဘသက် က ဝင်၍ ပြောလိုက်လေ၏။

"ဟင်. . . ဘကြီး မိန်းမယူတော့မယ်။ ဟုတ်လား။ ဘယ်သူ လဲ။ ကျွန်တော်တို့ မသိရဘူးလား. . ."

"အမှန်ပြောရရင်တော့ ကောင်မလေးကို မမြင်ဘူးသေးပါ ဘူးကွာ။ အောင်သွယ်က စပ်တာနဲ့ ငါလဲ ဓါတ်ပုံကြည့်ပြီး သဘောကျ သက်ခံလိုက်တာပါဘဲကွာ။ ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက မှာ သားနဲ့ မယားနဲ့ ဖြစ်တော့မယ်။ ဒီတော့ မင်းကိုငါ ငွေကြေးဆက်ပြီး ထောက်ပံ့နိုင်တော့ဘူး။ ဝမ်းတော့နည်းပါတယ်ကွာ။ ဒါပေမဲ့ မင်းကိုငါ ယ်တန်း အောင်အောင် သင်ထားပြီဘဲ။ အလုပ်အကိုင်လေး ရှာဖွေ သုံ်ပေါ့ကွာ မငတ်နိုင်တော့ပါဘူး။ အဲဒါပြောချင်လို့ ငါ ဒီဝင်လာတာဘဲ။ ဲ . . . ငါသွားအုံးမယ်ကွာ၊ သတို့သမီးလောင်းကို ကြည့်ချင်လှပြီ. . ."

ဦးသိန်းမောင်သည် စကားဆုံးသော် လက်ဆွဲအိတ်ကို ကောက်ယူ၍ ထွက်သွားလေ၏။ ဘသက်ကား ငိုင်ကျသွားလေရာ။ ဲတော့မည့် သစ်ပင်တွင်မှ အသိုက် လုပ်မိသည့် ငှက်ပမာ တင်ဆွေမှာ ည်း ညှိုးငယ်သွားရှာတော့သည်။

"ဒါကြောင့် ငါမပြောဘူးလား။ အိပ်မက်မကောင်းပါ ူးလို့. . ."

"တော်စမ်းပါ မင့်အိပ်မက်ကြီးကို။ ကိုင်း . . . ခုမှတော့



www.burmeseclassic.com

www.burmeseclassic.com



မထူးဘူး။ မာမာမြင့်ကို လက်ထပ်တော့မယ်။ ငါ့မှာ ပညာရှိသားဘဲ၊ ကိုယ့်ဒူးကိုယ်ချွန် လုပ်ကိုင်စားရမှာပေါ့။ ယောက်ျားဘဲကွာ . . . ဘဝကို ရင်ဆိုင်ရမှာပေါ့. . .''

''ဘဝဆိုတာ အကောင်အထည်ရှိရင်တော့ ငါလဲ ရင်ဆိုင်ဝံ့ပါတယ်ကွာ။ ခုတော့ ဘဝဆိုတာ ဘာကြီးမှန်း မသိတော့ ရင်ဆိုင်ရမှာ ကြောက်သလိုချည်းဘဲကွ။ အမေရယ် . . . သားတို့ဒုက္ခမြင်လှည့်ပါအုံး . . .''

''တော်စမ်းပါကွာ။ ခုခေတ်မှာ မိန်းမတွေတောင် ဘဝကို ရင်ဆိုင်ရမှာ မင့်လောက် သတ္တိမနဲကြတော့ဘူးကွ။ ကဲ . . . ငါလဲ ရေချိုးပြီး သွားလိုက်အုံးမယ် . . .''

''မင်းက ဘယ်ကို သွားအုံးမှာလဲ . . .''

''မာ့အိမ်ကို သွားမှာပေါ့ကွ။ သူ့ဆီရောက်ရင် သူ့မိဘတွေကိုပါ အကျိုးအကြောင်းပြောပြီး တောင်းရမ်းလက်ထပ် လိုက်တော့မှာပေါ့ကွာ . . .''

''မာမာမြင့်က အိမ်မှာရှိပါ့မလားကွ။ စိတ်ညစ်ညစ်နဲ့ တစ်ခြားကို ထွက်သွားသလားမှ မသိတာ. . .''

''မပူစမ်းပါနဲ့ကွာ။ သူပြန်မှာပါ။ ကဲအချိန် ကုန်တယ်ကွာ ငါအခုသွားမယ်။ မင်း . . . နေရစ်ခဲ့နော်. . .''

ဟ . . . ငါလဲ ဈေးသွားရအုံးမယ်ကွ. . . ''





''ဒါဖြင့်လဲ တံခါးစေ့သွားပြီး ဟိုဘက်ခန်းကို အော်သွားပေါ့လဲချက်ခြင်းလိုလို ပြန်ရောက်မှာပါကွာ. . .''

ဘသက်သည် ပြောပြောဆိုဆိုနှင့်ပင် မာမာမြင့်၏ မိဘများအိမ်သို့ ထွက်လာခဲ့လေ၏။ သို့သော် သူမျှော်လင့်သလို မာမာမြင့်ကို တွေ့ရဘဲ၊ မာမာမြင့်၏ မိဘများက သူတို့ သမီးကို ခိုးသွားပြီး ယိုဟန်ဆောင်ကာ လာရောက် အရှက်ခွဲသည်ဟု ထင်သွား၏။ ဘသက်လည်း မာမာမြင့်ကို တွေ့ဖို့အရေးက ပို၍ကြီးမားသဖြင့် ဦးဆောင်းတို့ကို ရှင်းမနေနိုင်ဘဲ ပြန်လှည့် ထွက်လာခဲ့လေ၏။

တင်ဆွေသည် ဈေးဝယ်ကပြန်လာပြီးသော် လမ်းတွင်လျှောက်၍ စဉ်းစားလာ၏။ သူ့အတွေးတွင် မာမာမြင့်သည် သူ့ငယ်ချင်း စုစုအိမ်သို့သာ သွားမည်ဟု ထင်နေ၏။ ထို့ကြောင့် အိတ်ထဲမှ စာအုပ်ကလေးဖွင့်ကာ စုစု၏ လိပ်စာကိုရှာ၍ တွေ့လျှင်တွေ့ခြင်း ခြင်းပြောင်းကာ စုစုတို့ အိမ်ဆီသို့ ထွက်လာ ခဲ့လေ၏။

အဆင်သင့်ပင် ညခန်းတွင် စာဖတ်နေသော စုစုကိုတွေ့ရလေသည်။ စုစုသည် စာအုပ်ကိုဘေးသို့ချလိုက်ပြီး စကားပြောလိုက်သည်။

''အလို . . . ရှင်ပါလား''

''ကျွန်တော့်ကို စုစုမှတ်မိတယ်နော် . . . မိတ်ဆက်ပေးနေစေ''

''ဘယ်သူနဲ့ မိတ်ဆက်ပေးမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့လေ . . . ကျွန်တော်ဟာ ဘသက်ရဲ့ သူငယ်ချင်း တင်ဆွေ . . . တဲ့"

"အော် . . . ဟုတ်ကဲ့၊ ကိုတင်ဆွေ စုစုအိမ်ကို ဘယ်လို လုပ်ပြီးသိသလဲ"

"မာမာမြင့်က ဘသက်ကို ပေးလိုက်တဲ့ စာတစ်စောင်မှာ စုစုလိပ်စာတွေ့တာနဲ့ ကျွန်တော် မှတ်ထားလိုက်တယ်"

"ကဲ . . . ထိုင်ပါအုံး . . . ဘာကိစ္စ"

"ကျွန်တော် လာတုန်းကတော့ ကိစ္စတစ်ခု ရှိသလိုဘဲ၊ စုစုကို မြင်တာနဲ့ အဲဒီကိစ္စ မေ့သွားပြီ"

"ဟင် . . . ဘာဖြစ်လို့ပါလိမ့်"

"ဒါတွေထားပြီး ကျွန်တော် စကားတစ်ခွန်းလောက် ပြောချင်တယ်၊ ပြောရမလား"

"အို . . . ရှင် ရောက်ကတည်းက ပြောနေတာ စကား တစ်ခွန်းမကတော့ဘူး၊ ခုမှဘာဖြစ်လို့ ခွင့်တောင်းနေရတာလဲ"

"ခုပြောမဲ့ စကားက အရေးကြီးလို့ပါ၊ အဲဒီစကား မပြောခင် စုစုဆီမှာ ကတိတစ်ခုလောက် တောင်းချင်တယ်"

"ဘယ်လိုကတိမျိုးလဲရှင့်"

"ခုချိန်ကစပြီး ကျွန်တော်ပြန်သွားတဲ့အထိ စိတ်ဆိုးပြီး ထ မရိုက်ပါဘူးဆိုတဲ့ ကတိကို ကျွန်တော့်ကိုပေးပါ"





စုစုသည် တစ်ချက်ပြုံးလိုက်ပြီး ပြောလိုက်၏။

"ကဲ . . . ပေးပါပြီတဲ့ရှင်၊ ဆိုပါအုံး"

"စုစုကိုလေ တွေ့တဲ့နေ့ကစပြီး ကျွန်တော် မြင်ခဲ့ပါတယ်"

"အို . . . ဘယ်မှာတုန်းရှင့်၊ တွေ့မှတော့ မြင်မှာပေါ့"

"မဟုတ်ပါဘူးလေ . . . ဟိုဟာပါ"

"ဘယ်ဟာတုန်း"

"ဟိုဟာလေ၊ စပြီးတွေ့တယ်၊ ဒီတွေ့တော့ ကြည့်တယ်၊ ကြည့်တော့မြင်တယ်၊ မြင်တော့ ချစ်တော့တာ ပါဘဲဗျာ"

"အို . . ."

"ဒီလိုလေ . . . နားထောင်ပါအုံး။ ကျွန်တော်က ကျောက်ထိုးဆရာ အခြစ်မျိုးနဲ့ ခြစ်တာ မဟုတ်ပါဘူး၊ အုန်းထမင်း သည်လို ခြစ်တာပါ"

"ရှင်ဘာတွေပြောနေတာလဲဟင်"

"ဟိုဥစ္စာလေ ကျောက်ထိုးဆရာ ဆိုတာ တစ်နှစ်မှ တစ်ခါ ခြစ်တာ၊ အုန်းထမင်းသည်ဆိုတာက နေ့တိုင်းခြစ်တာ မဟုတ်လား . . ."

စုစုမှာ သူ့ကို လူပျိုစကား လာပြောနေမှန်း သိလျက်နှင့် အခြေမဆည်နိုင်အောင် ရယ်မိလေတော့၏။

"အဲဒီလိုခြစ်တော့ ဘာဖြစ်လဲ"

"အဲဒါကို ပြန်ပြီး မချစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်သူ့ကို ချစ်နေလို့ ဘယ်သူက ပြန်မချ[...]
နိုင်တာလဲ"

"အင်း . . . အိပ်ချင်ယောင်ဆောင်တဲ့လူများ တခါ အနှိုး[...]
ခက်ပါလားနော်"

"ဘယ်သူ အိပ်ချင်ယောင်ဆောင်တာလဲ၊ ဒေါ်ဒေါ်လား၊ ဒေါ်ဒေါ် တကယ်အိပ်နေတာရှင့်၊ သူက ဒီအချိန်အိပ် နေကျဘဲ၊ ရှင်[...] တွေ့ချင်လို့လား တွေ့ချင်ရင် စုစု သွားနှိုးပေးမယ်လေ"

စုစုက ပြောပြောဆိုဆိုနှင့် ထ၍ ထွက်သွားဟန်ပြုရာ တင်[...] က ချက်ခြင်းပင် 'အို . . . မလုပ်ပါနဲ့'ဟု ဆိုကာ စုစု၏ လက်[...] ဆွဲလိုက်၏။

"အလို ဒီလိုတောင် ဖြစ်ကုန်ကြမှကိုး"

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ရာ မာမာမြင့်ကို တွေ့[...] ရလေ၏။

စုစုသည် လက်ကိုရုန်းလိုက်ပြီး မာမာမြင့်ကို စကားပြော[...] လိုက်၏။

"လာ . . . မာ . . . ထိုင် ဘယ်ကလှည့်လာလဲ"

မာမာမြင့်က ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း က စုစု[...] အမေးကို ဖြေလိုက်၏။

"မာလား မာစိတ်ညစ်ညစ်နဲ့ လျှောက်သွားနေရင်း စုစု[...] သတိရလို့ ထွက်လာတာ"





ဤတွင် တင်ဆွေက ဝင်၍ ပြောလိုက်လေသည်။

ဟာ . . . မာ့ကိုမြင်မှ သတိရတော့တယ်၊ အခု မာ ဘယ်က လာတာလဲ"

"ကိုတင်ဆွေတို့ဆီက ထွက်လာပြီး မာ ဆာတာနဲ့ မုန့်ဝင်စားသေးတယ်။ ပြီးမှ ဒီကိုလာတာ"

"ဒါဖြင့် မာ . . . အိမ်မပြန်ဘူးပေါ့"

"မာဟာ အလုပ်တစ်ခုကို ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ မပြင်ဘူး . . ."

"ဒါဖြင့် ဟိုကောင်တော့ ဒုက္ခဘဲ . . ."

"ဟင် . . . ဘာဖြစ်လို့လဲ . . ."

"သူ့ ဘကြီးက ဆက်ပြီး မထောက်ပံ့နိုင်တော့ဘူး ဆိုလို့ လက်ထပ်တော့မယ်ဆိုပြီး မာ့အိမ်လိုက်သွားလေရဲ့ မဖြစ်ပါဘူး၊ ဒုက္ခတွေ ရောက်ကုန်တော့မှာဘဲ။ ကျွန်တော် လိုက်သွားအုံးမှ . . ."

တင်ဆွေသည် ဘသက်ကို အုပ်မိအောင် သွားလေ၏။ မာမာမြင့်ကမူ အိမ်မပြန်တော့ဘဲ၊ ဘသက်၏ အိမ်မှ စောင့်မည်ဟု ကြံကာ စုစုတို့အိမ်မှသည် ဘသက်၏ အိမ်ဆီသို့ ထွက်လာခဲ့လေ၏။

တင်ဆွေမှာ ဦးဆောင်းတို့နှင့် အတွေ့တွင် စကားပြောတည့်ဘဲ ဘုကျသေး၏။ သို့သော် သူသည် ဘသက်က မာမာမြင့်ကို မိုးကြောင်းကိုကား ရှင်းပြခဲ့နိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘသက်သည် လှေကားကို ခပ်သုတ်သုတ် တက်သွား… စေ့ထားသော တံခါးကို ဖွင့်ဝင်လိုက်ရာတွင် ဧည့်ခန်းတွင် ထိုင်နေသေ… သူ့ဘကြီးကို တွေ့ရသဖြင့် အံ့အားသင့် သွားလေ တော့၏။

"ဟင် . . . ဘကြီး . . ."

"ဟေ့ . . . မင်းတို့ ဘယ်သွားနေကြတာလဲ ငါလာတော… တံခါးစေ့ထားတာနဲ့ ဝင်ထိုင်နေတာ . . ."

"ဒါထက် . . . ဘကြီးရဲ့ သတို့သမီးလောင်းကလေး တွေ့… ရဲ့လား . . ."

"အလကားပါကွာ။ သက်သက်ငါ့ကို ခေါ်ပြီး အရှက်ခွဲကြတာ… ကောင်မလေးလဲ ငါမတွေ့ခဲ့ရဘူး။ သူ့မိဘတွေကလဲ အူကြောင်ကြော… လုပ်နေကြတယ် . . ."

အဖိုးကြီးသည် စိတ်ပျက်ဟန်နှင့် ဆက်လက်၍ ပြောပြ…

"ဒီတော့ ငါမြို့တက်ကို ပြန်တော့မယ်။ မိန်းမလဲ မယူတော့ဘူ… မင်းကိုလဲ အရင်တုန်းကလို ထောက်ပံ့မြဲ ထောက်ပံ့နေမယ်ကွာ . . ."

ဘသက်သည် သူတို့၏ ဘဝကို တွေးမိ၍ ပြုံးမိသည်။ တော… က သူ့ဘကြီးက မိန်းမယူတော့မည် ဆို၍ သူကလည်း ယူရတော့မ… ဖြစ်၏။ ယခုမူ သူ့ဘကြီးက နေမြဲဟုဆိုသော် သူကလည်း နေမြဲ… ပြန်ဖြစ်ရတော့မည်။ သို့သော် မာမာမြင့်ကိုကား တွေ့ရဦး မည်ဖြစ်သည်… စုစု၏ အိမ်သို့ သွားလိမ့်မည်ဟု တွက်ဆ၍ စုစု၏အိမ်လိပ်စာကို ရှာ… ထွက်လာခဲ့လေသည်။





မကြာမီတွင် မာမာမြင့်သည် ဘသက်တို့ တိုက်ပေါ်သို့ …က်လာလေ၏။ ဧည့်ခန်းတွင်းသို့ ဝင်မိသည်နှင့် တိုင်မှအောင်လည်း …ည်သူ့ကိုမှ မတွေ့ရသောကြောင့် ခပ်ကြောင်ကြောင် ရပ်နေမိသည် …ိုအခိုက်၊ နောက်ဖေးခန်း မှ ထွက်လာသော ဦးသိန်းမောင်သည် …မာမြင့်ကို တွေ့သောအခါ မျက်နှာဝင်းလက်သွားတော့သည်။ ထို့နောက် …မာမြင့်ကို လက်ညှိုးနှင့်ထိုးရင်း . . . 'မင်း . . . မင်း' ဟု ပြောနေရာ …မာမှာ သူ့ကိုပြောသည် မထင်ဘဲနောက်ကို လှည့်ကြည့်ပြီး တစ်ဖန် …ဦးသိန်းမောင် ဘက်သို့ ပြန်လှည့်လိုက်၏။

"ဘကြီး . . . ဘာဖြစ်လို့လဲ။ ဘာတွေ့နေလဲ၊ အိမ်မြှောင်လား …ကြွက်လား . . ."

"ဘယ်က အိမ်မြှောင်တွေ . . . ကြွက်တွေမှ မဟုတ်ဘူး။ မင်း …မာမြင့် မဟုတ်ဘူးလား . . ."

"ဟုတ် . . . ဟုတ်ပါတယ် . . ."

"အေး . . . ငါထင်ရင် မလွဲပါဘူး"

"ဘကြီးက သိပ်တော်တာတဲနော် . . . လူမြင်တာနဲ့ နာမည်ကို …ပြောနိုင်တာ အဂ္ဂိရတ်ဖွာနဲ့တူတယ်"

"ဘယ်ကလာ အဂ္ဂိရတ်ဖွာရမှာလဲ . . . မင်းအခု နောင်တရလို့ …ပြန်လာတာ မဟုတ်လား"

"ဟာ . . . သိပ်မှန်တာပေါ့ ဘကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါထင်ရင်မလွဲပါဘူး . . . ဒီလိုဘဲဖြစ်ရမှာပေါ့။ ကဲ . . . ဒါဖြင့် မင်းနဲ့ငါ လက်ထပ်တော့မှာပေါ့"

"ရှင် . . . ဘကြီး . . . ဘာပြောတယ်"

"မင်းဟာ . . . ငါနဲ့ လက်ထပ်ရမဲ့သူကွဲ့"

"အို . . . ဒီလောက် အသက်ကြီးတာနဲ့ လက်မထပ်နိုင်ဘူး"

ဦးသိန်းမောင်က မာမာမြင့် မှုနေသည့်ထင်၍ ထပြီး ပခုံးကို သိုင်းဖက်လိုက်၏။ ထိုအခိုက် ဈေးခြင်းတောင်းနှင့် တင်ဆွေ ဝင်လာလေ၏။

"ဟာ . . . ဘကြီး မလုပ်နဲ့လေ . . . မလုပ်နဲ့"

ဦးသိန်းမောင်သည် မာမာမြင့်ကို လွှတ်လိုက်ပြီး တင်ဆွေကို လှည့်ကြည့်၏။

"ဟော့ကောင်' . . . မင်းက ဘာဝင်ရှုပ်တာလဲကွ"

"ဟာ . . . ဘကြီးကလဲ၊ ငရဲကြီးတတ်တယ်ဗျ"

"ဟ . . . သူ့အုပ်ထိန်းသူက ခွင့်ပြုပြီးပြီကွ"

"ဘကြီးပြောတာတွေ ကျွန်တော်နားမလည်ပါဘူး၊ ဒါ . . . ဘယ်သူလဲသိလား"

"မာမာမြင့်ပေါ့ကွ"

"ဟယ် . . . တယ်လဲသိလိုက်ပါလား၊ ဒါဖြင့် သူ ဘယ်သူနဲ့ လက်ထပ်မလဲ"



"ငါနဲ့ပေါ့ကွ"

"အဲ . . . လွဲမှားခြင်းရဲ့ နိဒါန်းဆိုတာ ဒီနေရာပေါ့။ ဘကြီးနဲ့ လက်ထပ်မယ်ဆိုတာ မဟုတ်ရေးချ . . . မဟုတ်"

"ဟော့ကောင် . . . မင့်အလုပ်က ထမင်းချက်ဖို့ ပါကွ။ ငါကို ဝေဖန်ဖို့ မဟုတ်ပါဘူး။ သွား . . . ခုသွား"

"ဒီမှာ ကျွန်တော့်ရှေ့မှာ မိန်းကလေးတစ်ယောက်ကို စော်ကားနေရင် ကြည့်နေမယ်မှတ်သလား"

"အောင်မာ ကြည့်မနေလို့ မင်းက ဘာလုပ်မှာလဲ"

"ခုချက်ခြင်း ကယ်မဲ့သူ သွားရှာမယ်"

တင်ဆွေသည် ချာကနဲလှည့်၍ ဆင်းသွားလေ တော့သည်။ နှစ်ယောက်ထဲ ကျန်ရစ်ခဲ့သည့်အခါတွင် ဦးသိန်းမောင်သည် မာမာမြင့် ဘက်လှည့်လိုက်၏။ မာမာမြင့်ကား ကြောက်ရွံ့သည့်ဟန်ဖြင့် နောက်ဆုတ် လိုက်မိသည်။

"လာပါကွယ် . . . မာကလဲ လိမ္မာသားနဲ့"

ပြောပြောဆိုဆိုနှင့် ဦးသိန်းမောင်က ရုတ်တရက် သိမ်းကြုံး ဖက်လိုက်ရာ၊ မာမာမြင့်မှာ ကြောက်ကြောက်နှင့် 'ကယ်တော်မူပါရှင့်' ဟုအော်လိုက်လေ၏။ ထိုအခိုက် ဓါတ်ပုံရိုက်ရန် တက်လာသော လူရွယ်တစ်ယောက်သည် အော်သံကြားရာသို့ လှည့်ကြည့်လိုက်ကာ ဦးသိန်းမောင်ကို အတင်းဝင်ဆွဲရာ ဦးသိန်းမောင်နှင့် လူရွယ်မှာ ထွေးလုံးလား ဖြစ်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အပေါ်ထပ်မှ လူခပ်ကြီးကြီးတစ်ယောက် ဆင်းလာပြန်ရာ၊ အခန်းဝသို့အရောက်တွင် အထဲသို့ လှည့်ကြည့်လိုက်ရာ ဝရန်းသုံးကား ဖြစ်နေကြသည်ကို တွေ့သဖြင့် မျက်ကလဲ ဆန့်ပြာဖြစ်သွားကာ ပျာယီးပျာယာနှင့် ဆင်းပြေးလေ၏၊ ထိုသူကား ဝေးဝေးသို့ မသွားဘဲ၊ နီးရာ 'ပြည်သူ့တယ်လီဖုန်း' မှ နေ၍ ရဲစခန်းသို့ တယ်လီဖုန်းဆက်တိုင်ခြင်း ဖြစ်လေသည်။

ဘသက်သည် စုစု၏ညွှန်ပြချက်ဖြင့် မာမာမြင့်ကို တွေ့ရန် သူ့တိုက်သို့ သူပြန်လာရာ၊ လှေကားနှင့် မနီးမဝေးတွင် တင်ဆွေနှင့်

"ဟေ့ ဘသက်"

"ဟ . . . တင်ဆွေ၊ ပျာယီးပျာယာနဲ့ ဘာဖြစ်လာတာလဲ"

"အိမ်မှာ . . . မာမာမြင့် . . . မာမာမြင့်"

"အေးပါ . . . စုစုက ပြောလိုက်ပါပြီ။ အိမ်မှာ မာမာမြင့် ရောက်နေတယ် မဟုတ်လား"

"ရောက်ရုံနေမကဘူး . . . မာမာမြင့်ကို မလုပ်သင့် မလုပ်ထိုက်အိုကျာ . . . အဓမ္မ . . . အတင်းအဓမ္မ"

"ဟိုက်ရှေ့"

ဘသက်သည် မှန်တွန်သွားပြီ လှေကားသို့ ပြေးတက်လာ၏ ညေ့ခန်းသို့ ရောက်ရောက်ချင်း ဘသက်မြင်ရသည်ကား





ဦးသိန်းမောင်သည် ကြမ်းပေါ်တွင် လဲကျနေ၏။ အနီးတွင် လူရွှယ်က ဆကျိုလက်ပွင့်နေ၏။ မာမာမြင့်က လူရွှယ်နားတွင် ကြောက်ရွံ့စွာ ရပ်နေသည်။ ဤတွင် ဘသက်က သူစိမ်းဖြစ်သော ဤလူရွှယ်က မာမာမြင့်ကို ဘလက္ကာယပြုရန် ကြံသည်ဟု ယူဆမိ၍၊ လူရွှယ်ကို ပြေးထိုးလိုက်လေ၏။

"ဟင် . . . ကိုသက် . . . အဲဒါ မှာ့ကျေးဇူးရှင်"

"အို . . . မှာ့ကို အဓမ္မကြံတာ မှာ့ကျေးဇူးရှင် ဖြစ်ရမှာလား"

ဦးသိန်းမောင်နှင့် လူရွှယ်တို့ ပြန်ထ လာကြ၏။ ထိုအခိုက် ရဲအရာရှိတစ်ယောက်နှင့် ရဲသားနှစ်ယောက် ဝင်လာကြလေသည်။

"ဘယ်မှာလဲ . . . ဓါးပြက"

ဦးသိန်းမောင်က လူရွှယ်ကို လက်ညှိုးထိုးပြ၏၊ တစ်ချိန်ထဲတွင် လူရွှယ်က ဘသက်ကို လက်ညှိုးထိုးပြလိုက်ရာ၊ ရဲအရာရှိ၏ *ဦးခေါင်းမှာ ချိုင်းနားမဂ်လာပွဲမှ ဥဗျိုင်းကဲ့သို့ ချာရပတ်ရစ်ဝဲပြီးမှ* ဘသက်ဆီသို့ နား၏။

ဘသက်က ချက်ခြင်းပင် "ကျွန်တော် မဟုတ်ပါဘူး။ ကျွန်တော်က အိမ်ရှင်ပါ" ဟု ပြောလိုက်၏။

"ဟာ . . . ဒါဖြင့် ဒီကောင်မလေးဘဲ ဓါးပြ ဖြစ်ရတော့မှာပေါ့" ဤတွင် ဘသက်က ကပျာကယာ

"ဟာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး" ဟု ငြင်းလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



ရာ ရဲအရာရှိမှာ စိတ်ရှုပ် သွားဟန်ဖြင့် "ဟာ ခင်ဗျားတို့က မဟုတ်သေးပါဘူး၊ ဒါဖြင့် ဓါးပြက ဘယ်မှာလဲ" ဟု၊ မေးလိုက်၏။

ထိုအခိုက် အခန်းဝတွင် ရပ်ကြည့်နေသော လူလေး ငါးယောက်ကို တိုးဝေ့ရင်း တင်ဆွေ ဝင်ရောက်လာလေ၏။

"ကျွန်တော် ... ကျွန်တော် ..."

"အော် ... ဓါးပြက မင်းကိုး ..."

"ဟာ ... ဖွဟ ... လွဲစေ ... ကျွန်တော် , ဓါးပြ မဟုတ်ပါဘူး ..."

"နို့မင်းက ကျွန်တော်ဆို"

"ဒါက ကျွန်တော် ပြောပြမယ်လို့ ပြောတာပါ"

"ကဲ ... ဒါဖြင့် ပြောစမ်းပါအုန်း"

"ဒီအခန်းထဲမှာ ဓါးပြတိုက်နေတယ်လို့ ဘယ်သူက တိုင်သလဲ"

"တယ်လီဖုန်းနဲ့ တိုင်တာဗျ ... သူ့လိပ်စာက ..."

ရဲအရာရှိသည် မှတ်စုစာအုပ်ကလေး ထုတ်၍ ဖတ်ပြ လိုက်၏။

"ကိုမြသိန်း၊ ... (၁၀)ရပ်ကွက် တောင်ဥက္ကလာတဲ့"

"ဗျာ... ဒီမြို့ထဲမှာ ဓါးပြတိုက်နေတာကို ဟို တောင်ဥက္ကလာက သိတယ်ဆိုတော့၊ ဧကန္တ ဒီလူဟာ နတ်မျက်စိရတယ်ထင်တယ်"

ထိုစဉ် တယ်လီဖုန်းနှင့် တိုင်သူက ဝင်လာ၍ပြော၏။

"သတင်းပေးတာက ကျွန်တော်ပါ။ ကျွန်တော် အပေါ်ထပ်





သွားခိုက် ဆိုင်ရှင်က ဆင်းအလာ ဟောဒီ အဖိုးကြီးကို ဟောဒီလူက အတင်းထိုးနေတာမြင်လို့ ဓါးပြ တိုက်တယ်ထင်ပြီး တိုင်တာပါ။ ကျွန်တော် ဒီအခန်းဝ မရောက်ခင် မိန်းမတစ်ယောက် အော်သံလဲ ကြားလိုက်တယ်"

ဤတွင် ရဲအရာရှိက လူရွယ်ကို ပြောလိုက်၏။

"ကဲ မျက်မြင်သက်သေရှိတယ်၊ မင်းက ဒီအဖိုးကြီးကို ထိုးတယ် မဟုတ်လား"

"ဒီလူက ကျွန်တော့်ကို ထိုးတာကကော"

ရဲအရာရှိသည် စိတ်ရှုပ် သွားပြန်ရှာလေ၏။

"ခင်ဗျားတို့ဟာက ဘယ်လိုလဲဗျ ... ပျင်းပျင်း ရှိတိုင်း ထိုးကျိတ်နေကြသလားဗျာ"

ဤတွင် မာမာမြင့်က ရှေ့သို့ထွက်လိုက်လေသည်။

"ဒီလိုပါရှင် ... ဒီအဖိုးကြီးက ကျွန်မကို အတင်းဖက်တယ်ရှင့်"

"ဟာ ...ဒါဖြင့် ဒါဓါးပြမှုမဟုတ်ဘူး၊ အဓမ္မ ကြံစည်မှုဘဲ"

ဦးသိန်းမောင်ကလည်း ငုံ့မခံဘဲ မာမာမြင့်ကို လက်ညှိုးညွှန်၍ ပြောလိုက်၏။

"ဒီမှာ ... ကျွန်တော်တစ်ယောက်ထဲရှိတဲ့ နေရာကို သူက အတင်းဝင်တာဗျ"

"ဒါဖြင့် ပိုင်နက် ကျူးလွန်မှုဘဲ"

စာပေရွှေဒီပါ

www.burmeseclassic.com

www.burmeseclassic.com



ဘသက်ကလည်း မနေနိုင်ပါချေ။ ဆိုင်ရုံကဏ္ဍကဝင်၍ ပါရပြန်လေ၏။

"သူက ကျွန်တော့်ချစ်သူပါ ...ကျွန်တော်မှာလို့ လာရတာပါ ..."

"ဟာ ...ဒါဖြင့် ဒါသွေးဆောင်မှုပေါ့ ..."

လူရှယ်က ဝင်ပြောပြန်လေသည်။

"သူက ကျွန်တော့်ကို ဘာမပြော ညာမပြော ဝင်ထိုးတာကကောဗျာ ..."

"ဒါကတော့ လက်ရောက်မှုပေါ့ ..."

ဘသက်ကတစ်ဖန် ရှင်းရပြန်လေ၏။

"ဒီလိုပါ ခင်ဗျာ ...ကျွန်တော်ရှင်းပြပါ့မယ်၊ ကျွန်တော်အိမ်ကို ပြန်လာတုန်းလမ်းမှာ ကျွန်တော့် သူငယ်ချင်းက ကျွန်တော့်ကို လာပြောတာက ကျွန်တော့် ချစ်သူကို အဓမ္မဖက်နေတယ် ဆိုလို့ သူဖက်တယ်မှတ်လို့ ထိုးမိတာပါ ..."

"ခင်ဗျားကို ဘယ်သူလာပြောလဲ... "

ဘသက်က တင်ဆွေကို လက်ညှိုးထိုးပြရင်း ...

"လာပြောတာက သူပါ ..."

"ဒါဖြင့်... ဒါလည်ဆယ်မှုဘဲ..."

ဤတွင် တင်ဆွေက ဝင်ပြောပြန်လေ၏။





"ဒါဖြင့် ဒီလူအားလုံးဟာ တရားခံ အသီးသီး ဖြစ်နေတာပေါ့။

"တရားလိုကတော့ သူဖြစ်မှာပေါ့ ..."

ပြောပြောဆိုဆိုနှင့် ကိုမြသိန်းကို လက်ညှိုးထိုးရင်း လိုက်ရှာရာ ကိုမြသိန်းကို မတွေ့ရတော့ချေ။

"အဲ အဲဒါလူပျောက်မှုဘဲ..."

ဤတွင် ဘသက်က ဝင်ရောက် တောင်းပန်ပြီး ရှင်းလင်းပြရာ အားလုံးရှင်းသွားသဖြင့် ရယ်မောရ၍ ပြန်ကုန် ကြလေ၏။

ဤသို့ဖြင့် ဦးသိန်းမောင်တို့ချည်း ကျန်ရစ်သော အခါတွင် ဦးသိန်းမောင်သည် သူနှင့် အောင်သွယ်က ပြောထားသော မာမာမြင့်မှာ ဘသက်၏ ချစ်သူဖြစ်နေမှန်း သိသွားသဖြင့် နောင်တကြီးစွာ ရသွားလေ၏။ တဏှာရာဂ၏ ဆိုးရွားပုံကို စက်ဆုပ်ပြီး

"စင်စစ်တော့ မင်းတို့လူငယ်ချင်းဘဲ ရွေ့သွား နောက်လိုက်ညီပါတယ်ကွာ ... ငါမပြန်ခင်မှာဘဲ မင်းတို့ လက်ထပ်ကြပေါ့၊ ငါ့အမွေတွေလဲ မင်းတို့ကို လွှဲပေးပါ့မယ်..." ဟု ပြောလိုက်ရာ

"အဲ ...အဲဒါက အမွေမှုပေါ့" ဟု ပြောလိုက်ရာ အားလုံး ဝိုင်းရယ်ကြလေတော့သည်။


ပြီး၏။

ကြပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com

**ငစ်စစ်သော်ကား...**



လောကသည် ခပ်တည်တည်ပင် လောကအဖြစ် တည်မြဲမြဲမြဲမှာ ရပ်တည်နေသော်လည်း ကြည့်သူ၏ စိတ်ခံစားမှုကိုလိုက်၍ သာယာသည်၊ ရှုပ်ထွေးသည်၊ အေးချမ်းသည်၊ လှုပ်တုတ် လှုပ်တုတ်ဖြစ်သည်ဟူ၍ အသွင်ပြောင်းနေရ၏။



သာယာလှသောအခိုက်တွင် မသာယာသော "သို့သော်" ကြီးသည် အစီစီမှမြေကြီးပေါ်သို့ ဘွားကနဲတက်ရောက်ပေါ်ထွက်လာတတ်သည်။ ထိုသို့ ရုတ်တရက်ပေါ်ထွက်လာတတ်သော "သို့သော်" ကြောင့်၊

အချို့သောလူတို့သည် ထည်ဝါခမ်းနားသော အခြေအနေမှ အကျဉ်းသားဘဝသို့လည်း ပြောင်းလဲရ၏။ လမ်းဘေးတွင် အမှိုက်ကောက်နေရာမှလည်း ကိုယ်ပိုင်အိမ်နှင့်ကားနှင့် ဖြစ်သွားတတ်သည်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ဘဝမှ သားတွဲလဲ သမီးတွဲလဲလည်း ဖြစ်ကုန်ကြရ၏။

# နတ်ရေးတဲ့ချစ်ဖူးစာ...



www.burmeseclassic.com



( ၁ )

## ဗင်္ဂလာရှိသောနေ့

တွေးပြန်တော့လည်း အမျှင်တန်းရသည်။ စကားက ရပ်ပစ်ချင် ရပ်ပစ်လို့ ရ၏။ မရပ်ပစ်ချင်သည့် တိုင်အောင် ဝမ်းထဲက လေအလိုက် နည်းသွားလျှင် ဖြစ်စေ၊ လည်ချောင်းအ အသံကြောတွေများ နွမ်းလျ နာကျင် လာလျှင် ဖြစ်စေ စကားသည် ရပ်သွားရ၏။

*အတွေးကား . . . ရပ်ပစ်ရမလွယ်ကူချေ။* ကိုယ့်ဘာသာ ကိုယ်ရပ်ပစ်လိုက်လျှင်လည်း သူ့ဘာသာသူ တွေးနေတတ်၏။ ဝမ်းထဲက လေတွင်သာမက ဦးနှောက်ထဲက လေတွေ ရပ်စဲကုန်သည့်တိုင်အောင် အတွေးသည် ဆက်လက်၍ ချိတ်ဆက်ဆဲဖြစ်သည်။

ထို့ကြောင့် ထွတ်မင်းသည် အတွေးကို စလိုက်မိသည်နှင့်





တစ်ပြိုင်နက် အမျှင်ကြီး တန်းနေရခြင်းဖြစ်ပေ၏။ ခက်သည်ကား သူသည် မတွေးပဲနေ၍ မဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော် သူသည် လမ်းပေါ်တွင်ဖြစ်၏။ တစ်နေရာသို့ ဦးတည်၍ သွားနေခိုက်ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးတွင် စကားပြောချင်၍မှ ပြောမဖြစ်ချေ။ တစ်ယောက်တည်း . . .

“ဟဲဟဲ . . . နေကောင်းရဲ့လား ဩော် . . . တိုက်ဖျိုက် ဖြစ်ချင်တာ နေမှာပေါ့၊ ထမင်းစားပြီးပြီလား ဟုတ်ကဲ့ . . . တစ်ခါ တလေတော့ ခရမ်းချဉ်သီး ငါးပိချက်ကလေးက ခံတွင်းလိုက် တတ်ပါတယ်၊ ဟဲဟဲ . . . ” စသည်ဖြင့် စကားပြောလာလျှင် နောက်က ကျော်တက်သူများ တူရှုက လာသူများသည် လိုအပ်သည် ထက်ပို၍ သူ့ကို ကွင်းသွားကြမည်ဖြစ်၏။ တစ်ယောက်တည်း စကား မပြောပဲ မြင်သမျှ လူတွေကို လိုက်စကား ပြောနေလျှင် ခရီးသော် လည်း ဖင့်ရမည်။ အတီးသော်လည်း အသင့်ရမည် ဖြစ်၏။

အေးအေးဆေးဆေး ပုံသဏ္ဍာန်မျိုးဖြင့် လက်ကလေး လွှဲပြီး သီးချင်းကလေးတကြော်ကြော် ညည်းရမည်ကလည်း အချိန်မှာ နံနက် ဆယ်နာရီခွဲခန့်ရှိ၍ နေပူကျဲကျဲ ဖြစ်သည်။ သီချင်းသံကြား၍ မသာ ယာနိုင်သော အချိန်ဖြစ်သဖြင့် ခဲဖြင့် ချောင်း၍ ပစ်ပေါက်ခြင်းကို ခံရစရာအကြောင်းသည် ရှစ် ဆယ်ရာခိုင်နှုန်း သေချာနေသည်။ ယင်းသို့သော အကြောင်းများကြောင့် ထွတ်မင်းသည် မရယ်မပြုံးနိုင် ပါးစပ်ကြီးစေ့ကာ လမ်းသွားရင်း တွေးတောနေမိခြင်း ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



**တွေးပြန်တော့လည်း အမျှင်တန်းရသည်။**

ဘာတွေကို တွေးနေပါသနည်း။ သိပ်ပြီး သိရ လွယ်ပါသည်။ ထွတ်မင်းတွေးလျှင် အကြောင်းအရာ တစ်ခု တည်းကိုသာ တွေး၏။ သူ့တွင် တွေးစရာမှာသည် အကြောင်းအရာ တစ်ခုတည်းသာ ရှိသည်။ ကာရီဘီးယင်း ပင်လယ်၏ ရေိယာသည် စတုရန်းမိုင်ပေါင်း ၁၁၄၅,၂၀၀ လား ၁၁၄၅၁၀၀ လားဟူသည်ကို သူမတွေးပါ။ ကာရီဘီးယင်း ပင်လယ်ကို စိတ်ဝင်စားဖို့ဝေးစွ၊ ထွတ်မင်းသည် ကြားပင် မကြားဖူးခဲ့ချေ။ သို့ဖြစ်လျှင် ဖာရင်ဟိုက်မှ စင်တီဂရိတ်ကို ပြောင်းရာတွင် ၃၂ ကိုနုတ်၍ ၅ ဖြင့် မြှောက်ကာ ဘာနှင့်စား ရသနည်းကို တွေးနေခြင်းလော။ ဝေးစွ ခြောက်ပါ။ ဖာရင်ဟိုက်နှင့် စင်တီဂရိတ် စသည့် ဖျော်ရည်များကို သူမသောက်ဖူးပါဟု သူက ဖြေပါလိမ့်မည်။ ကြောင်သက်တမ်းနှင့် ခွေးသက်တမ်းတို့တွင် ဘယ်သင်းက ပို၍ ရှည်သည်ကို တွေးကောနေခြင်းလား။ ဝေးလှပါ၏။ သူ့စိတ်ထဲတွင် ကြောင်နှင့် ခွေးတို့သည် သက်တမ်း ၂ နှစ်စီ လောက်သာ ရှိသည်ဟု ထင်နေ၏။ မည်သို့ပင် ဖြစ်စေကြောင်နှင့် ခွေးကိုထားဦး ပုရွက်ဆိတ်နှင့် ပုရစ်တို့၏ သက်တမ်းကိုလည်း သူစိတ်မဝင်စားပါ။

**ဘာဆိုင်လို့ ဒါတွေကို တွေးနေရပါမည်နည်း။**

**မျိုးမိသူဇာ . . .**

**ဟုတ်ကဲ့။ သူအလွန် စိတ်ဝင်စားသည်။ စိတ်ဝင်စားလွန်းအားကြီး၍လည်း လစ်သည်နှင့် တစ်ပြိုင်နက် စိတ်ဝင်စား**





**ကြောင်း ဖွင့်ပြောပြီးဖြစ်သည်။**

"မျိုးမိသူဇာရေ . . . ကိုယ်ဟာ မင်းကို စိတ်ဝင်စားလွန်းလို့ လက်ကတောင် မချနိုင်ဘူး . . ."ဟုတော့ သူမပြောခဲ့ပါ။ သူက ရိုးရိုးနှင့် ရှင်းရှင်းကလေးပင် . . .။

"မျိုးမိသူဇာရေ . . . မင်းကို ကိုယ်ချစ်တယ်ကွာ" ဟု ဖွင့်ဟ ကြေငြာခဲ့ပါ၏။

သို့သော် . . . ကောင်မလေးသည် သူ့ကိုပြန်၍ ကြိုက်သလား . . . ဘာမျှပြန်၍ မကြေငြာသဖြင့် သူသည် တွေးနေရခြင်းဖြစ်၏။ မကြိုက်လို့ ရိုက်ပစ်လိုက် ခြင်းခံရလျှင် တောင်မှ အတွေးမျှင်သည် ပြတ်နိုင်သည်။

ယခုတော့ . . . သူက ဤသို့ ဖွင့်ဟလိုက် သည်၏ အဆုံးတွင် ကောင်မလေးက "အဟင်း" ဟု မအောင့်မအီးနိုင် ရယ်ပစ်ခဲ့၏။ ထွတ်မင်း ဘယ်လို အဓိပ္ပာယ် ကောက်ရမှန်းမသိ ဖြစ်ရတော့သည်။

**"ဦးခေါင်းနှစ်လုံးသည် ဦးခေါင်းတစ်လုံးထက်ပို၍ ဦးထုပ်မိုး ပိုကုန်သည်"**ဟူသော စကားအရ သူသည် သူငယ်ချင်းများကို ဖွင့်ဟ မေးကြည့်ခဲ့သည်။

ပထမ တစ်ယောက်က တက်ထွန်းဖြစ်၏။

"ဟေ့ . . . တက်ထွန်းရ . . . ၊ကောင်မလေး တစ်ယောက်က အဟင်းလို့ ဆိုရင် ဘယ်လိုသဘောလဲ ကွ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ရှင်းပါတယ်၊ ရယ်တဲ့သဘောပေါ့"

သူလည်း မဟာန်သေး။ ထို့ကြောင့် ဖော်အေးထံ ချဉ်းကပ်၍ ပြန်သည်။

"ဖော်အေး . . . မင်းတော့ စဉ်းစားတတ်မလား မသိဘူး . . ."

"ဟာ . . . စဉ်းစားတတ်ပါတယ်ကွ၊ ငါ့မှာလဲ ဦးနှောက်နဲ့ပဲဟာ . . ."

"နေပါအုံးလေ၊ ငါ့စကားဆုံးအောင် နားထောင်ပါအုံး"

"ဩော် . . . စောစောက မင့်စကားဆုံးသွားပြီ ထင်တာကိုး . . ."

"မဆုံးသေးပါဘူးလေ. . . "

"ဩော် . . . မင့်စကားက မဆုံးသေးပဲ ဖုတ်လိုက် ဖုတ်လိုက် ဖြစ်နေတာကိုး၊ ဒါဖြင့်လဲ ဆက်ပြောလေကွာ. . ."

"ဒီလိုကွ. . . "

"ဘယ်လိုကွဘာလဲ. . . "

"နေစမ်းပါအုံး . . . "

"နေကိုစမ်းရင် ပူသပေါ့ကွာ. . . "

"နောက်မနေပါနဲ့လေ. . . "

"မင်းအရှေ့မှာပဲ ရပ်နေတဲ့ ဥစ္စာ. . . "

"ဟယ် . . . ခွကျလုပါတကား. . . "





"အဲဒါ ဘောင်းဘီအပေါ်စကို ဆွဲတင်ရတယ်ကွ . . ."

"ဟော့ . . . ကောင်းကောင်း ပြောနေတာကွ၊ ကောင်မလေး တစ်ယောက်က အဟင်းဆိုရင် အဲဒါ ဘာကို ဆိုလိုသလဲ . . ."

"ဒါမျိုး ခက်တာမှတ်လို့၊ မင်းမှတ်ထား။ ကောင်မလေး တစ်ယောက်က အဟင်းလို့ဆိုလိုက်ရင် အဲဒါ ချောင်းဟန့်တာပဲကွ၊ ငါ့ဦးနှောက်က မသေးပါဘူးကွာ"

ထွတ်မင်း စိတ်ပျက်ပျက်နှင့် ခွာခဲ့ရသည်။

သည်အကောင်တွေ ငတုံးချည်းပဲ ဖြစ်ကြ၏။ သူကတော့ သည်လိုပဲ မှတ်ချက်ချခဲ့သည်။ သို့သော် သူကိုယ်တိုင်လည်း မျိုးမိသူဇာ၏ 'အဟင်း' ကို အဓိပ္ပာယ် မဖော်နိုင်ခဲ့ပါ။ ထို့ကြောင့် ငါလဲပဲ ငတုံးပါပဲ ကလားဟု သူ့ကိုယ်သူ မှတ်ချက်ကို မလွဲသာ မရှောင်သာချခဲ့ရသည်။

ထွတ်မင်းသည် သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

ရောက်ခါနီးပါပြီ၊ သူ၏ဦးတည်ရာဖြစ်သော မျိုးမိသူဇာ၏ နေအိမ်သို့ ရောက်ခါနီးပါပြီ၊ သည်ကောင်မလေးကို တွေ့မှ လူတကာတွေ ဝိဝါဒမကင်းဖွယ်ရာ စကားမျိုး ဖြစ်သည့် 'အဟင်း' တွေ 'အဟတ်'တွေ 'အဟွတ်'တွေ 'အဟပ်'တွေ လုပ်မနေပဲ လမ်းပေါ်ကလူပင် နားလည်နိုင်သည့် "ကိုထွတ်မင်းကိုလေ မျိုးမိက ချစ်ပါသတဲ့ရှင်" ဟူသော စကားမျိုးကို ရှင်းရှင်း ပြောနိုင်းမည်ဟု စိတ်ထဲတွင် ပိုင်းဖြတ်လိုက်သည်။

ထိုအခိုက်တွင် သူ့ရင်သည် လေးကန် ဖြစ်သွား၏။

ကောင်မလေး ပြောမှပြောပါ့မလား ။

www.burmeseclassic.com

www.burmeseclassic.com



သူ့နားတွင် ကောင်လေးတွေ ရစ်သီရစ်သီနှင့် ရှိကြသည်။ ထွတ်မင်းသိသမျှပင် ခင်မောင်သီ၊ မျိုးမောင်မောင်တို့ ရှိနေ၏။ သူတို့ တစ်တွေကကော မျိုးမိသူဇာကို အလုကြည့်နေကြပါမည်လား

**ခြေအေးဝမ်းယောင်နှင့် အချိန်ကုန် လူပန်းခံကာ အလကား ရစ်သီရစ်သီနှင့် လုပ်နေကြပါမည်လား။**

ထွတ်မင်း ကိုယ်နှိုက်ကပင် မျိုးမိသူဇာကို "ချစ်နေပါပြီ" ဟု ဖွင့်ပြောခဲ့၏။ သည်ကောင်တွေကကော ဖွင့်မပြောဘူး ထင်နိုင် ပါသလား သင်းတို့တွင်လည်း ပါးစပ်ကြီးများနှင့် ဖြစ်သည်။ ပြီးတော့ သူတို့ သည်လည်း မျိုးမိသူဇာ ကောင်းကောင်း နားလည်သော မြန်မာစကား တတ်ကျွမ်း ကြသည် ချည်းဖြစ်ကြ၏။

"တောက် . . . "

ထွတ်မင်းသည် သတိလွတ်သွားကာ လမ်းသွားရင်း တောက် ခတ်လိုက်မိ၏။ အမှိုက်သိမ်းသော ကားကြီး၏ ဘေးနားတွင် ယောင်ပေယောင်ပေလုပ်နေသော ခွေးတစ်ကောင်သည် သူ့ထံသို့ အမြီးနှံ့၍ ပြေးလာ၏။ ထွတ်မင်းသည် မျိုးမိသူဇာအပေါ်တွင် မကျေမချမ်းဖြစ်သမျှ ခွေးကို ပိတ်ကန်ရန် ကြံလိုက်၏။

ခွေးသည် ရုတ်ချည်းပင် အမူအရာပြောင်းသွားသည်။

နှံ့နေသော အမြီးသည် မတ်မတ်ထောင်၏။ ပေထား သော နားရွက်နှစ်ခုသည် ရှေ့သို့ကုပ်လာသည်။ အပေါ် နှုတ်ခမ်း လက်ဝဲဘက်အခြမ်းသည် ရှုရှုကလေးကြွ တက်နေ၍ အစွယ်





သွားအချို့တို့ ပေါ်လာကြသည်။ ပြီးတော့ သူ့ထံမှ ဘက်ထရီ အားမကောင်းတော့သော ကားတစ်စီးစက်နှိုးသံလိုလို ပေါ်ထွက် လာ၏။

ထိုအခါ ထွတ်မင်းသည် မျိုးမိသူဇာကို မကာန်ရဲ သလိုပင်၊ ခွေးကိုပင် မကန်ရဲတော့ပဲ ကုပ်ကုပ်ကလေး ဆက်လက် ထွက်ခွာလာ သည်။ အမှိုက်သိမ်းကားပေါ်မှ လူငယ်တစ်ယောက်သည် သူ့ကို ကြည့်၍ ပြုံးစိစိနှင့် ကျန်ရစ်ခဲ့ကြ၏။

တွေးပြန်တော့လည်း အမျှင်တန်းရ၏။

လောကတွင် အထူးသဖြင့် ဤမြန်မာပြည်ကြီးတွင် ဥပဒေ တစ်ရပ်တော့ အမှန်ပင်လိုအပ်နေချေပြီ။

**"ပန်းတစ်ပွင့်ကို လိပ်ပြာတစ်ကောင်သာ ရစ်ဝဲခိုလှုံ ခွင့်ရှိသည်"** ဟူသော ပြဋ္ဌာန်းချက်ပါသည့် ဥပဒေပင် ဖြစ်သည်။

**ယခုတော့ မပေဒါက တစ်ပင်တည်း၊ ဘဲအုပ်က ဖောခြင်း သောခြင်း ဖြစ်နေ၏။** မျိုးမိသူဇာနှာသို့ မိမိ တစ်ဦးတည်းသာ ကပ်နိုင်ခွင့် လိုင်စင်ရှိလျှင် အဘယ်မျှ ကောင်းပါလေအံ့နည်း။

အမျှင်ပြတ်ရလေပြီ၊ မတွေးချင်တော့၍လည်း မဟုတ် မတွေးနိုင် တော့၍လည်း မဟုတ်ပါ၊ မျိုးမိသူဇာ၏ အိမ်ထဲရောက် ကောင်မလေး၏ ဖခင် ဦးညိုဝ၏ ပုတင်းလှသော ဝမ်းဗိုက်ကြီးသည် သူနှင့်တထွာ သာသာခန့်တွင် မားမားကြီးရပ်၍ ကြံ့ကြံ့ခံနေသော ကြောင့်သာ ဖြစ်သည်။

"အလို . . . မောင်ထွတ်မင်းပါလား . . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကျွန်တော် မောင်ထွတ်မင်းပါ"

"အေး . . . မင်းကိုး . . . ."

"ဗျာ : . . ."

"ခြော် . . . မင်းလို့ ပြောတာပါ. . ."

"ဟုတ်ကဲ့ . . . ကျွန်တော်ပါပဲ . . . "

"စောစောက ငါက မင်းလို့ မထင်မိပဲကိုး . . ."

"ငါကတော့ မင်းမဖြစ်နိုင်ပါဘူး၊ ငါကအမှန်ယောဂ၊ မင်းကတုမှ ယောဂကို၊ ဒီနှစ်ခုက ကွဲပြားပါတယ် . . "

ထိုခဏတွင် ကုတ္တိလိပ်သံ တစ်ခုသည် ပီပီပြင်ပြင် ထွက်ပေါ်လာ၏။ အသက်ကတော့ ထောက်ပါသည်။

"ဘာပယောဂများ ကွဲပြားနေတာလဲ၊ ဟောတော့ . . . မောင်ထွတ်မင်း . . ."

အတွင်းဘက်က မျိုးမိသူဇာ၏ မိခင် ဒေါ်အေးသွင် ထွက်လာခြင်း ဖြစ်သည်။ ဒေါ်အေးသွင်၏ စကားကို ကြားသောအခါ ဦးညီဝက မျက်လုံးပြူးသွား၏။

"ဟေ . . . ဒီကောင် ဘယ်တုန်းက နာမည် ပြောင်းလိုက်သလဲ"

"ဘယ်မှာ ပြောင်းလို့လဲရှင့် . . ."

"ဟောတော့ . . . မောင်ထွတ်မင်းဆို . . ."

"ခြော် . . . ဒီမှာကိုညီဝ၊ ဖယ်စမ်းပါ။ မောင်ထွတ်မင်း





အတော်ပဲဟေ့ . . ."

ဦးညီဝသည် ဘေးသို့နည်းနည်း ဖယ်ပေးရင်းက တစ်ချီထပ်၍ မျက်လုံးပြူးပြန်၏။ ဤပုဂ္ဂိုလ်ကြီးသည် မျက်လုံးများကို အလကားရတိုင်း ပြူးပြူးနေရှေ့သလားဟု ထင်မှတ်ရသည်။

"ဟ . . . မအေးသွင်၊ ဘာနဲ့အတော်ပဲ ဖြစ်နေရတာလဲ၊ ဒီကောင့်အတွက် မင်းက ခေါင်းစပ်ကြည့်နေသလား . . ."

ဒေါ်အေးသွင်က မျက်စောင်းထိုးပစ်လိုက်၏။

"ကိုညီဝ ဖယ်စမ်းပါဆိုရင် လွတ်လွတ်ဖယ်စမ်းပါ၊ ဒီမှာ မောင်ထွတ်မင်း သမီးက မင်းကို မှာသွားတယ်"

ဦးညီဝသည် တစ်ချီမျက်လုံးပြူး ပြန်လေ၏။ ဟုတ်ချေပြီ။ ဤပုဂ္ဂိုလ်ကြီးသည် မျက်လုံးများကို ဝါသနာနှင့် ပြူးပြူးနေသူ ဖြစ်ရပေတော့မည်။

"ဟ – ဒီကောင်က အမှာစာနဲ့ အကြောင်းကြားမှ လာတတ်သလားဟေ့ . . ."

ဤအခါတွင်တော့ ဒေါ်အေးသွင်သည် ဦးညီဝကို ဂရုမစိုက်တော့ချေ။ ထွတ်မင်းနားသို့သာ အတွင်းကပ်ရင်း လက်မောင်းကို တို့ကာပြော၏။

"သမီးက မှာသွားတယ်၊ တကယ်လို့များ မင်း ရောက်လာရင် သူ့ကို အကြိုနိုင်းလိုက်ပါတဲ့၊ သွားကြို လိုက်ပါကွယ် . . ."

ထွတ်မင်းသည် တစ်လမ်းလုံး မှုန်ကုပ်ကုပ်ဖြစ်လာခဲ့ သလောက် ယခုအခါတွင်ကား ရွှင်ပျလန်းဆန်းသွား ရတော့သည်။ နှုတ်ခွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးသွက်လက်လှ၏။

"ဟာ . . . သွားကြိုရ မှာပေါ့ ဒေါ်ဒေါ် သူကဘယ်မှာလဲ . . ."

ဦးညီဝက် အိမ်တွင်းဘက်သို့ လှည့်ခွာသွားရင်းက ချာကနဲ လှည့်၍ ပြောလိုက်သေး၏။

"စောစောကတော့ ရေချိုးခန်းထဲ ဝင်သွားတာ ငါတွေ့လိုက် တာပဲ. . ."

ဤအချိတွင်တော့ ထွတ်မင်း မျက်လုံး ပြူးရတော့သည်။ ***အလကားရ၍လည်းမဟုတ်၊ ဝါသနာကြောင့်လည်းမဟုတ် ပြူးရေးရိုက ပြူးအပ်စွာတည်းဟူသကဲ့သို့ပင် အခြေအနေ တောင်းဆို၍ မျက်လုံးပြူးရခြင်း ဖြစ်သတည်း။***

မျိုးမိသူဇာကို ရေချိုးခန်းထဲ ဝင်၍ သွားကြိုရမည်လား။ မိမိ နားများသည် ညဥ့်အိပ်စဥ်က ဖိအိပ်ခဲ့၍များ ကောက်ကွေ့ လိမ် ချွတ်ယွင်းကုန်ပြီးလား။ မျိုးမိသူဇာကကော အဘယ်ကြောင့် ရေချိုး ထဲဝင်ရာတွင် မိမိကို တကူးတက ဝင်ကြိုရန် မှာကြားရပါသနည်း။

"ဩော် . . . ဟုတ်ကဲ့ အအေးမိမှာစိုးလို့ ရေနွေး ကျိုခဲ့ တယ်ထင်တယ် . . ."

ထွတ်မင်းက ထင်ရာတွေပြောလိုက်၏။ ဒေါ်အေးသွင်သည် ဦးညီဝဘက်သို့ မျက်စောင်းမထိုးတော့ပဲ ပြည့်ပြည့် ဝဝကြီး လှည့်ကြည့် သည်။ မမီတော့ချေ။ ဦးညီဝသည် သွက်လက်သော ခြေလှမ်းများဖြင့်





မြင်ကွင်းမှ လွတ်ကင်းအောင် ရှောင်တိမ်းသွား ချေ၏။

ထိုအခါမှ ဒေါ်အေးသွင်သည် ထွတ်မင်းဘက်သို့ ပြန်လှည့်သည်။

"ဒီလိုကွဲ့ – မောင်ထွတ်မင်းရဲ့၊ မျိုးမိသူဇာက ဒီဘက် လေးအိမ် ကျော်က အလှူအိမ်ကိုသွားတယ်၊ ဒီအိမ်က ခါတိုင်းလဲ သွားနေ ကျပါပဲ လေ၊ ဘာဖြစ်လို့ မောင်ရင့်ကို ကြိုခိုင်းတယ်မသိဘူး။ တကယ်လို့များ မောင်ရင်လာရင် လာကြိုပါလို့မှာသွားတယ်"

ထွတ်မင်းသည် ထခုန်မိတော့မလောက် ဝမ်းသာသွား၏။ မျိုးမိသူဇာသည် အလွန်တရာ ကွာဝေးလှသော ပလူတိုဂြိုဟ်သို့ သွား နေစေကာမူ ထွတ်မင်းတစ်ယောက် လိုက်၍ ကြိုမည်သာဖြစ်၏။ ယခုတော့ လေးအိမ်ကျော်ကလေး မှချသွားကြိုပါမည်။ အပြန်ခရီးသည် တိုတောင်း သည်မှန်ပါ၏။ သို့ရာတွင် ချစ်သူတို့၏ဘဝတွင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်ကာလကလေးသည်ပင် နှစ်ယောက်တည်းသာ ဆိုလျှင် အလွန်အရေးပါလှသည်။

ထွတ်မင်းချာကနဲ လှည့်ထွက်လာ၏။ သုံးလေးလှမ်းခန့် လှမ်းဆဲ မိပြီးမှ မိမိ၏အပြုအမူသည် ရိုင်းပသယောင်ယောင် ထင်မြင်မိလာသဖြင့် ချာကနဲပြန်လှည့်ခဲ့ပြန်သည်။

ဒေါ်အေးသွင်သည် ထွတ်မင်းလှည့်ထွက်သွား၍ ကိစ္စပြတ်ပြီ ထင်ကာ အတွင်းဘက်သို့ ပြန်လှည့်မည်ပြုစဉ်၊ ထွတ်မင်းက ကွေ့၍ ပြန်လာပြန်သဖြင့် ဆတ်ကနဲ ကိုယ်ကို ပြန်လှည့်ရပြန်လေရာ ခါးအိမှ မျက်ကနဲဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမယ် . . . ကျွတ် . . . . ကျွတ် . . . "

"ဘယ်လိုဖြစ်သွားတာလဲဒေါ်ဒေါ် . . ."

"ရှိပါစေတော့ကွယ်။ မောင်ရင်ဘာကျန်ရစ်ခဲ့လို့တုန်း . . ."

"နှုတ်ဆက်ဖို့ ကျန်ခဲ့လို့ပါ၊ မျိုးမိသူဇာကို ကျွန်တော် အခုပဲ သွားကြိုပါ့မယ် . . ."

ထွတ်မင်းသည် နှုတ်ဆက်ပြီး ပြန်ကွေ့ထွက်လာသည်။ သူ့ခြေထောက်သည် မြေကြီးကိုပင် မထိသယောင် ခံစားရ၏။ သို့သော် ဒေါ်အေးသွင် ခမျာကတော့ တော်တော်ပင် ထိသွား သယောင် ခံစားရကာ ခါးကိုလက်တစ်ဘက်ဖြင့် ထောက်ပေးရင်းက၊ ဦးညိုဝ ကတ်သီးကတ်သတ် စကားတွေ ပြောချင်မည်ဆိုကလည်း ပြောချင် သဖွယ် သူငယ်လေးပါ ကလားဟု တွေးတောရင်း ပြန်လှည့်ဝင် သွားသည်။ သို့သော် သည်တစ်ကြိမ်တွင်တော့ ဖြည်းဖြည်းသက်သာ ကွေ၍ ဝင်ရ၏။ စိတ်မချသဖြင့် ဦးခေါင်းကိုတော့ သမင်လည်ပြန် လှည့်ထားရသည်။ ထွတ်မင်း သည် စိတ်မချရချေ။ တစ်ချိုချာကနဲ ပြန်ကွေ့လာလျှင် မိမိ၏ ခါးဆစ်ရိုး ကျွတ်ကနဲ ကျိုးသွားနိုင်၏။

ဘုရားမ, ပါ၏။ ထွတ်မင်းခြံဝက ထွက်သွားပါလေပြီ။

အလျှုအိမ်ဝသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လူရွယ် တစ်ယောက်သည် ထွတ်မင်းဆီသို့ ဦးတည် လျှောက်လာရင်း "ကြွပါ ကြွပါ" ဟုဆိုသည်။

အလှူအိမ်ဆိုတော့လည်း သိသိ၊ မသိသိအကြွ ခိုင်းသည်မှာ





ခမ္မတာပင်ဖြစ်သည်ဟု ထွတ်မင်းကတွေးရင်း "ဟုတ်ကဲ့ . . . ဟဲ . . . ဟဲ . . ." အခြေအနေ တစ်မျိုးကြီးကို စကားတစ်မျိုးကြီးဖြင့် ထုတ်ဖော် လိုက်သည်။

"ထီးကို ကျွန်တော့်ပေး . . . ထီးကို ကျွန်တော့် ပေး . . ."

လူရွယ်က ဖျာဖျာသလဲပြော၏၊ ထွတ်မင်းသည် သူ့လက် တွေကို သူငုံ့ကြည့်သည်။ ငုံ့ကြည့်မည်သာကြည့်သည်။ အိမ်က ထွက်လာက တည်းက သူ့တွင် ထီးမပါသည်ကို သူကောင်းစွာသိ၏။ သို့တိုင်အောင် လူရွယ်က ဗီဗီသသကြီး ပြောလိုက်သဖြင့် " ငါ ဘယ်သူ့ ထီးကြီးများ ယောင်ဆွဲလာမိပါလိမ့်မလဲ" ဟူသော အတွေးဖြင့် လက်တွေကို ပြန်ငုံ့ကြည့် မိခြင်းဖြစ်သည်။

မိမိ၏လက်နှစ်ဘက်စလုံးတွင်လည်းကောင်း ပခုံး ချိုင်းကြား စသော နေရာများတွင်လည်းကောင်း၊ ထီးလုံးဝ မပါသည်ကို သေချာ မှ၊ ထွတ်မင်းသည် လူရွယ်ကို ပြန်မော့ကြည့်၏။ လူရွယ်သည် နီးကပ် နေပေပြီ။ သူ၏အကြည့်များကား ထွတ်မင်း၏ ဦးခေါင်းအပေါ် တစ်တောင်ခန့် လွန်နေ၏။ ထို့ကြောင့် ထွတ်မင်းသည် နောက်သို့ ချာကနဲ လှည့်ကြည့်သည်။ နောက်နားကပါလာသော လူကြီးသည် သူ့ထက် အရပ်တစ်တောင်ခန့်ပိုမြင့်၍ ထီးကိုပိတ်နေ၏။

ဤတွင်မှ လူရွယ်သည် မိမိကိုကြိုဆိုခြင်း မဟုတ်သည်ကို သိကာ ထွတ်မင်းသည် လူရွယ်၏ဘေးမှ ရှက်ရှက်နှင့် ပူးကနဲ တိုးဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဂူးကန်တိုးဝင်သဖြင့် အင့်ကနဲ ဆောင့်မိ၏။

"ဘယ်လိုလဲ ကိုထွတ်မင်းရဲ့၊ ဒီက သူလာတာ မြင်လို့ ထွက်လာတာ၊ အထဲကိုဘာဖြစ်လို့ အတင်းတိုးနေတာလဲ။ လျှုတ္တာကို စားချင်သေးလို့လား . . . ."

ထွတ်မင်းသည် ငုံ့ကြည့်၏။ သူချစ်ရသော မျိုးမိသူဇာ . . . တစ်မိုးအောက်တွင် တစ်ယောက်တည်းရှိသည့် မျိုးမိသူဇာ။

"မျိုးမိကိုတွေ့မှတော့ ဘာမှုမစားချင်ဘူး။ ကဲ . . . ပြန်မယ်"

"ပြန်မယ့်ဥစ္စာများ အထဲကို အတင်းတိုးနေရတယ်လို့ . . . ကိုထွတ်မင်းရယ်"

"ဟဲ ဟဲ မျိုးမိနဲ့ ဝင်တိုက်ချင်လို့ပါ . . ."

"လာပါ . . . ပြန်ကြရအောင် . . ."

သူတို့ ပြန်ထွက်ခဲ့ကြ၏။ ထွတ်မင်း၏ ရင်ထဲဝယ် မတရား ပျော်နေသည်။

"ဟင် . . . ကိုထွတ်မင်း၊ မကိုင်စဖူးဘာကြောင့် ထီးကြီး ကိုင်တာလဲ . . . ."

"ဟောဗျ. . ."

ထွတ်မင်း၏ စိတ်ထဲဝယ် အချစ်ကျွဲရိုင်းခတ်နေရာ၊ ဘယ်လို ဘယ်လို ယောင်ပေါင်ပြီး အလှူအိမ်ဝနားက ပြတင်းပေါက် အပြင်ဘက်တွင် ချိတ်ထားသော ထီးကြီးကို ဆွဲခဲ့မိမှန်း မသိချေ။

"ဟာ . . . ပြန်ထားဦးမှ၊ မျိုးမိဒီမှာခဏစောင့်နေ . . ."





ထွတ်မင်းသည် ပျာတီးပျာယာ ပြန်သွား၏။ မျိုးမိသူဇာကား ယ်ချင်သည်ကို အတော်ပင် အောင့်ထားရသည်။ လမ်းဘေးက သစ်ပင် ိထဲတွင် ရပ်နေသော မိန်းကလေးသည် တစ်ယောက်တည်း တခစ်ခစ် ယ်နေလျှင် လမ်းသွားလမ်းလာတွေ အံ့လာမှာ ကြောက်ရ၏။

ခဏအကြာတွင် ထွတ်မင်းပြန်ရောက်လာသဖြင့် ဆက်လျှောက် ကြသည်။ ခရီးကတိုသဖြင့် စကားမြန်မြန်ပြောမှ ဖြစ်မည်။

"ဒီမှာ မျိုးမိ . . ."

"ဒီမှာ ကိုထွတ်မင်း . . ."

"မျိုးမိကို စကားတစ်ခွန်းပြောချင်တယ်. . ."

"မျိုးမိကလဲ ပြောချင်တယ်. . ."

"ကိုယ်က အရင်ပြောပါရစေလေ. . ."

"မရဘူး၊ မျိုးမိက အရင်ပြောမယ်. . ."

"ထိုတိုကလေးပါ၊ ကိုယ်ပြောပြီးရင် မျိုးမိပြော"

"ဟင့်အင်း . . . မျိုးမိက အရင်ပြောရမှ၊ မပြောရရင် နားလဲ ထောင်ဘူး ပြောလဲမပြောတော့ဘူး . . ."

မတတ်သာပြီဖြစ်၍ ထွတ်မင်းအလျှော့ပေးရတော့၏။

"ကဲ . . . ဒါဖြင့်ပြောပါတော့ မျိုးမိရယ်"

"ကိုထွတ်မင်းကို မျိုးမိကချစ်ပါတယ်. . ."

"ဟင် . . ."

ကိုထွတ်မင်းကို မျိုးမိကပြန်ချစ်သလား မချစ်ဘူး လားလို့



www.burmeseclassic.com

www.burmeseclassic.com



မေးနေတာကြာပြီမဟုတ်လား၊ အဲဒါအခု မျိုးမိက ကိုထွတ်မင်းကို ချစ်ပါတယ်လို့ အဖြေပေးတာရှင့် သိပြီလား။ ကဲ . . . ကိုထွတ်မင်း ပြောချင်တာပြောတော့ . . .''

''မလိုတော့ဘူး . . .''

''ဘာလဲ စိတ်ကောက်တာလား . . .''

''ဟာ . . . ဘယ်က ဟုတ်ရမှာလဲ၊ အဲဒါကိုပဲ မေးမလို့၊ မျိုးမိရဲ့ အဖြေက စောသွားတာကိုး . . .''

မျိုးမိသူဇာသည် ပြုံးရယ်လိုက်သည်မှာ ပို၍ပင်လှသဖြင့် ထွတ်မင်းသည် မျိုးမိသူဇာကို ဖက်၍ ချက်ချင်းပင် မြေမျိုခံချင်စိတ် ပေါက်သွားရသည်။

''ဒီလိုမှန်းသိရင် မျိုးမိက မပြောပါဘူး။ သူက ထီးကြီး မှားဆွဲလာမိတဲ့ အကြောင်းကို ပြောမယ်မှတ်နေလို့ အဟင်းဟင်း''

''ဟာ . . . ဒီထီးစုတ်ကြီးကို ဘေးချိတ်ထားစမ်းပါ . . .''

''ဘယ်က ထီးစုတ်ကြီးရမှာလဲ။ စပရင်နဲ့ ထီးအသစ်ကြီးပါ''

''တော်ပါတော့ မျိုးမိရယ် . . . ဒီအချိန်မှာ အာရုံ အပျက်မခံပါရစေနဲ့ . . .''

''အောင်မယ် . . . ကဲနေလိုက်တာ။ မျိုးမိက ဘာဖြစ်လို့ ခုလောက် မြန်မြန် အဖြေပေးသလဲ။ သိလား . . .''

''ရင်ထဲက အချစ်တွေ အလိပ်လိုက် တက်လာလို့ ဖြစ်မှာပေါ့''

''ဘယ်က ဟုတ်ရမှာလဲ။ ကလောက ဦးလေး ဦးသီလ





ရောက်လာတော့မယ်ရှင့် . . .''

''ဘယ့်နှယ် . . . ဘယ့်နှယ်၊ ကလောတုန်းက ဘယ်သူက သီလပေးတာလဲ . . .''

''ဩော် . . . ကိုထွတ်မင်းကလဲ ကလောမြို့မှာ နေတဲ့ မျိုးမိရဲ့ ဦးလေးအရင်း ဦးသီလဆိုတာ လာတော့မယ်။ ဒါကြောင့် အဖြေကို မြန်မြန်ပေးတာရှင့် . . .''

ထွတ်မင်းမှာ မျက်လုံးများကလည်ကလည် ဖြစ်သွားရသည်။

''နေပါအုံး၊ ဦးလေးဦးသီလက သူမလာခင် အဖြေပေးနှင့်ရမယ်လို့ သံကြိုးရိုက်ထားလို့လား . . .''

''မဟုတ်ပါဘူးလေ၊ ဦးလေးက ဖေဖေ့ ညီအရင်း၊ မျိုးမိကို သိပ်ချစ်တာ၊ ဒီတော့ သူရှိတုန်း မျိုးမိတို့ စေ့စပ်ကြောင်းလမ်းမယ်။ ဦးလေးလဲ မျိုးမိဟာ မိကောင်းဖခင် သားနဲ့ အိမ်ထောင်ကျမယ်ဆိုရင် ဝမ်းသာမှာပေါ့။ ဦးလေး က လူပျိုကြီး၊ သိပ်ချမ်းသာတယ် . . .''

''ဩော် . . . ကိုယ်က အဲဒီ ဦးလေးနဲ့ လက်ထပ်ရမှာလား . . .''

''ဘာဖြစ်နေတာလဲ ကိုထွတ်မင်းရဲ့ . . .''

''ဝမ်းသာလွန်းလို့ ယောင်မှားကုန်တာပါ။ ဦးနှောက်တွေလဲ လည်ကုန်ပါပြီ။ ဒါထက် ချစ်ပြီဆိုရင်လဲ ကိုထွတ်မင်း ကိုထွတ်မင်းနဲ့ မခေါ်ပါနဲ့ မျိုးမိရယ် . . .''

''ဘယ်လိုခေါ်ရမလဲ၊ ကိုထွတ်လို့ခေါ်မယ် . . .''



www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးကြီးမဲလားလို့ ကိုမင်းလို့ ခေါ်ပါလား"

"အဲဒါက တစ်မျိုးကြီးပိုဖြစ်တာ၊ မင်းကို ဆိုရင်လဲ တော်သေးရဲ့. . ."

"ကိုမင်းပါလေ . . . ကိုယ်ရယ် မင်းရယ်၊ ခွေးကလေးရယ်"

"ဘယ်က ခွေးက ပါလာတာလဲ. . ."

"အမှိုက်သိမ်းတဲ့ ကားနားကလေ။ အို . . . ဘာတွေ ဖြစ်ကုန်တာလဲ မသိပါဘူး။ ဒီအချိန်မှာ အာရုံတွေ တစ်ခြားမရောက်ဖို့ အရေးကြီးတယ်၊ ကိုယ်ကတော့ မျိုးမိ လို့ပဲ ခေါ်ချင်တယ်"

"ကောင်းပါတယ် . . . ဒီလိုပဲ ခေါ်ပါ ကိုထွတ်ရယ်. . ."

"လာပြန်ပြီလား . . . ကိုထွတ် . . ."

"လာမှာပဲ၊ မျိုးမိကတော့ ဒီလိုပဲ ခေါ်မယ်။ မငကျေနပ်ရင် လဲသေပေါ့. . ."

"ကျေနပ်ရင်ကော . . ."

"ကျေနပ်ရင်လဲ လဲသေပေါ့. . ."

ထွတ်မင်းက မျက်ဖြူဆိုက်ဟန်ပြု၍ ကော့လန်လန် ကြီး လုပ်သည်။

"ကိုထွတ် . . . တော်တော်ကဲနေ၊ အိမ်ဝရောက်ပြီရှင့် . . ."

ထွတ်မင်းသည် သူ့အိုက်တင်ကို သူချက်ချင်း ဘရိတ် ဖမ်းလိုက်၏။ ဦးညီဝကို သတိရသွားသောကြောင့် ဖြစ်သည်။ သို့သော် မမီတော့





ပါချေ။

ဦးညီဝသည် ဝင်းခြံဝက နံပါတ်ပြားကို ရေဖတ် အဝတ်နှင့် ပုံသုတ်သင်ရင်းက သူ့ကို လှည့်ကြည့်မိသွား၏။ ကြည့်သည်နှင့် တစ်ပြိုင်နက် မြင်လေတော့သည်တည်း။

"သမီး . . . . နောက်ကိုကြိုနိုင်းရင် လူကောင်း ပကာတိကို ကြိုနိုင်းပါ သမီးရယ်။ ဝက်ရူးပြန်တတ်တဲ့ လူတွေနဲ့ ခရီးသွားရတာ သတိ သိပ်ထားရတယ်ကွဲ့"

"ဟဲ . . . ဟဲ . . . ကျွန်တော် နေကောင်းပါတယ် ဦးလေးရဲ့"

"အေး . . . အေး . . . နေကောင်းရင်လဲ ပြီးတာပါပဲကွာ။ ဒါမျိုးဆိုတာ နေမြင်ညပျောက် ဖြစ်နေတော့ ငါက စိတ်ပူလို့ပါ . . ."

ထွတ်မင်းသည် အသာကုပ်၍ ဦးညီဝ၏ ဘေးမှ ဖြတ်သွားသည်။ သူဘာတစ်ခွန်းမျှ ပြန်မပြောရဲတော့ပါ။ သည်အဘိုးကြီး ပါးစပ်က ထွက်သမျှသည် သူ့အတွက် ခံကွက်ချည်းဖြစ်နေသည်။ ယနေ့၏ ချက်သရေကလေးကို မညှိုးအောင် သူထိန်းထားရမည်သာ ဖြစ်၏။

မျိုးမိသူဇာသည်လည်း ပြုံးစိစိနှင့်ပင် သူနှင့်ယှဉ်၍ လျှောက်ခဲ့သည်။ နှစ်ယောက်သားသည် ရွှေနှင့်မြပမာ တွဲယှဉ်ရင်း အိမ်ထဲဝင်လိုက်ကြ၏။

တကယ်တော့ ဦးညီဝလည်လည်းကောင်း၊ ဒေါ်အေးသွင်သည်လည်းကောင်း၊ သမီးဖြစ်သူ မျိုးမိသူဇာကို ဦးမြဆောင်၊ ဒေါ်ခင်လေး တို့၏သားကြီး ညြရသ မောင်ထွတ်မင်းနှင့် သဘောတူသည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သမီးက လက်ခံမခံသာ စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

မည်သို့သော အတွေ့အကြုံထူးတွေကိုပဲရရ၊ ယနေ့သည် ကား ထွတ်မင်းအတွက် မင်္ဂလာအပြုတ်ရှိသော နေ့ထူး နေမြတ်ကြီးပင် ဖြစ်တော့သည်။



( ၂ )

## တွေ့ဆုံခြင်း

ရန်ကုန်မြို့လယ် တစ်နေရာတွင် ထွတ်မင်းသည် လမ်း လျှောက် လာ၏။

မျိုးမိသူဇာနှင့် နောက်ဆုံးတွေ့ခဲ့ပြီးသည့်နောက်တွင်၊ ထွတ်မင်း သည် ခြေကိုနင်းတိုင်း မြေနှင့်မထိသလိုချည်း ခံစားနေရသည်။ သူ့ အတော်ပင် ပျော်ရွှင်နေသည်။ သူပျော်ရွှင်နေသည်နှင့် အမျှပင် လောက ကြီးသည် သာယာနေ၏။

*စင်စစ်သော်ကား . . . လောကသည် ခပ်တည်တည်ပင် လောကအဖြစ် တည်ငြိမ်စွာ ရပ်တည်နေသော်လည်း ကြည့်သူ၏ စိတ်ခံစားမှု ကိုလိုက်၍ သာယာသည်၊ ရှုပ်ထွေးသည်၊ ဆေးချယ်*

www.burmeseclassic.com

www.burmeseclassic.com



*သည်၊ လှုပ်တုပ် လှုပ်တုပ်ဖြစ်သည်ဟူ၍ အသွင်ပြောင်းနေရ*

*အသုဘ ကမ္မဋ္ဌာန်းရှုလေ့ရှိသူ၏ မျက်စိတွင် လောကသည် မသာများနှင့် ပြည့်နေ၍ မြင်မြင်သမျှ ယာဉ်များမှာ စိမ္မာန်ယာဉ် တွေချည်း မြင်တတ်သလိုပင်၊ တဏှာရစ်ပြာများကို ဝါသနာပါသူ၏ မျက်စိတွင် လောကသည် ဝတ်လစ်စားလစ် ဖြစ်နေတတ်၏ နေပူလှန်းထားသော ခြင်ထောင်ကို မြင်လျှင်ပင် အတွင်း၌ နပမ်းလုံးနေသယောင် ထင်မြင်တတ်၏။*

ယခုအခိုက်အတန့်တွင် ထွတ်မင်းအဖို့ လောကကြီးသည် ကြည့်လိုက်တိုင်း သာယာရွှင်လန်းနေတော့သည်။

လမ်းဘေးက ဆိုင်များပင်လျှင် သာယာလှပနေ၏။ ဆံပြာ ကလေးများသည် တောက်ပသော အစိမ်းရောင်၊ အနီရောင်၊ အပြာရောင် ကလေးများဖြင့် လောကကို တန်ဆာဆင်နေသည်။ တိုးလိုးတွဲလွဲ ဖိနပ်တို့သည် နီညိုရောင်ကလေးများဖြင့် ရွှေသမင်အဆင်းကို ဆောင် ကြသည်။

''ဒုံး . . . ဂျိုင်း . . . ဂျမ်းကျမ်း''

ခါတိုင်းလို ဆိုလျှင် နားပူသွားပြီး တစ်နေရာထဲတွင် တစ်ယောက်တည်း ထ၍ခုန်တက် သွားနိုင်၏။ ယနေ့အဖို့ တေးသံသွင်းဆိုင်မှ ရုတ်တရက် ထွက်ပေါ်လာသောအသံသည် ပဋ္ဌသိခံနတ်သား၏ လက်မှ စောင်းကြီးသည် အောက်က သွတ်ချေ





မိုးပေါ်က ထွေးခံပေါ်သို့ လွတ်ကျလာသလား ထင်မှတ်ရအောင် မြူးရွှင်တက်ကြွနေ၏။

မျက်နှာချင်းဆိုင်က လျှောက်လာသော ကုလား အဘိုးကြီး သည်ပင် အညိုရောင်မုတ်ဆိတ်မွေးကြီးများဖြင့် လောကကို အလှဆင် နေ၏။ ထူထဲကျပ်သိပ်သော မုတ်ဆိတ်မွေးများ အလယ်မှ သန္တာနှုတ်ခမ်း သည် ကွမ်းသွေးရောင် တပြောင်ပြောင်နှင့် မပြုံ့ဝံ့ ပြုံ့ဝံ့နှင့် ထန်းတစ် များသာသာ နေရောင်ကို ပြုံ့ကြည့်နေ၏။

ဆောင်းဦးနှံနက် ထင်းရှူးတောတစ်ပိုက်တွင် ကျရောက် နေသော မြူနှင်းများကဲ့သို့ ဟီးနိုးကားငယ်တို့၏ မှုန်မှိုင်းနေသော နောက်ကျောက မှန်၏နောက်တွင် ပြည့်ကျပ်နေသော ခရီးသည် များသည်၊ ပုစွန်များကို အခွံခွာ၍ မှန်သေတ္တာထဲ အပြည့်သိပ်ထား သလို သာယာ လှပနေကြ၏။ ဘတ်စ်ကားများ၏ ဘေးပေါက်တွင် ခိုလိုက် လာကြသော သူများပင် ဘားဆပ်ကပ်ထဲက လူပဒေသာကဲ့ သို့ပင် ကျက်သရေရှိနေ၏။

ထွတ်မင်း၏စိတ်မှာ **ဤမျှပင် မြူးကြွရွှင်လန်းပြီး လောကကို သုံးဆယ့်တစ်ဘုံ၌ အသာယာဆုံး နေရာဟု ထင်မြင်နေတော့သည်။**

သို့သော် . . .။

သာယာလှသော အခိုက်တွင် မသာယာသော 'သို့သော်' ကြီးသည် အဝိစိမှ မြေကြီးပေါ်သို့ ဘွားကနဲ တက်ရောက် ပေါ်ထွက် လာတတ်သည်။ ထိုသို့ ရုတ်တရက် ပေါ်ထွက် လာတတ်သော 'သို့သော်'ကြောင့် အချို့သော လူတို့သည် ထည်ဝါခမ်းနားသော



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမှ အကျဉ်းသားဘဝသို့လည်း ပြောင်းလဲရ၏။ လမ်းဘေးအမှိုက် ကောက်နေရာမှလည်း ကိုယ်ပိုင်အိမ်နှင့် ကားနှင့် ဖြစ်သွားတတ်သည်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ဘဝမှ သားတွဲလွဲ သမီးတွဲလွဲလည်း ဖြစ်ကုန်ကြရ၏။ စောစောက ဘယ်နေရာရောက်နေမှန်း မသိပဲနှင့်လည်း ဘွားကနဲ လူကလေး ဖြစ်လာရသည်။ လူပ်ရှားအသက်ဝင် နေရာကလည်း တောင့်တောင့် ကြီးနေပြီး ရှုတင်းတင်း မျက်နှာနှင့် မသာအဖြစ်၊ လူလှယ်ခေါင် ခုတင်ကြီးပေါ်တွင် မည်သူကိုမျှ ဂရုမစိုက်ပဲ စန့်စန့်ကြီး ဖြစ်နေတတ် ပေသည်။

ဤသို့ ရုတ်တရက် ဖေါက်ကနဲ ပေါက်ကွဲ ပေါ်ထွက် လာတတ်ပါသော 'သို့သော်'သည် ထွတ်မင်း၏ လက်ရှိ အခြေအနေဘဝထဲသို့ ဖြုန်းကနဲ ဝင်ရောက်လာလေ၏။

တောင်နှင့်မြောက် ပြေးနေသော လမ်းတစ်ခုထဲသို့ ထွတ်မင်း ချိုးဝင်လာပြီးနောက် မကြာမီကာလကလေး တွင်ပင် မျက်နှာချင်း ဆိုင်မှ လျှောက်လာနေသော ခင်မောင်သီကို မြင်မိရလေတော့သည်။

ခင်မောင်သီကို မြင်လိုက်ရသဖြင့် ရင်ထဲတွင် ဖြစ်ပေါ် လာရသော ခံစားမှုကို ထွတ်မင်းသည် ပြန်လည် ဆန်းစစ်မိ၏။

မျိုးမိသူဇာနားတွင် ဝိုင်းအုံရစ်ဝဲနေကြသော လိပ်ပြာ များအနက် ခင်မောင်သီသည် အတော်ပင် အလားအလာ ရှိသော လိပ်ပြာတစ်ကောင် ပင်ဖြစ်ခဲ့သည်။ ဘေးလူတွေကလည်း ဤသို့ထင်သည်။ ခင်မောင်သီ ကိုယ်နှိုက်ကလည်း ဤသို့ ယူဆထားသည်။





မျိုးမိသူဇာကိုယ်တိုင်က မိမိကို ''ချစ်ပါသည်''ဟု ထုတ်ဖော် ဝန်ခံပြီးသည့် ယခုလိုအချိန်မျိုးတွင် မိမိသည် မယုံနိုင်စရာ အောင်နိုင်သူ ဖြစ်ပြီး၊ ယင်း ခင်မောင်သီကား အရှုံးသမားဘဝကို ရောက်နေရသူ ဖြစ်သည်။ ထိုကြောင့် မှန်းတိုင်းမပေါက်ပဲ ဆန့်ကျင်ဘက်ကြီးဖြစ်ရသူ ခင်မောင်သီသည် မိမိကို အစိမ်းလိုက် ဝါးစားချင်စိတ် ပေါက်နေမည် ဖြစ်၏။ မိမိသည် အောင်နိုင်သူ ပီပီ မမောက်မာပဲ တတ်အားသရွေ့ ချိုသာရမည်ဟု ထွတ်မင်း စိတ်ပိုင်း ဖြတ်လိုက်သည်။

ထိုကြောင့် ထွတ်မင်းသည် ခင်မောင်သီနှင့် တစ်ဂိုက်ခန့် အကွာတွင် ခင်မောင်သီ၏အကြည့်ကို စောင့်၏။ ခင်မောင်သီ သည် သူ့ကို ဖျတ်ကနဲမော့အကြည့်တွင် မြင်သွား၏။ ထွတ်မင်းက ချက်ချင်းပင် ချိုသာစွာ ပြုံးပြ၏။ ခင်မောင်သီကား သူ့ကို မြင်သည် နှင့် တစ်ပြိုင်နက် မျက်နှာနီသွားပြီး တစ်ဆင့်တက်၍ မဲပုပ်သွားသည်။

သူတို့၏ ခံစားမှုနှစ်ခုသည် ဆန့်ကျင်ထိပ်တိုက် တွေ့ကြ ရကား အောက်ပါအတိုင်း ဖြစ်ကုန်ကြလေ၏။

''ဟဲဟဲ . . . ဟဲဟဲ ''

''ဒါက ဘာဖြစ်တာလဲ. . .''

''ရယ်တာပါ ကိုခင်မောင်သီ. . .''

''ခင်ဗျားက ကျုပ်ကို ဟာသကောင်ကြီး မှတ်နေ သပေါ့လေ''

''ဟာ . . . မဟုတ်ပါဘူး၊ နှုတ်ဆက် တာပါ ''

''ကျုပ်ဒီလို နှုတ်ဆက်ပုံမျိုး မကြိုက်ဘူး. . .''



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဟုတ်ကဲ့ . . ."

"ဘာဟုတ်တာလဲ. . ."

"ခင်ဗျားမကြိုက်ဘူးဆိုတာ ဟုတ်တာလေ. . ."

"ဒါကတော့ ဟုတ်ရမှာပေါ့၊ ကျုပ်ပါးစပ်က ထုတ်ပြောထား တာပဲဟာ . . ."

"နေကောင်းသလား ကိုခင်မောင်သိ. . ."

"ကျုပ်ကို အသက်ငင်နေတယ် မှတ်သလား. . ."

"ထမင်းစားပြီးပြီလား. . ."

"ကျုပ် စားနိုင်သောက်နိုင်ပါဗျ . . ."

"ဒီနေ့ နေသာတယ်နော် . . ."

"မိုးကုန်သွားပြီးမှ နေ့တိုင်းနေသာတာပဲ။ ခင်ဗျား ကျုပ်ကို ဘာထင်လို့ ရောက်တတ်ရာရာ စကားတွေ လျှောက်ပြောနေရတာလဲ"

"ဟဲ ဟဲ နှုတ်ဆက်တာပါ . . ."

"ရယ်ပြန်ပြီလား . . ."

"ငိုဖို့ကတော့ မလွယ်ဘူး ကိုခင်မောင်သိ၊ မျက်နှာမဲ့ရုံနဲ့ မျက်ရည်က မထွက်ဘူး . . ."

"ဒီမှာ . . . ကိုထွတ်မင်း . . ."

"ခင်ဗျာ . . ."

"မထူးပါနဲ့ဗျ . . ."





"ဟင် . . . ခေါ်နေမှတော့ ထူးရမှာပေါ့ . . ."

"ထူးစေချင်လို့ ခေါ်တာမဟုတ်ဘူး . . ."

"ဒါဖြင့် ကျွန်တော့်ကို ထွက်ရပ်ပေါက်သွားပြီ မှတ်လို့ တမ်းတနေတာလား . . ."

ခင်မောင်သိ၏ မျက်နှာဖော်ပြချက် အရဆိုလျှင် ဝမ်းထဲမှ ဒေါသသည် ပေါက်ကွဲလုမတတ် ဖြစ်နေသည်ကို သိသာသည်။ ထွတ်မင်း ကတော့ ပြေလည်အောင် စကားကို လိုက်ဖြေပြောရင်းက ပို၍ဆိုးသော အခြေအနေကို ဖြစ်ပေါ်စေသလို ဖြစ်ရသည်ကား ကံတရားဟုပင် ဆိုရတော့မည်။

"ဒီမှာ ကိုထွတ်မင်း . . . မထူးနဲ့။ ခင်ဗျားက မျိုးမိသူဇာရဲ့ မေတ္တာကို ရလို့ ကျယ်မယ်မကြံနဲ့ . . ."

"အို . . . သူ့မေတ္တာက ကောက်ညှင်းထုပ်မှ မဟုတ်တာ၊ ဝမ်းချုပ်စရာ အကြောင်းမရှိပါဘူးလေ. . ."

"စကား မရှည်နဲ့၊ ခင်ဗျားနောက်ဆုတ်ပေးပါ. ."

ထွတ်မင်းသည် ကပျာကယာ နောက်လှည့်ကြည့်၏။ ခင်မောင်သိ က စိတ်ပို၍တိုသွားသည်။

"ဘာအူကြောင်ကြောင် လုပ်တာလဲ၊ နောက်ဆုတ်ပေးပါ ဆိုတာ၊ ဒီနေရာမှာ နောက်ဆုတ်ဖို့ ပြောနေတာ မဟုတ်ဘူး . . ."

"ဗျာ . . . ဒါဖြင့် ဘယ်နေရာမှာ နောက်ဆုတ်ရမှာလဲ၊ တောင်ကမ်းပါးစွန်းမှာ ဆိုရင်တော့ မလွယ်ဘူး ထင်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . အူကြောင်ကြောင်လုပ်မနေနဲ့။ မျိုးမိသူဇာနဲ့ မင်းနဲ့ မတန်ဘူး။ ငါလို သူ့ကို တင့်တောင် တယ့်တယ် ထားနိုင်တဲ့ ကောင်မျိုးနဲ့မှ တန်တာ။ မင်းရှောင်ပေးရမယ် . . ."

ထွတ်မင်းသည် တတ်အားသရွေ့ ချိုသာမည် ဟုသော ဆုံးဖြတ်ချက်သည် တိမ်ပည်းညိုအုပ်ကြီး နောက်သို့ ရောက်သွားရှသည့် နေမင်းကဲ့သို့ လုံးဝ ပျောက်ကွယ်သွားသည်။

"ကျုပ် . . . မရှောင်ပေးနိုင်ဘူး။ ဘယ်လိုနည်းနဲ့မှ မရှောင်ပေးနိုင်ဘူး . . ."

ဤတွင် တတိယအသံသည် ကြားဖြတ် ထွက်ပေါ် လာ၏။

"မရှောင်ပေးနိုင်ရင်တော့ မလွယ်ဘူးထင်တယ်. ."

နှစ်ယောက်သား ချာကနဲ လှည့်ကြည့်ကြ၏။ တိုက်ဆေးသုတ်မည့် လုနှစ်ယောက်သည် လှေကားကြီးကို ထမ်းလာကြသည်။

"အို. . . ခင်ဗျားတို့ကိုတော့ ရှောင်ပေးရမှာပေါ့ဗျ"

နှစ်ယောက်သား ဘေးနားသို့ ရွှေ့သွားကြသည်။ ခင်မောင်သီက ဆက်ပြော၏။

"ငါ့ကိုတော့ ရှောင်မပေးဘူးပေါ့၊ မင်းသတ္တိ ဘယ်နှလောက်ရှိသလဲ. . ."

"ကျုပ်သတ္တိကိုတော့ တစ်ခါမှ တိုင်းမထားဖူးလို့ ဘယ်လောက်ရှိမှန်း မသိပါဘူး၊ ဒါပေမယ့် ကျုပ်တရားသဖြင့် ရထားတဲ့ မျိုးမိသူဇာရဲ့ မေတ္တာကို လွှတ်မပစ်နိုင်ဘူးဗျ . . ."





"ဒါဖြင့် . . . ရော့ကွာ နမူနာတစ်လုံး . . ."

ခင်မောင်သီက ဆတ်ကနဲ လှမ်းထိုးသည်။ ထွတ်မင်းသည် မေးရိုးတွင် အထိုးခံရ၍ ယိမ်းယိုင်သွား၏။ သူသည်လည်း အနာဂါမ် တစ်ဦးမဟုတ်သဖြင့် ဒေါသထွက်လာသည်။ ဤကိစ္စသည် လက်သီးဖြင့် ဖြေရှင်းရမည့် ကိစ္စ မဟုတ်ပါပဲလျက် ခင်မောင်သီသည် သူ့ကို သက်သက်စော်ကားသည်ဟု ယူမှတ်ကာ သူကလည်းပြန်၍ လက်မြန်ခြေမြန်ပင် ခင်မောင်သီကို ပြန်၍ ပါးပိတ်ရိုက် လိုက်၏။

သူလက်မြန်သလိုပင် ခင်မောင်သီက ဦးခေါင်းမြန်၏။ အသာငုံ့ပေးလိုက်ပြီး ဘေးသို့ တိမ်းလိုက်သည်။

ကံဆိုးချင်သူသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ တော့၏။

ထွတ်မင်း၏ လက်ဝါးသည် ခင်မောင်သီ၏ နောက်မှ ရောက်လာသော လူကြီးတစ်ယောက်၏ပါးကို ဖျန်းကနဲ ပိတ်၍ ရိုက်မိတော့သည်။ ထွတ်မင်းသည် လူကြီးကို တစ်ချက် ကြည့်မိ၏။ အသက်ငါးဆယ်ကျော် ပုဂ္ဂိုလ်ကြီး ဖြစ်နေရာ အားလည်းနာသွား၏။ ကြောက်လည်း ကြောက်ရွံ့သွားသည်။ ဤသို့ဖြင့် သူသည် ချာကနဲလှည့်၍ ပြေးတော့၏။ နောက်ဘက်က လူကြီးက "ဟေ့ . . . ဟေ့ . . . မပြေးနဲ့ကွ။ လာခဲ့စမ်း . . . မပြေးနဲ့" ဟု အော်ပြောသံကို ကြားသည်။ ထွတ်မင်းသည် ဦးခေါင်းကို မလှည့်ပဲ အသာငဲ့ကြည့်သည်။ လူကြီးသည် ပြေးလိုက်လာ၏။

ထွတ်မင်းသည် ခွေးတွေ ပြန်ရင်းက ရှေ့တည့်တည့် ဆက်ပြေး၍



www.burmeseclassic.com

www.burmeseclassic.com



မသင့်တော်ဟု ကြံမိသည်။ ခါးပိုက်နှိုက်မှတ်၍ လမ်းသွားလမ်းလာတွေက ဝိုင်းဖမ်းမည်ကို စိုးရသည်။ ထို့ကြောင့်ပင် သူသည် နီးရာရုံးတစ်ရုံးပေါ်သို့ ပြေး၍ တက်သွားသည်။ အပေါ်ထပ် တက်သည့် လှေကားကို ဆက်တက်ရင်း အကွေ့တွင် နောက်ပြန် ကြည့်၏။ လူကြီးသည် ဆက်လိုက်လာသည်။

အပေါ်ထပ် ရောက်သောအခါ ခြေဦးတည့်ရာ စင်္ကြံ တစ်လျှောက် မျှော်ကြည့်၏။ တော်တော်ကလေးရှည်သည်။ ဤအတိုင်းဆိုလျှင် မိမိသည် စင်္ကြံ လမ်းဆုံးအကွေ့ မရောက်ခင်ကို နောက်ကလူကြီးသည် လှေကားထိပ်ကို ရောက်လာမည်။ မျက်ခြည် မပြတ်သမျှ သည်လူကြီးသည် တကောက်ကောက်လိုက် နေပေ ရော့မည်။

အသာဘေးသို့ ငဲ့ကြည့်၏။ သူ့မျက်နှာကြည်လင် သွားသည်။ ကံကောင်းလေစွ။ အိမ်သာခန်းဖြစ်သည်။ အိမ်သာ ဆိုသည်မှာ ရုံးခန်းနှင့်မတူ သူစိမ်းရော သူကျက်ပါ ဝင်ရောက်နိုင်သည့် နေရာဖြစ်၏။ ပြီးတော့ ဝင်သွားလျှင်လည်း အတွင်းတွင် ရှိနေသည့် လူက "ဟေ့လူ . . . ဘာကိစ္စနဲ့ ဝင်လာတာလဲ" ဟု မေးစရာမလိုချေ။ အိမ်သာထဲ ဝင်လာသူ၏ ကိစ္စကိုမမေးပဲနှင့် သိနိုင်ပြီ။ သိလျှင်လည်း မအံ့သြသောသဘောသည်ရှိနေ၏။

သို့ဖြင့် ထွတ်မင်းသည် ဆတ်ကနဲကွေ့ဝင် လိုက်၏။ သူ မျှော်လင့်ထားသည့်အတိုင်းပင် အတွင်းဘက်တွင် အခန်းကလေး များ





တန်းစီနေ၏။ နေရာလွတ်တွေလည်း ရှိနေသည်။ အချို့သော အိမ်သာများမှာ တံခါးပိတ်ထား၍ အချို့သော အိမ်သာများမှာ ပွင့်နေ၏။ (ဝါ) လူလွတ်နေသည်။

သို့သော် . . . သူ မမျှော်လင့်သော တစ်ခုကိုတော့ ထိတ်ကနဲ နေအောင် တွေ့ရတော့၏။ အမျိုးသမီး တစ်ယောက်သည် ထဘီကြီးကို နှံ၍ ခေါင်းငုံ့ကာ ပြန်ပြင် ဝတ်နေသည်။ သူသည် ထဘီကိုဝတ်ရင်း အတွင်းအိမ်သာတစ်ခုထဲက အဖော်ကို စောင့်နေပုံ ရ၏။ ထွတ်မင်းကား အမျိုးသမီးအိမ်သာခန်းထဲသို့ ဝင်ရောက်ခဲ့ မိလေပြီကော ။

မတတ်နိုင်ပါပြီ၊ သူရပ်နေရာသည် အပေါက်နှင့် တည့်နေ၏။ နောက်က လူကြီးဖြတ်လျှောက်လာလျှင် လှည့်ကြည့်မိသော် ဟန်းကနဲမြင်နိုင်သည်။ ထို့ကြောင့်ပင် အပေါက်ဝနှင့် ကွယ်ရာ အတွင်းဘက်သို့ ခပ်သွက်သွက် ရွှေသည်။ ထဘီဝတ်ပြီးသွားသော မိန်းမနား ရောက်သွား၏။ ထိုမိန်းမသည် မော့ကြည့်သည်။ ***မော့ကြည့်သာမှ ဘီလူးနှင့် တွေ့ရသလို မျက်လုံးကြီးများ ပြူးသွားသည်။***

"ရှင် . . . ထွက်သွား ခုချက်ချင်းထွက်သွား"

ထွတ်မင်းသည် လုပ်မိလုပ်ရာ နှုတ်ခမ်းပေါ် လက်ညှိုး ထောင်တင်၍ တိတ်တိတ်နေရန် သင်္ကေတပြရင်း . . .

"ရှူး . . . ရှူး . . ."

ဟု အသံပြု၏။ တံခါးပိတ်ထားသော အိမ်သာ ခန်းငယ်တစ်ခု၏ နောက်မှ မိန်းမအသံတစ်ခု ပျာယီး ပျာယာ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေသီ ဘာဖြစ်သလဲ၊ မြွေဝင်လာသလား. . ."

"လူဟော့ . . . မြမြရေ. . . လူကွ . . ."

ထွတ်မင်းက "ရှူး . . . ရှူး. . ." လုပ်ပြန်သည်။

"ဟဲ့ . . . . ဘာဖြစ်လို့ တရှူးရှူး ဖြစ်နေရတာလဲ ခွေးနဲ့ရှူးတိုက်လို့ ရပါ့မလား၊ ဒါရုံးကွ ခွေးရှားပါးတယ်. . ."

ကေသီသည် ခေါင်းကိုငုံ၍ လှမ်းပြောသည်။

"ရှူး . . . ရှူးက ငါကလုပ်တာမဟုတ်ဘူး၊ ဟောဒီ ဝင်လာတဲ့လူက မြည်နေတာ . . ."

"ခြော် – ရှူးရှူးပေါက်ချင်တယ်လို့ ပြောတာ ဖြစ်မှာပေါ့ ဒါမှမဟုတ်ရင်လဲ ကလေးပါလာလို့ သေးတယ်တာ ဖြစ်မှာပေါ့ . ."

"မြမြကလဲ ဘာတွေလျှောက်ပြောနေတာလဲ။ ဝင်လာတာက ယောကျ်ားကြီးကွ . . ."

"ဟောတော့ . . ."

"ဂျောက်" ကနဲ မြည်သံနှင့်တူ တံခါးတစ်ခု ပွင့်လာပြီး မြမြဆိုသူ ထွက်လာလေ၏။ အမျိုးသမီးနှစ်ယောက်သည် ထွတ်မင်းကို ရှုးရှုးဝါးဝါး ကြည့်သည်။ မြမြက ပြော၏။

"ရှင်ဘာလာလုပ်တာလဲ . . ."

"အန္တရာယ်ကြောင့်ပါ . . ."

"ဒါ မိန်းမအိမ်သာရှင့် အန္တရာယ် လွယ်မထားနိုင်ရင်လဲ ဟိုဘက် ဆက်သွား၊ ယောကျ်ားအိမ်သာခန်း ရှိတယ် . . ."





"အန္တရာယ်က လွယ်ထားရတာ မဟုတ်ပါဘူး၊ နောက်က လိုက်နေ တာပါ . . ."

"ဘယ့်နှယ် . . . ရှင့်ဆီးအိမ်ကြီးက ရှင်သွားရာကို နောက်က တကောက်ကောက်လိုက်နေသလား . . ."

"ရှူး . . . ရှူး . . ."

"ကျွန်မအခုပဲ ဆီးသွားခဲ့ပြီးပါပြီ။ ရှင်တယ်နေစရာ မလိုပါ ဘူး. . ."

"ဒီမှာ . . . တစ်ဆိတ်စကားကို တိုးတိုးပြောပါ . . .",

"အလိုတော် အိမ်သာထဲလာပြီး ရှင်နဲ့ နှစ်ကိုယ်ကြား ပြောရအောင် ချိန်းတွေ့နေတာမှ မဟုတ်တာ. . ."

"နောက်က ရန်ပြုမယ့်လူ လိုက်လာလို့ ဝင်မိဝင်ရာ ဝင်ခဲ့တာပါ။ ကျွန်တော်ချက်ချင်း ပြန်ထွက်ပါ့မယ်၊ ခုလောက်ဆိုရင် နောက်က လိုက်လာတဲ့ လူလဲအပေါက်ဝကို လွန်သွား လောက်ပါပြီ"

"ရှင် . . . ခါးပိုက်နှိုက်လာသလား. . ."

"ကြဲကြဲဖန်ဖန်ဗျာ . . ."

"ဆွဲကြိုးဖြုတ်လာတာ ဖြစ်မယ်. . ."

"ဘုရားပေးပေး . . . ကျမ်းပေးပေး ကျွန်တော် သူတော် ကောင်းပါ . . ."

"သူတော်ကောင်းက မိန်းမအိမ်သာကို ဝင်တတ်သလား၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



စာမဖတ်တတ်ဘူးလား . . .''

''ဒေါင်ဒေါင်မြေးပါတယ် . . .''

''ဒါဖြင့် အပေါက်ဝက စာကို ဘာဖြစ်လို့ မဖတ်တာလဲ''

''အပေါက်ဝမှာ စာကိုတောင် မမြင်ခဲ့မိပါဘူးဗျာ၊ ဘာရေးထား သလဲ . . .''

''အမျိုးသမီးလို့ ရေးထားတာ မတွေ့ဘူးလား၊ စာဖတ် တတ်ရင် မိန်းမအိမ်သာဆိုတာ သိရမှာပေါ့ . . .''

''နံပါတ်ကိုးကားနောက်မှာလဲ အမျိုးသမီးလို့ ရေးထား တာတွေ့တယ်။ အဲဒါကော မိန်းမအိမ်သာလား . . .''

မြမြသည် နှုတ်ခမ်းကို ကိုက်လိုက်၏။ ကေသီက ဝင်ပြောသည်

''ဒီမှာ . . . စောစောက လူကြီးတစ်ယောက် ဖြတ်လျှောက် သွားတယ်၊ ရှင်ပြန်ထွက်တော့ ရှင့်အဲန္တရာယ်ကြီး ရှင့်ကို မမြင်သွားဘူး''

ထွတ်မင်းသည် အသာပင် သူတို့နားက ခွာခဲ့ကာ အပေါက်ဝ မှ ခေါင်းကိုပြူ၍ စကြံ့ ရှေ့ကို ချောင်းကြည့်၏။ လူကြီးသည် ဆက်၍ လျှောက်သွားနေသည်။ ခပ်သုတ်သုတ် လျှောက်နေခြင်းဖြစ်၍ သူ့ ဆက်လက်၍ လိုက်နေဆဲဖြစ်ကြောင်း ထင်ရှားသည်။

ထွတ်မင်းသည် ဆတ်ကနဲထွက်၍ ခပ်သုတ်သုတ် ကလော လျှောက်သည်။ လူကြီးသည် ထောင့်ချိုးတွင် ရပ်ကာအကွေ့ကို မျှော်ကြည့် ၏။ ထိုခဏတွင် ထွတ်မင်းသည် ယောက်ျားအိမ်သာခန်းကို တွေ့၍ ခပ်သုတ်သုတ် ဝင်လိုက်၏။ ထွက်လာသော လူတစ်ယောက် နှင့် ရင်ဆိုင်





တိုးမိသည်။

''ဟော့လူ . . . ဘယ့်နှယ် အတင်းဝင်တိုးတာလဲ၊ ဒါအိမ်သာဗျ ရှားပါးကုန်ပစ္စည်းပေးတဲ့ နေရာမဟုတ်ဘူး''

''စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော် ထွက်တော့မှာမို့လို့ပါ . . .''

''အခုမှဝင်လာတာ ဘာဖြစ်လို့ လိမ်ပြောရတာလဲ။ ကျွန်တော် က ထွက်တော့မယ့်လူဗျ . . .''

''မဟုတ်ပါဘူး . . .''

''ဘာဖြစ်လို့ ပြောင်ပြင်းနေတာလဲ . . .''

''ဒီလိုပါဗျာ၊ ကျွန်တော်ဆီးသီပ်သွားချင်နေတာပါ''

ထွတ်မင်းသည် အသာ နောက်ကို စောင့်ကြည့်၏။ ထိပ်ပြောင်ကြီး နှင့် လူကြီးသည် အပေါက်ဝ ရောက်လာလေပြီ။ သူသည် ချာကနဲ လှည့်ကြည့်၏။ ထွတ်မင်းသည် စောစောကလူ၏ နောက်သို့ ကျောချင်း ကပ်ရပ် လိုက်သည်။

ထိပ်ပြောင်နှင့် အန္တရာယ်ကြီးသည် ထွတ်မင်းကိုတော့ မမြင်ချေ၊ သို့သော် အိမ်သာခန်းမှန်းသိသွားသဖြင့် ဆီးသွားချင်လာမှန်း သတိပြု မိ၏။ ထို့ကြောင့် ကွေ့ဝင်လာသည်။ စောစောက ထွတ်မင်းနှင့် စကား ပြောနေသော သူမှာ ပြန်ထွက်မည့်သူဖြစ်၍ ထိပ်ပြောင်ကြီးကို လည်းကောင်း၊ ထွတ်မင်းကိုလည်းကောင်း ဂရုမစိုက်တော့ပဲ ထွက်လာ သည်၊ လူကြီးသည် ထိုလူ၏ဘေးမှ ပခုံးချင်းတိုက်၍ဝင်လာ၏။

မတတ်သာပြီ။ ထွတ်မင်းသည် စောစောကလူနှင့် ကျောချင်း



www.burmeseclassic.com

www.burmeseclassic.com



ထိလုမတတ်ကပ်ရင်းက နောက်ပြန်ကြီး လျှောက်ပါလာ၏။ ထိပ်ပြောင်နှင့် လူကြီးသည် သူတို့ ဘေးက ဖြတ်သွားက လွတ်နေ သော အိမ်သာတစ်ခု ထဲသို့ ဝင်၏။

ထွတ်မင်းသည် လူကြီးကို ဂရုစိုက် ကြည့်နေသည် ဖြစ်ရာ အတွင်းသို့ ရောက်လျှင် လှည့်၍ တံခါးကို ပိတ်မည်။ ထိုသို့လှည့်လိုက် လျှင် မိမိကို ပက်ပင်းတွေ့နိုင်၏။ သို့ဖြင့် လူကြီးမလှည့်မီပင် ထွတ်မင်း သည် ချာကနဲလှည့်ကာ စောစောက လူဘေးက ဝိုက်တက်၍ ရှေ့သို့ အတင်းဖင်ကာ ထိုလူကို အကွယ်အကာယူလိုက်သည်။

ထွတ်မင်း ဤသို့ ပြုလုပ်လိမ့်မည်ဟု လုံးဝ မျှော်လင့် မထား မိရှာသော ထိုလူသည် ထွတ်မင်း၏ ကျောကို ဝင်ဆောင့်မိသည်။

"ဘယ်လိုလဲဗျ။ ဘာဖြစ်လို့ ကန့်လန့် ကန့်လန့် လိုက်လုပ် နေတာလဲ . . ."

ထွတ်မင်းသည် ဘာမှ ပြန်မပြောပဲ မျက်စိထောင့်မှ၏သာ နောက်ဘက်သို့ ရိုးတိုးရိပ်တိတ်ကြည့်သည်။ ထိုလူသည် ဘေးက ပန်းတက်မည်ပြု၏။ လူတစ်ကိုယ်လုံးကို ကွယ်ထားမှဖြစ်မည် ဖြစ်သော ထွတ်မင်းသည် ရှေ့ကလိုက်၍ ရွှေ့ရာ 'အင့်'ကနဲ တိုက်မိပြန်၏။ တစ်ဖန် ထိုသူသည် လက်ယာဘက်က ပန်း၍ တက်ပြန်၏။ ထွတ်မင်းက လက်ယာဘက်ရွှေ့ပြန်သည်။ အင့်ကနဲ မြည်ရပြန်လေ၏။

"ဘယ်လိုလဲဗျ။ ထုပ်ဆီးတိုးတာ ဆိုရင်လဲ ဒီဘက်လှည့်ဗျာ"

ဤအချိန်လောက်ဆိုလျှင် အန္တရာယ်ပုဂ္ဂိုလ်ကြီးသည် အိမ်သာ





တံခါးပိတ်ပြီးလောက်ပြီဖြစ်သဖြင့် ထွတ်မင်းသည် ဘေးသို့ ဖယ်ပေးကာ ထိုလူကိုပြုံး၍ လှည့်ကြည့်၏။ ထိုသူကလည်း ဘေးက ယှဉ်လျှောက် လာသည်။

"ခင်ဗျား စောစောကပြောတော့ ဆီးထွက်တော့ မလောက် ဆိုဗျ. . ."

"ဟဲ ဟဲ ကျွန်တော်က နောက်ဖေးသွားချင် လာတာဗျ၊ အထဲ ရောက်မှ နောက်ဖေးကုန်းစရာ စက္ကူမပါမှန်းသိလို့ အောင့်ပြီး ပြန်ထွက်လာတာ . . ."

"ဒါဖြင့်လဲ အောင့်နိုင်ရေလေ ကောင်းလေပေါ့လေ၊ ဆက်ပြီးသာ အောင့်သွားတော့ လမ်းမှာ လူတွေရှေ့ ကတော့ ကန့်လန့် ကန့်လန့် လိုက်မလုပ်နဲ့။ ခင်ဗျား စိမ်ကိန်းကြီး ပျက်သွားမယ်ဗျို့ . . ."

ထွတ်မင်းသည် ဘာမှပြန်မပြောတော့ပဲ ရယ်၍ ထွက်လာ ခဲ့သည်။

***သဘာဝသည် လူတွေအားလုံးကို ဦးခေါင်းခွဲတမ်းချ၍ တပ်ဆင်ပေးရာ၌ ညီညွတ်မှုတမျှ မရှိချေ။***

အချို့လူများတွင် ဦးခေါင်းသည် ပိုင်ရှင်၏ကိုယ် ခြောက်ပုံ တစ်ပုံခန့်ဖြစ်၍၊ အချို့သူများတွင်ကား ပိုင်ရှင်၏ လက်သီးဆုပ် ခြောက် ဆုပ်ခန့်သာရှိ၏။ အချို့သူများတွင် ဦးခေါင်းသည် ဖူးသီး သဏ္ဌာန်ရှိ၍ အချို့သူများတွင်ကား သစ်ဆိမ့်သီးသဏ္ဌာန် ရှိသည်။ အချို့သူများတွင် ဆံပင်သည် တံမြက်စည်းကို ဇောက်ထိုးထောင် ထားသကဲ့သို့ရှိပြီး အချို့သူများတွင်ကား ဆင်မွေးကဲ့သို့ ကျဲတိ ကျဲတောက် နိုင်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



ထွတ်မင်း၏ နောက်သို့ လိုက်ခဲ့သော ပုဂ္ဂိုလ်ကြီးကား နဖူးသည် မျက်ခုံးစပ်မှစတင်၍ လည်ကုပ်နားတွင် အဆုံးသတ်သည်ဟု ဆိုရလောက်အောင် ထိပ်ကြီးသည့် ပြောင်သလင်း ခါလှသည်။ ထိုပုဂ္ဂိုလ်ကြီး၏ရှုပါရုံအသည် ထွတ်မင်း၏ အာရုံထဲသို့ အလန့်တကြား ဝင်ရောက်လာရာတွင် ထွတ်မင်းသည် မျိုးမိသူဇာ၏ မေတ္တာတုန်ခါ မှုကိုပင် ဂရုပြုမိခြင်း မေ့မှိန်သွားသလို ထင်မှတ်ရလေသည်။

သို့သော် မျိုးမိသူဇာကို သတိတော့မေ့သည် မဟုတ်သဖြင့် သူလိုချင်သော ရေမွှေးပုလင်းကိုဝယ်ကာ မျိုးမိသူဇာ၏ အိမ်သို့ ထွက်လာခဲ့သည်။

အခန့်သင့်ပင် မျိုးမိသူဇာနှင့် တွေ့၍ ရေမွှေးပုလင်းကို ပေး၏။

"ကိုထွတ် အခု ဘယ်ကလာတာလဲ. . ."

"အိမ်ကနေ ရေမွှေးဝင်ဝယ်ပြီး မျိုးမိဆီကို တောက်လျှောက်လာခဲ့တာ . . ."

"ရေမွှေးရောင်းတဲ့ဆိုင်ကို စံချိန်ကိုက် ပြေးရသလား"

"ဟာ . . . မျိုးမိကလဲ ကြဲကြဲဖန်ဖန်။ ရေမွှေးဝယ်တာပဲ အေးအေးဆေးဆေးပေါ့ . . ."

"သိပါဘူး . . . ကိုထွတ်ကိုကြည့်ရတာ ခြေကုန် လက်ပန်းကျလာသလိုပဲ . . ."

ထွတ်မင်းသည် ကြုံခဲ့ရပုံကို မပြောချင်တော့ချေ။ ခင်မောင်သီနှင့် ကတောက်ကဆတ် ဖြစ်ရပုံကစ၍ ပြောရမည်ဖြစ်ပြီး ပြောရပြန်လျှင်





သူ့ထက်ဦး၍ ဤအိမ်နှင့် ရင်းနှီးနေသော ခင်မောင်သီ ကို ကုန်းချောရာရောက်နေမည်ဖြစ်သောကြောင့် သူမပြောလိုခြင်း ဖြစ်သည်။ သူသည် မိန်းမလိုမိန်းမရ စိတ်ထားမျိုးမရှိသူ ဖြစ်၏။

စကားကို ပြတ်စေရန် အကြောင်းအရာကို လီးလွှဲပစ်သည်။

"ဪ. . . ဒါထက် ကလောက ဦးလေးဆိုတာ"

"ဦးလေးနာမည်က ဦးဆိုတာ မဟုတ်ပါဘူး။ ဦးသီလပါ"

"ဟုတ်ပါပြီလေ၊ အဲဒီ ဦးလေးလာမယ်ဆိုတာ"

"ရောက်နေပါကောလား။ မနေ့ညနေက ရောက်တယ် . . ."

"ကိုယ်လဲ မတွေ့ပါလား . . ."

"ကိုထွတ်က ဒီဇွဲစကျွရလို့လား။ ဦးလေးက မြို့ထဲ သွားနေတယ် ဒီကနေပြီး လှမ်းမြင်လို့ရပါ့မလား . . ."

ထွတ်မင်းသည် ဝေါ်တော်ကြာကြာပင် စကားတွေ ပြောနေ၏။ သို့တိုင်အောင် သူပြန်လာသည့် အချိန်အထိ ဦးသီလ ပြန်မရောက်ချေ။ ထွတ်မင်းသည် ဦးသီလနှင့် တွေ့ရန်လာဦးမည်ဟု ပြောကာ အိမ်သို့ ပြန်လာခဲ့ ရလေတော့သည်။

သူသည် ဦးသီလနှင့် မတွေ့၍တော့မဖြစ် တွေ့ရမည်။ ဦးသီလလည်း မျိုးမိသူဇာပေါ်တွင် အရေးပါအရာရောက်သူ ဖြစ်ပေသည်။

www.burmeseclassic.com



( ၃ )

## သားမက်လောင်းဘာဖြစ်လဲ

မျိုးမိသူဇာ၏ မိခင် ဒေါ်အေးသွင်သည် အိပ်ခန်းထဲတွင် ခြင်ထောင်ကို ချုပ်နေ၏။ ထိုအခိုက်တွင် အိမ်ရှေ့ခန်းတွင် ရှိနေသော ဦးညီဝသည် ခပ်သုတ်သုတ်နှင့် ဝင်ရောက်လာပြီး ဒေါ်အေးသွင်ကို ခပ်တိုးတိုးပြောသည်။

"ဟေ့ . . . အိမ်ရှေ့မှာ ညှိသည် ရောက်နေတယ် . . ."

"ဩော် . . . ဘယ်လိုဖြစ်တာလဲ၊ ညှိသည် ရောက်တာ သရဲနဲ့တွေ့တာ ကျနေတာပဲ။ ဘာဖြစ်လို့ အခန်းထဲ ပြေးလာပြီး ပုန်းတာလဲ . . ."





"ပုန်းတာ မဟုတ်ပါဘူး၊ မင်းကိုလာပြောတာပါ။ ညှိသည် က ရိုးရိုးညှိသည်မဟုတ်ဘူး . . ."

"နတ်ဝတ် နတ်စားတွေ ဝတ်လာသလား၊ အဲဒါဆိုရင် ညှိသည် မဟုတ်ဘူး၊ အလှူခံဖြစ်ရမယ် . . ."

"မဟုတ်ပါဘူးကွ၊ ဟို . . . ထွက်တောရီဆိုတဲ့ကောင်ကွာ . . ."

ဒေါ်အေးသွင်သည် ရင်ပတ်စည်တီးဟန်မျိုး ဖြစ်သွားသည်။

"ဩော် . . . ဘယ်လိုလဲရှင့်၊ သူ့နာမည် မောင်ထွက်မင်းပါ၊ အဲဒါ . . . သားမက်လောင်းရှင့်၊ တစ်ယောက်တည်း ပစ်ထားခဲ့ပြီး ရှင်က အခန်းထဲဝင်လာရင် ရိုင်းရာရောက်တာပေါ့။ သွားပါ စကားလေး ဘာလေးသွားပြောပါ . . ."

"ဘယ်လိုလဲကွ။ သားမက်လောင်းဆိုရင် ယဉ်ကျေးပျူငှာစွာနဲ့ ငါကညှိဝတ်ပြုရမတဲ့လား၊ ခြေသလုံးကလေး ဘာလေး သွားနှိပ်ပေးရ အုံးမယ့်ပုံ ပေါက်နေပြီ . . ."

"မဟုတ်ပါဘူးလေ၊ ယဉ်ကျေးတယ် ဆိုတာ လူကြီး လူကောင်း တွေရဲ့ လက္ခဏာပဲ။ ရှင်လူကြီးလူကောင်း မဟုတ်ဘူးလား . . ."

ဦးညီဝသည် ခပ်တွေတွေ ဖြစ်သွား၏။

"ငါ လူကောင်းတော့ လူကောင်းပါ၊ ဒါပေမယ့် ငါကိုယ်ငါ လူကြီးလို့တော့ ငါမထင်သေးဘူး . . ."

"ကဲပါလေ. . . ဒါဖြင့်လဲ ညှိသည်ကို ညှိသွားခံပါ လူလေးရယ် . . . သွား. . . သွား"

www.burmeseclassic.com



ဦးညီဝသည် ကုပ်ကုပ် ကုပ်ကုပ်နှင့် ပြန်ထွက်သွားရာက အခန်းဝသို့ရောက်သောအခါ ပြန်ကွေ့လာပြန်လေ၏။

"ဟော့ မင်းက ငါ့ကို ငေါ့တာပေါ့လေ ဟုတ်လား"

"ဩော် . . . ကိုညီဝနယ်။ ကဲပါ ငေါ့တာမဟုတ် ပါဘူးတဲ့ရှင် သွားစကားပြောနေချည်ပါ။ သမီးက ဘုရားပန်းလဲ နေတယ်တော့ သွားလိုက်ပါ . . ."

ဦးညီဝသည် စိတ်ထဲတွင် တွေးတောရင်း ပြန်ထွက် သွား၏။ ညီခန်းသို့ ရောက်သောအခါ ဘာမပြော ညာမပြောနှင့် ထွတ်မင်းနှင့် ယှဉ်တွဲနေသော ကုလားထိုင်တွင် ဖုတ်ကနဲ ထိုင်ချလိုက်၏။ ထွတ်မင်းသည်လည်း လူကြီးဖြစ်သူက သူ့အနားတွင် ဝင်ထိုင်လိုက်သဖြင့် ခြေထောက်များကို ကျုံ့ကျုံ့ကလေး ဖြစ်သွားအောင် ပေါင်ကို စေ့ကပ်လိုက်သည်။ ဦးညီဝက သူ့ခြေထောက်တွေကို ငုံ့ကြည့်၏။ ထွတ်မင်းကလည်း လိုက်ကြည့်သည်။ ဤတွင် ဦးညီဝထံမှ အသံထွက်ပေါ်လာ၏။

"မင်း ဘာကြည့်တာလဲ . . ."

"ခြေထောက်ကို ကြည့်တာပါ. . ."

"ဘယ်လိုလဲကွ။ ကိုယ့်ခြေထောက်ကိုယ် မမြင်ဖူးဘူးလား"

"ဩော် . . . ဟဲဟဲ ဦးကကြည့်လို့ ကျွန်တော်က ဘာများထူးဆန်း နေသလဲဆိုပြီး လိုက်ကြည့်တာပါ. . ."

"ဟော့ . . . ငါက ခြေထောက်တွေမြင်ဖူးတာ၊ မင်းထက်ပိုကြာပြီကွ။ ဘာမှထူးဆန်းစရာ မရှိဘူး။ မင်းလုပ်ပုံ ကိုင်ပုံကိုမြင်လို့





ကြည့်တာ။ မင်းသိပ်ဝမ်းသွားချင် နေသလား . . ."

"လေတောင် မလည်ချင်ပါဘူးခင်ဗျာ. . ."

"ဒါဖြင့် ဘာဖြစ်လို့ ပေါင်ကြီးကို ဆွဲစေ့ ထားရ တာလဲ"

"ဩော် . . . ဒါက ဒီလိုပါ။ ဦးကို ရိုသေကြောင်း ပြသတာပါ"

ဦးညီဝသည် ထွတ်မင်း၏စကားကို ကြားလိုက်ရသောအခါတွင် ခေါင်းကလေးကို တဆတ်ဆတ်ညိတ်၏။

"ဩော် . . . ရိုသေရင် ပေါင်စေ့ရသလား။ ငါ တစ်လောကဘားကျွမ်းပြပွဲသွားကြည့်တယ်။ ဒီကောင် တွေ ငါ့ကို တော်တော် မရိုသေလုပ်ပစ်ခဲ့တာကိုး။ ငါခုမှ တွေးမိတော့တယ် . . ."

ထွတ်မင်းသည် *ဤပုဂ္ဂိုလ်ကြီး၏ သမီးကိုမှ အသည်းစွဲနေပြီဖြစ်ရာ သည်လူကြီးကို ရှောင်ကြဉ်ရန် ကြံစားလို့တော့ မည်သည့်နည်းနှင့်မျှ မဖြစ်တော့ပါ။* မျိုးမိသူဇာ၏ မေတ္တာကိုရ၍ ကံကောင်း၏။ သည်ပုဂ္ဂိုလ်ကြီးနှင့် ဆုံဆည်းရ၍ ကံဆိုး၏။ *လူတစ်ယောက်သည် ကံကောင်းနေခိုက်တွင် တစ်ချိန်တည်း၌လည်း ကံဆိုးနေနိုင်သည် တကား. . .။*

ထိုအခိုက်တွင် မျိုးမိသူဇာသည် အတွင်းမှ ထွက်လာ၍ မနီးမဝေး ကုလားထိုင်တစ်လုံးတွင် ဝင်ရောက်ထိုင်လိုက်၏။ သူသည် သူ့ဖခင် ဦးညီဝ၏ စကားကို နားစွန် နားဖျား ကြားလိုက်မိသည်။

"ဖေဖေက ဘာတွေများ တွေးမိနေတာလဲဟင်. ."

"ဩော် . . . ပေါင်ကားတာပါသမီးရဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



မျိုးမိသူဇာသည် မျက်လုံးပြူးသွားတော့၏။

"ဟင် ဘယ်သူက ပေါင်ကားလို့တုန်းဖေဖေ"

ဦးညီဝသည် စကားသံ မထွက်သေးပဲ အနားက ထွတ်မင်းကို လက်ညှိုးကြီးနှင့် ထွတ်ထိုးလိုက်ရာ၊ မျိုးမိသူဇာက ထွတ်မင်းကို မျက်လုံးပြူးကြည့်၏။ ထွတ်မင်းမှာ ပါးစပ်ဟသွားရ၏။

"ဟာ . . . ကျွန်တော်က ပေါင်စေ့တာပဲဦးရဲ့"

"အေးလေ . . . မင်းက ပေါင်စေ့တာပဲ၊ ဒါပေမယ့် စကားက ပေါင်ကားတဲ့ဆီကို ရောက်သွားတာကိုးကွ . . ."

ထိုခဏတွင် ဒေါ်အေးသွင်သည်လည်း သူတို့ဆီကို ရောက်သွားရာ ထွက်လာစဉ်က နေ့စဉ်သုံး ဟန်အမူအရာနှင့် ဖြစ်သော်လည်း နားစွန်နားဖျား ကြားလိုက်ရသော ဦးညီဝ၏ စကားများကြောင့် ထိတ်ထိတ် ပျာပျာ ဖြစ်သွားရသည်။

"ဟောတော့ . . . ဘယ်သူက ပေါင်စေ့လို့ ဘယ်သူက ပေါင်တွေ ကားနေရပြန်တာတုန်း . . ."

ဦးညီဝသည် ဒေါ်အေးသွင်နှင့် စကားလက်ဆုံမကျပဲပါး ထို့ကြောင့်ပင် ဒေါ်အေးသွင်ဘက်သို့ မျက်နှာချိုသွေး၍ လှည့်ပြော၏

"ဒီလိုလေကွာ ဘတ်စ်ကားပေါ်မှာ ထိုင်လိုက်တဲ့ ခရီးသည် တွေက ပေါင်တွေစေ့ပြီး ကားပေါ်က ဆင်းတဲ့ လူတွေကတော့ ပေါင်တွေ ကားကြတာ ပြောနေတာပါ"





"အောင်မယ်လေးတော် . . . ညှိသည်ကို ညှိခံပါဆိုမှ ဘယ့်နှယ်စေ့တာ ကားတာတွေ လျှောက်ပြောနေတယ် မသိပါဘူး"

"အေးပါကွာ သူကစေ့တော့ ငါကကားသလို လျှောက်ဖြစ် ကုန်တာပဲ . . ."

ဒေါ်အေးသွင် စကားပြတ်သွား၏။ သူခဏ လာရပ်သော နေရာမှနေ၍ ပြတင်းပေါက်ကို ဖြတ်ကျော်ပြီး ဝင်းပေါက်ဝမှ အဝင်လမ်းကို မြင်နေရသည်။

"ဟော့ . . . မောင်သီလ ပြန်ရောက်လာပြီ . . ."

ထိုစကားကို ကြားလိုက်ရသောအခါ မျိုးမိသူဇာသည် ခုန်ထ လိုက်၏။

"ဟော . . . ဦးလေးပြန်လာပြီတဲ့ ။ သွားကြိုလိုက်အုံးမယ်"

ပြောပြောဆိုဆိုနှင့် မျိုးမိသူဇာသည် အသော့ကလေး ပြေးထွက် သွား၏။ ဦးညီဝသည်လည်း ဒေါ်အေးသွင်နှင့် အတူ ပြတင်းပေါက်တွင် သွားရပ်၍ အပြင်သို့ကြည့်၏။ ထွတ်မင်းသည်လည်း မျိုးမိသူဇာအတွက် အရေးပါ အရာရောက်လှသော ပုဂ္ဂိုလ်ကို မြင်လိုဇောနှင့် ဦးညီဝ၏နောက် မလှမ်းမကမ်းကရပ်ပြီး ဦးညီဝတို့ကိုကျော်၍ မြင်နိုင်ရန် ခြေဖျားထောက် ကြည့်၏။

**နှလုံးသွေးသည် ဒိုင်းကနဲရပ်သွားသလား ထင်မှတ်ရသည်။**

သည်ထိပ်ပြောင်ကြီးကို ဘယ်လိုမှ မမေ့နိုင်ပါ။ တစ်ခါ မြင်ရုံမျှင် တစ်သက်လုံးစွဲသွားနိုင်သော ရုပ်ပါရုံရှင် ထိပ်ပြောင် ပုဂ္ဂိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

မျိုးမိသူဇာက ဝမ်းသာအားရနှင့် ''ဒါဟာ မျိုးမိရဲ့ ချစ်သူပါ'' ဟု ပြောကြား မိတ်ဆက်ပေးလေမည့် ပုဂ္ဂိုလ်ကျော်ကြီးသည် (စေတနာမပါ သည့်တိုင်အောင်) မိမိက ပါးရိုက်မိသော ပုဂ္ဂိုလ်ကြီး ဖြစ်နေသော ကြောင့်တည်း ။

''ဟိုက်. . .''

ထွတ်မင်းသည် လွှတ်ကနဲ အာမေဍိတ်သံပြု၍ ချာကနဲ လှည့်ကြည့်၏။ အခန်းတွေထဲ ဝင်ပြေး၍တော့ မဖြစ်ချေ။ သို့ဖြင့် တွေ့ရာ အပေါ်ထပ်သို့တက်သည့် လှေကားကို ပြေး၍တက်မိသည်။ အပေါ်ထပ်တွင် အခန်းနှစ်ခန်းရှိ၏။ သူ မဝင်ချင်ပါ။ သို့ဖြင့် ဘုရားခန်း ဘေးနားက ဖွင့်ထားသော ပြတင်းပေါက်သို့ ပြေးကပ်၏။ ပြတင်းပေါက် တွင် သံတိုင်မရှိပါ။ ထွတ်မင်းသည် ပြတင်းပေါက်ဘောင် ပေါ်တက်သည်။ မြေကြီးနှင့် တော်တော်ဝေး နေ၏။ ခုန်ချ၍ မဖြစ်နိုင်။

နောက်ကြောင်းကလည်း မအေးလှသဖြင့် သူသည် လုပ်ချင်ရာ လုပ်ရာပင်၊ ပြတင်းပေါက် အောက်ဘောင်ကို လက်နှစ်ဘက်နှင့် ကိုင်ကာ တွဲလွဲကြီး အပြင်ဘက်တွင်ခိုနေလိုက်တော့သည်။ သူ့မျက်နှာမှာ အိမ်နံရံကို ကပ်ထားသည် ဖြစ်သောကြောင့် မျက်စိအာရုံများ ဆိတ် သုဉ်းနေသည်။ ထို့ကြောင့် သူ့စိတ်သည် အဆီးအတားမဲ့ပင် ကူးနေ တော့၏။

အသက်အစိတ်အတွင်း အိမ်ပေါင်များစွာသို့ ညှိသည့် အဖြစ်မျိုး





အလည်အပတ်ရောက်ခဲ့ဖူးပါ၏။ သို့ရာတွင် ယခုကဲ့သို့ အိမ်ရှင်ကိုရှောင်၍ ကသိကအောက် အနားယူလည်ပတ်ခြင်း မျိုးကိုတစ်ခါမျှ မကြုံဖူးခဲ့ပါ။ သူ၏ကံကား . . . ကောင်းတစ်လှည့် ဆိုးတစ်လှည့် ဖြစ်နေလေ ပြီလား။ မျိုးမိသူဇာ၏ လက်ရွေးကို ခံခဲ့ရပြီးမှ ဦးသီလ၏ ပယ်ချခြင်းကို ခံရတော့ မည်လား။ ဝမ်းနည်းလာသည်။ သို့သော် အော်မငိုဝံ့ပါ။ **အိမ်နံရံတွင် တွဲလွဲကြီးခို၍ ငိုနေသော လူမျိုးကို ကြုံဖူးကြားဖူးခြင်း မရှိပါချေ။**

ညှိခန်းတွင် လူတွေ မိုးတိုးမတ်တတ်နှင့် ရှိနေကြ၏။

ဦးသီလက မျိုးမိသူဇာသို့ လှည့်မေးသည်။

''ဟဲ့ မိမျိုး နင်ပြောတဲ့ ကောင်လေးက ဘယ်ရောက် သွားသလဲ. . .''

မျိုးမိသူဇာသည် မျက်ကလဲဆန်ပျာ ဖြစ်သွားရ တော့သည်။

''ဟင် . . . စောစောက ဒီမှာထိုင်နေတာပဲ၊ ခုမှ ဘယ်ရောက် သွားပါလိမ့် . . .''

ဦးသီလသည် တူမ၏စကားကြောင့် ဦးနှောက်ခြောက် သွားသည်။

''နင့်အကောင်က သမထသမားများ ဖြစ်နေရော့ သလားဟယ်''

ဦးသီလ၏ စကားအဆုံးတွင် သူ့အစ်ကို ဦးညိုဝ ကပင် ပြော၏။

''မောင်သီလရာ . . . လှေကားကို သမထသမားမှ တက်နိုင် တာမဟုတ်ပါဘူး။ သာမန်သူလို ငါလိုလဲ တက်နိုင်ပါတယ်''

ဤတွင် ဒေါ်အေးသွင်က မကျေနပ်သံနှင့် ဝင်ပြော၏။

''မောင်ထွတ်မင်း ပျောက်သွားပုံဆန်းလို့ ပြောနေတာ၊ ရှင်က



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် လှေကားတက်တာတွေ လျှောက်ပြောနေရတာလဲ၊ မီးသတ် လှေကျင့်ခန်းအကြောင်း မှတ်လို့လား . . .''

''ဟ . . . ဒီကောင်က ဂျပန်စကားလိုလို ဘာလိုလို လွှတ်ကနဲ အော်လိုက်လို့ ငါက အသာစောင့်ကြည့်တာ။ ကုပ်ကုပ် ကုပ်ကုပ်နဲ့ ဟိုအပေါ်ထပ် လှေကားကို တက်သွားတာ မြင်လိုက်လို့ ပြောတာကွ''

သူ့စကားအဆုံးတွင် မျိုးမိသူဇာသည် ကမျာကသီ လှေကားကို ပြေးတက်သွား၏။ သို့သော် ခဏအကြာတွင် မျက်လုံး မျက်ဆန်ပြူး၍ ပြန်ဆင်းလာသည်။

''ဖေဖေရေ . . . လုပ်ပါအုံး သူလေ ဘုရားစင်နားက ပြတင်း ပေါက်အပြင်မှာ တွဲလောင်းကြီး ဖြစ်နေပြီ''

''ဟာ . . . ဒီကောင် ကြံကြံဖန်ဖန်သွားပြီး ပေါင်စေ့နေပြန် ပြီထင်တယ် . . .''

ဦးညီဝသည် ဦးဆောင်၍ တက်သွားရာ ကျန်လူတို့လည်း နောက်က စုပြုံ၍ လိုက်သွားကြလေ၏။

တော်တော်ပင် ခဲခဲယဉ်းယဉ်း လုပ်ကြရသည်။ အောက်က မာဃီ ကုလားက လှေကားထောင်၍ ထွတ်မင်း၏ ဖင်ကို တွန်းပေးရသည်။ အပေါ်က ဦးညီဝတို့ ညီအစ်ကိုက လက်များကို ဆွဲတင်ကြရသည်။

အောက်ထပ် ညှော်ခန်းသို့ ပြန်ရောက်သောအခါတွင် ထွတ်မင်း ကလွဲ၍ အားလုံးသည် သင့်ရာကုလားထိုင်များတွင် အသီးသီး ဝင်ရောက် ထိုင်လိုက်ကြ၏။ ထွတ်မင်းကား ကုလားထိုင်ပေါ်တွင် မထိုင်ပဲ၊ ကြမ်းပေါ်၌





ဆောင့်ကြောင့် ကလေးထိုင်ပြီး ဦးသီလကို ကန်တော့လေတော့သည်။ နှုတ်ကလည်း ထုတ်ဖော်ပြောကြား၏။

''ဦးလေးခင်ဗျာ . . . ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် ဝန်ချကန်တော့ပါတယ် . . .''

သူ့အပြုအမူကြောင့် အားလုံးသာမက ကန်တော့ခံရသူ ဦးသီလ ပင်လျှင် အံ့အားသင့်သွားလေတော့သည်။

''ဟ . . . မင်းဘာသာမင်း ယကြွာချေပြီး ပြတင်း ပေါက်က တွဲလောင်း ခိုနေတာကို ငါကဘာဖြစ်လို့ အပြစ် ယူရမှာလဲ။ ခွင့်လွှတ် ပါတယ်ကွာ။ ပြတင်းပေါက်က နိမ့်သေးတယ်ထင်လို့ အိမ်ခေါင်ပေါ် တက်ပြီး ဆွဲကြိုးချရင်တောင်မှ ငါကခွင့်လွှတ်မှာပါ။ အစ်ကိုကပဲ သူ့အိမ် ခိုက်တယ်ဆိုပြီး ကန့်ကွက်ချင်ကန့်ကွက်မယ် . . .''

''ဒီကိစ္စမဟုတ်ပါဘူးခင်ဗျ။ ကျွန်တော် ပြစ်မှားခဲ့တဲ့ ကိစ္စပါ''

''ဟော . . . မင်းနဲ့ငါအခုမှ တွေ့ရတာ။ တန်တော့ မင်းဟာ သမထသမားပါပဲ၊ ဇာတိဿရဉာဏ်ရလို့ အရင် ဘဝက ပြစ်မှားခဲ့တာကို ဒီဘဝမှ ပြန်တောင်းပန်တယ် ထင်တယ် . . .''

''ဗြော် . . . ဦးလေးက ကျွန်တော့်ကို မမှတ်မိပဲကိုး။ ကျွန်တော်က ထုတ်ပြောရတော့မှာပေါ့။ တစ်နေ့က ဦးလေးကို ပါးရိုက်တာ ကျွန်တော်ပါပဲခင်ဗျာ . . .''

အိမ်သားအားလုံး မျက်လုံးပြူးကုန်ကြလေ၏။ ဦးညီဝသည် ခေါင်းထောင်ထလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် ဘယ်လိုကွ။ မင်းက မောင်သီလကို ပါးရိုက်တယ်ဟုတ်လား။ ဘယ်လိုလဲ စော်ကားလှချည်ကလား. . .”

မျိုးမိသူဇာသည်လည်း မျက်နှာကလေး ပျက်သွားရှာ၏။ ထွတ်မင်းက ဦးညိဝတစ်လှည့် ဦးသီလတစ်လှည့် ကြည့်ကာ ကမန်းကတန်း ဖြေရှင်းပြရသည်။

“လမ်းမှာ အသိတစ်ယောက်နဲ့ စကားများတာပါ။ သူက ကျွန်တော့်ကို ထိုးလို့ပြန်ပြီး ပါးရိုက်လိုက်တာ ဒီဦးလေးက နောက်က လျှောက်လာလို့ လူလွဲပြီး ထိသွားတာပါ”

ဦးသီလသည် အားရပါးရ အော်ရယ်လေ၏။

“ဟာ . . . ဟိုနေ့ကငါ့ကို ပါးရိုက်တာ မင်းကို။ ငါနောက်က လိုက်တော့ မင်းကလစ်တော့တာကိုးကွ။ ငါလဲ မျက်ခြည်ပြတ်သွားတယ်”

“ဟုတ်ပါတယ် အခုတွေ့ရပြီမဟုတ်လား။ ဦးလေး ကျွန်တော့်ကို ကြိုက်သလိုဆုံးမပါခင်ဗျာ. . .”

“ဟေ့ . . . ဆုံးမဖို့ နေနေသာသာ ငါ့က မင့်ကိုတောင် ပြန် ကန်တော့ရမလို ဖြစ်နေပြီ။ အဲဒီနေ့က ဗယ်ဘက်အောက်သွား သိပ်နာနေတာ၊ မင်းလဲရိုက် လိုက်ရော တစ်ချိုတည်း ပျောက်သွားတယ် အဲဒါ ကျေးဇူးတင်ကြောင်းပြောပြီး အိမ်အလည်ခေါ်မလို့ ငါက လိုက်သာ ကွ။ မင်းကတစ်ချိုးတည်း ငါ့ကို မျက်ခြည်ပြတ်ပြီး ပြေးတာကိုးကွ. . .”

ထွတ်မင်း၏ ဝမ်းသာမှုသည် အတိုင်းမသိပါတော့ချေ။

“ဟာ . . . ဒီလိုမှန်းသိရင် အဲဒီနေ့ကတည်းက ကျွ





နေအောင် အဖမ်းခံလိုက်မှာပေါ့ခင်ဗျာ။ ကျွန်တော်က ဦးလေး တစ်ယောက် ဒေါသအမျက် ချောင်းချောင်း ထွက်ပြီးမှတ် နေတာ ဒါကြောင့် ပြေးတာပေါ့ . . .”

ဦးညိဝက ဝင်ပြောတော့သည်။

“ကဲ . . . ငါပြေးပွဲကြည့်ဖူးတယ်၊ မင်းပြောသလို ဆိုရင် အဲဒီမှာ ပြေးတဲ့လူတွေဟာ ဘေးကလူတွေ သူလို့ကို ဒေါသအမျက် ချောင်းချောင်း ထွက်နေကြတယ် ထင်နေကြမှာပဲနော် ဟဲ . . . ဟဲ အဲလကားပြောတာပါကွာ . . .”

ဦးညိဝသည် ဒေါ်အေးသွင်ကို လှည့်ကြည့်မိသဖြင့် စကားကို ရယ်ရွှန်းပတ်ရွှန်းနှင့် အဆုံးသတ်လိုက်ရသည်။

သူတို့သည် ဝိုင်း၍ စကားပြောကြ၏။ ကာဖီ၊ မုန့်များ စားသောက်ကြ၏။ နေ့လယ်ပိုင်း ကုန်ဆုံးလုနီးသော အခါတွင် ထွတ်မင်းထ၍ ပြန်တော့သည်။ မျိုးမိသူဇာက ဝင်းဝအထိလိုက်ပို့၏။

“မျိုးမိရဲ့အဖေက အကြီးပဲဥစ္စာ ဘာဖြစ်လို့ ဦးညိဝ လို့ ဖြစ်နေရတာလဲ. . .”

“ဖေဖေတို့ အစ်ကိုကြီး အကြီးဆုံး တစ်ယောက် ရှိသေးတယ်၊ ခုတော့ ဆုံးသွားပါပြီ သူ့နာမည်က ဦးဇိဇ တဲ့ . . .”

“မိန်းကလေးများ ရှိခဲ့ရင်တော့ နီမလို့ မှည့်မှာပဲ နော်. . .”

“ဒါတော့ မသိနိုင်တော့ဘူးရှင့် . . .”

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

## ရောဂါ. . . !

***ရောဂါပျောက်ခြင်း ဆိုရာတွင် နှစ်မျိုးရှိ၏။ ဤအကြောင်းကို ရောဂါဖြစ်သူတိုင်း သိချင်မှသိမည် ဖြစ်သော်လည်း ရောဂါပျောက်သူတိုင်းတော့ သိကြသည်။***

ပထမတစ်မျိုးမှာ ရောဂါက "**နင်နေရစ်တော့ ငါ သွားတော့မယ်**"ဆို၍ တစ်ချိုးတည်း လစ်သွားကာ ရာသက်ပန် ပျောက်ခြင်းမျိုးဖြစ်သည်။ ဒုတိယတစ်မျိုးမှာ အနာနှင့် ဆေးတည့်အောင် ပေးသဖြင့် ရောဂါမှာ ပျောက်သွား၏။ သို့ရာတွင် ရာသက်ပန်ပျောက်ခြင်းမဟုတ်ပဲ ရောဂါဖြစ်ပေါ်စရာအကြောင်းနှင့် ထပ်မံ ကြုံကြိုက် လျှင် တစ်ခါထပ်၍ ဖြစ်ပြန်၏။ ဤသို့ဖြင့် ရောဂါဖြစ်လိုက်၊ ဆေးပေးလိုက်နှင့် ဖြစ်တတ်သည်။





ဦးသီလ၏ သွားနာရောဂါမှာ ဒုတိယအမျိုးအစားထဲက ပျောက်ပုံမျိုးဖြင့် ပျောက်သွားခြင်းဖြစ်၏။ သို့ ဖြစ်လေရာ နောက်နှစ်ရက်ခန့်တွင် ပြန်၍ ဖြစ်ပေါ်လာလေတော့သည်။

ဦးသီလသည် မခံမရပ်နိုင်အောင် သွားနာလာလေရာ ဆေးမြီးတိုပေါင်းစုံ လုပ်ကြည့်၏။ မသက်သာချေ။ လူ့ရုပ်၊ ကျောက်ရုပ် သာမကပဲ ခွေးရုပ်၊ ဝက်ရုပ်၊ ဆင်ရုပ် များပါမကျန် သုံးကြည့် သော်လည်းနာဆဲပင် ဖြစ်၏။ ကိုယ့်ပါးကို ကိုယ်တိုင်ပြန်ရိုက် ကြည့်သည် ပါးနာခြင်း အပိုဆု ပေါက်သည်ကလွဲ၍ ချမ်းသာမှု ဝေဒနာကို မခံစားရ။

ဤတွင် သူ့ပါးအတွက် စပယ်ရှယ် အရိုက်တော်သော လက်ဝါးပိုင်ရှင် ထွတ်မင်းကို သတိရလာရသည်မှာ မဆန်းချေ။ တောင့်တ၏။ အာသာငင်ငင်း တောင့်တခြင်းဖြင့် ထွတ်မင်းကို တမ်းတသည်။ သို့သော် ထွတ်မင်းသည် သိဒ္ဓိပေါက် ထွတ်မင်း မဟုတ်သဖြင့် ဦးသီလက စိတ်ထဲတွင် တောင့်တနေရုံနှင့် ရောက်မလာချေ။ ဖယောင်းတိုင် ကလေး တစ်တိုင်ထွန်း၍ တောင့်တလျှင်သော်မှ ရောက်လာနိုင်စွမ်း ရှိမည်မဟုတ်။

ထို့ကြောင့် ဦးသီလသည် ထွတ်မင်းကို တောင့်တ ကြောင်း မျိုးမိသူဇာကို ထုတ်ဖော်ပြောဆို၏။ သွားနာပျောက် ပါးရိုက်ဝိဇ္ဇာ ထွတ်မင်း၏ မျိုးမိသည် တယ်လီဖုန်း ကောက်၍ ဆက်တော့သည်။

"ဟဲလို . . . ခင်လေးပါ. . ."

"ကိုထွတ်မင်းလား. . ."

"ခင်လေးပါဆိုမှ ဘယ့်နှယ်ကိုထွတ်မင်း ဖြစ်ပါ့မလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒေါ်ဒေါ်ခင်လား၊ မျိုးမိပါ ဒေါ်ဒေါ်ရဲ့ . . ."

"ဩော် . . . မျိုးမိလား၊ မောင်ထွတ်မင်း တစ်ယောက်တော့ အပြင်ထွက်သွားတယ်၊ ကိုမြဆောင်တော့ရှိတယ်၊ ပြောမလား . . ."

"နေပါစေ ဒေါ်ဒေါ်. . ."

"ဩော် . . . ဟုတ်သားပဲ၊ ငါ့တူမက မောင်ထွတ်မင်း ကိုသာ တွေ့ချင်မှာပေါ့။ သူ့အဖေကို ဘာဖြစ်လို့ တွေ့ချင်ရမှာလဲ၊ ငါမှားသွားလို့ပါ တူမရယ်၊ သားပြန်လာရင် ပြန်ဆက်နိုင်း လိုက်ပါ့မယ်. . ."

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ် ဒါပါပဲ . . ."

မျိုးမိသူဇာသည် ဦးသီလဘေးတွင် ဝင်ထိုက် လိုက်၏။

"ဘာတဲ့လဲမိမျိုး၊ ခုချက်ချင်းလာမတဲ့လား. . ."

"အပြင်ထွက်သွားတယ်တဲ့. . ."

"ဟယ် . . . ငါ့လခွမ်းပဲ၊ ငါ့သွားနာတာက သူ့ကို စောင့်နေရမလား . . ."

"ဒီကြားထဲ မပျောက်ရင်တော့ စောင့်နေရမှာပေါ့ ဦးလေးရယ်"

"သွားနာရေ နင့်အဖေမောင်ထွတ်မင်း မရှိသေး ဘူးတဲ့ကွ"

ဦးသီလသည် ယူကျုံးမရ အသံဖြင့် ညည်းပြော ပြောလိုက်သည်။ မျိုးမိသူဇာသည် ရယ်ချင်သလို သနားသလိုဖြစ်ကာ ထွက်သွားပြီး သွားအိပ်နေလေတော့၏။

ဦးသီလကား တယ်လီဖုန်းနားတွင် ထိုင်၍ စောင့်နေ ၏။ သို့သော် တယ်လီဖုန်းက ရုတ်တရက်ထ၍ မြည်လိုက် သောအခါ တွင်ကား သူသည်





အလန့်တကြားထ၍ ပြေး မည်ပြုပြ၏။ ထိုနောက်မှ သတိရကာ တယ်လီဖုန်းကို ကောက်၍ကိုင်၏။

"မျိုးမိသူဇာ တစ်ယောက် ရှိပါသလားခင်ဗျာ. ."

"ဟော့ . . . မင်းဘယ်သူလဲ၊

"တယ်လီဖုန်းကို ပြောင်းပြန်ကြီးကိုင်ထားပြီထင်တယ် အသံတိုးနေတယ်. . ."

"ဦးသီလသည် ယခုမှ ကြိုးကြီးပေါက်တောက် ဖြစ်နေ သည်ကို သတိပြုမိကာ၊ လက်ကိုင်ကို ပြန်လှည့်၍ ကိုင်၏။

"ဟော့ ကြားပလား . . ."

"အောင်မယ်လေး ကျယ်လှချည်ကလား. . ."

"ဟော့ ငါသီလကွ။ မင်းဘယ်သူလဲ . . ."

"ဟာ ကျွန်တော် ထွတ်မင်းပါဦးလေး၊ မျိုးမိကို တွေ့ချင်လို့ပါ"

"သူ့ကို မတွေ့နဲ့ ငါ့ကိုလာတွေ့ကွ၊ ငါက သွားနာနေတာ၊ သူက ဘေးမသီရန်မခ ဖြစ်နေပါတယ်. . ."

"ဟုတ်ကဲ့ အိမ်ကရေစက်ပျက်လို့ အပြင် ရေသွားချိုးတာပါ။ ကျွန်တော်အမြန်ဆုံး လာခဲ့ပါ့မယ်ခင်ဗျာ. . ."

ဦးသီလသည် တယ်လီဖုန်းကို ပြန်ချရင်း "တော်တော်လျှာရှည်တဲ့ကောင်"ဟု ဝမ်းတွင်းမှ မှတ်ချက်ချမိ၏။ သူရေ ဘယ်လို ချိုးသည် ထမင်းကို ဘာဟင်းနှင့်စားသည်။ လုံချည်ကို ဘယ်အဆင် ဝတ်သည် စသည်တွေကို ဦးသီလ မသိချင်ပါ။ လာမည် မလာမည်ကိုသာ သိချင်၏။



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်လျှင်လာမည် တစ်ခွန်းတည်း ပြောလျှင်ပြီးနေပြီ ဖြစ်၏။

ဦးသီလသည် အပေါက်ဝနားနီးနီး ကုလားထိုင်ဆီသို့ ပြောင်းထိုင်လိုက်၏။ သွားနာမှာ ထွတ်မင်းဟူသော အသံကို ကြားသွား၍ လာမသိ၊ သက်သာသွား၏။ သို့သော် လုံးဝတော့ မပျောက်သေးပါ''

ထိုခဏတွင် လူရွယ်တစ်ဦးသည် ညှော်ခန်းတွင်းသို့ ဝင်ရောက်လာ၏။ ဦးသီလ ဝမ်းမြောက်သွားသည်။ သို့သော် မျက်နှာကို မော့ကြည့်မှ ထွတ်မင်းမဟုတ်သည်ကို တွေ့၍ စိတ်ပျက် သွား၏။

ဝင်လာသူသည် သူ့ကိုမမြင်ပဲ ရှေ့ဆက်သွားစဉ် "ဟေ့ မင်း ဘယ်သူလဲ" ဟု ဦးသီလက လှမ်းကာနဲ့ မေးလိုက်ရာ၊ ဝင်လာသူသည် ရုတ်တရက် ခေါင်းကြီးသွား၍ ချာကနဲ လှည့်လိုက်၏။ ချောမွတ်သော ကြမ်းပြင်ပေါ်တွင် ခင်းထားသော ကော်ဇော်ပေါ်၌ ပြုလုပ်ရသည်ဖြစ်၍ လူရွယ်သည် ပေါင်ကြီးနှစ်ဘက်ကားသွား၏။ ကြမ်းပြင်ကို လက်နှင့်ကုန်းထောက်ရသည်။

"သွားနာသက်သာသွားလို့သာပေါ့ကွာ။ စောစောက ငါ့ရှေ့မှာ ဒီပုံမျိုးလာလုပ်ရင် ငယ်ထိပ်ကို ဖနောင့်နဲ့ ပေါက်ပစ် လိုက်မိမှာပဲ မင်းဘယ်သူလဲကွ. . ."

လူရွယ်သည် ကိုယ်ကိုပြန်မတ်၍ ဦးသီလနား လာထိုင်၏

"ဦးက ဘယ်သူလဲ. . ."

"ဒါ – လေ့လော်နေတာ မဟုတ်ဘူးကွ၊ ဦးကဘယ်သူ ဖြစ်





ဘယ်ဝါတွေ လျှောက်မေးနေစရာ မလိုဘူး မင်း ဘယ်သူလဲ. . ."

"ရာဇဝင် သင်နေတာမှလဲ မဟုတ်တာ၊ မင်း ဘယ်သူလဲတော့ မသိဘူး။ ကျွန်တော်က ခင်မောင်သီပါ"

"အေး . . .. ဒါပေမယ့် မင်းကို ငါမသိဘူး။ ငါကတော့ သီလပဲကွ"

ခင်မောင်သီ၏ မျက်နှာသည် ချိုမြသွားတော့သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော် ဦးရဲ့ နာမည်ကို ကြားဖူးပါတယ်. . ."

"ငါကတော့ မင်းကိုတွေ့ရတာ ဝမ်းမသာပေါင်၊ မင်း နာမည်လဲ ငါမကြားဖူးပါဘူး . . ."

"ရှိပါစေတော့ဦးရယ် ကျွန်တော်တစ်ခု သတိပေး ပါရစေ။ ဒီအိမ်ကို လူရွယ်တစ်ယောက် ဝင်ထွက်နေပါ တယ်၊ ဒီကောင့်ကို သတိထားပါဦးရဲ့။ ဒီကောင်ဟာ လူလိမ် လူကောက်၊ မိန်းကလေး တွေကို ဖျက်ဆီးနေတာ၊ ရည်းစားမှုတွေ ဆိုတာလဲ မှိုလိုပေါက် နေတာပဲ၊ မျိုးရိုးကလဲ ညံ့သေး တယ်၊ လူကြီးသူမမှန်းလဲ မသိ။ သိပ်ရိုင်းစိုင်းတာ၊ ပိုက်ဆံ ပြတ်ရင်လဲ ခါးပိုက်နှိုက်တတ်သေး တယ်. . ."

"ဟင် . . . မင်းပြောပုံဆိုရင်တော့ ဒီကောင့်မှာ ဘာရစရာ ကျန်တော့မှာလဲ. . ."

"ဒါကြောင့် ညှော်သည်ဖြစ်တဲ့ ဦးကို ကျွန်တော် ခုလို သတိပေးနေရတာပေါ့။ ဒီကောင့်ကို ဝေးဝေးသာ ရှောင်ပါဦးရယ်"

"အေး . . . ခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မောင်ခင်မောင်သီရယ်၊ ဒါထက်အဲဒီကောင် နာမည်က ဘာတဲ့တုံး''

''ထွတ်မင်းတဲ့''

''ဘာ''

''ထွတ်မင်း . . . ''

ဦးသီလသည် ခင်မောင်သီကို စူးစူးဝါးဝါးကြီး ကြည့်ယင်း ထိုင်ရာမှ မတ်တတ်ကြီး စုံရပ်လိုက်၏၊ ထိုနောက် တောင့်တောင့်ကြီး လျှောက်၍ ချဉ်းကပ်လာသည်။ သူ့ပုံမှာ ဖရန်ကင်စတိုင်သည် လူသတ်တော့မည့် လျှောက်လာပုံမျိုး နှင့် တူလှသည်။

ခင်မောင်သီသည် မျက်လုံးပြူးကာ ချက်ချင်း မတ်တတ် ရပ်လိုက်၏။

''ဦး . . . သတိထားပါ၊ ကျွန်တော် ခင်မောင်သီပါ။ ထွတ်မင်း မဟုတ်ပါဘူး . . . ''

''ဟော့ . . . ငါက ထွတ်မင်းကို မျှော်နေတာကွ။ ခင်မောင်သီ ကို ကြိုဆိုမနေနိုင်ဘူး။ ထွတ်မင်းဟာ သူခိုး ခါးပိုက်နှိုက်၊ မိန်းမတွေ မှိုလိုပေါက်နေပေစေ . . . ငါ့ကျေးဇူးရှင်၊ ငါကြည်ကြည်ဖြူဖြူ လက်ခံတယ်၊ မင်းဟာ သူတော်ကောင်းကလေး၊ မျိုးသန့်ရိုးသန့် ဥပုသ်သည်ကလေး ဖြစ်နေပေစေ။ မင်းကို ငါမသိဘူး။ ငါလက်မခံ နိုင်ဘူး။ ကဲ . . . ဒါကြောင့် ဟိုမှာ အပေါက် မင်းထွက် မလား ငါက ဂုတ်ကဆွဲပြီးထုတ်ရမလား . . . ''

ခင်မောင်သီသည် အခြေအနေကို ရိပ်စားမိ၏။ ဤအဘိုးကြီး





သည် တော်တော်ပင် ခေါင်းမာပုံရသည်။ သည်မျက်နှာထား တင်းတင်း ကြီးကလည်း တော်တော်နှင့် လျှော့ပါးတော့မည် မဟုတ်တော့ချေ။

**ထင်ရှားပါသည်။**

**သည်မျက်နှာကြီးကို မြင်လိုက်ရခြင်းဖြင့် ဖိဖိသည် အရေး နိမ့်လေပြီဟု ထင်ရှားပါပြီ။ သည်တော့လဲ တစ်လမ်း တည်းသာရှိ တော့၏။**

ဝင်ပေါက်မှ ကုပ်ကုပ်ကလေး ပြန်ထွက်သွားရုံသာ ရှိ၏။

''ဦးရဲ့ လက်နာကျင်သွားပါ့မယ်။ ကျွန်တော့် ဘာသာ ပဲ သွားပါတော့မယ်ခင်ဗျာ . . . ''

''မင်းဘာသာ သွားရင်တော့လဲ ကောင်းတာပေါ့လေ၊ ငါ့လက်ဖဝါး နာမှာတော့ မင်းအားမနာပါနဲ့လေ။ လက်ဖဝါးနဲ့ ဂုတ်ကို ဆွဲမထုတ်ရရင်လဲ မင့်ဖင်ကို ဖနောင့်နဲ့ ပေါက် ထုတ်ပါ့မယ်။ ငါ့ဖနောင့်နဲ့ မင့်ဖင် ဘယ်သင်းက ပိုနာညံ့ မလဲဆိုတာတော့ ဆင်ခြင်ကြည့်ပေါ့ကွာ''

ခင်မောင်သီသည် ဘာမျှ မပြောတော့ဘဲ ကုပ်ကုပ် ရပ်ရပ် ကလေးပင် အပြီးအပိုင် ထွက်ခွာသွားလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



( ၅ )

ဗျားကန်ကြပြင်

ဦးညီဝသည် ခပ်သွက်သွက်ကလေးပင် အပြင်ဘက် က ပြန်ရောက်လာပြီး ညွှန်ခန်းသို့ ဝင်ရောက်လာ၏။

ဦးသီလသည် ထောင့်နားက ကုလားထိုင် ပေါ်တွင် ထိုင်၍ မျက်နှာရှုံ့မဲ့နေသည်။ သွားသည် စစ်စစ် စစ်စစ်နှင့် ပြန်၍နာလာနေသည်။ ဦးညီဝသည် သူ့ညီ၏ ဝေဒနာ ပြန်ထ နေသည်ကို ဂရုမထားမိပဲ အနားသို့ အတင်း ချဉ်းကပ်သွားကာ သူပြောချင်ရာတွေကို လျှောက်ပြောနေ၏။

"ဒီဟာကို ဘဝင်မကျ ဖြစ်နေတာနဲ့ ဘတုတ်ကို သွားခေါ်တာ၊ တော်တော်ကြာရင် သူလာလိမ့်မယ်ကွ"

"ဘတုတ်ဆိုတာက သွားနုတ်တတ်သလား . . ."





"ဟ . . . ဘာဆိုင်လို့လဲကွ၊ သူကဓာတ်မီးပြင်တဲ့ လူပဲ . . ."

"သွားဖုံးကို ကျင်စက်နဲ့တို့မယ် စိတ်ကူးသလား"

"**ဝေးစွခြောက်ပါ**။ ငါကအရူးမှမဟုတ်တာ ဘာဖြစ်လို့ သွားဖုံးကို ကျင်စက်နဲ့ တို့ရမှာလဲ . . ."

"နို့ ဒါဖြင့် ဘာဖြစ်လို့ ဘဝင်မကျ ဖြစ်နေတာလဲ အစ်ကိုရဲ့"

"ဟာ မီးဖိုဆောင်ကို ထွက်တဲ့ မီးခလုတ်ပေါ့။ ရတစ်ချက် မရတစ်ချက်ဖြစ်နေတော့ မီးလဲမလင်း တစ်ချက် လင်းတစ်ချက် ဖြစ်နေတာပေါ့ . . ."

"ကျွန်တော်တော့ မီးခလုတ်ကို စိတ်မဝင်စားပါဘူး . . ."

"ဒါဖြင့် ဘာကို စိတ်ဝင်စားနေတာလဲ . . ."

ဦးညီဝသည် ပြောပြောဆိုဆိုနှင့် သူ့ညီ၏ဘေးတွင် ဝင်ထိုင်၏။

"သွား . . . . သွား . . . ."

ဦးသီလက ဤသို့ ပြောလိုက်သဖြင့် ဦးညီဝသည် ချက်ချင်းပင် ပြန်၍ မတ်တတ်ရပ်ရ၏။

"ငါ့ကို ဘာဖြစ်လို့ နှင်တာလဲ၊ မောင်သီလ မင်း စိတ်မှန် တယ်နော် . . ."

"စိတ်မှန်ပါတယ် နှင်တာလဲ မဟုတ်ပါဘူး အစ်ကိုရာ . . ."

"ဟေ့ . . . မောင်သီလ၊ သွား . . . သွားဆိုတာ ဝမ်းသာ အယ်လဲ ဖိတ်ခေါ်သံတော့ မဖြစ်နိုင်ဘူး ထင်ပါတယ် . . ."

"ဟုတ်ပါတယ် မဖြစ်နိုင်ပါဘူး ကျွန်တော်ကလဲ ဖိတ်ခေါ် နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ ကျွန်တော့် သွားနာ ပြန်ထနေလို့ သွားနာတာ ကိုပဲ စိတ်ဝင်စားကြောင်း ပြောနေတာပါ . . .''

''ဟင် . . . ဒါဖြင့်ရင် ဒုက္ခပေါ့၊ ဘယ်လိုလုပ်မလဲ၊ ဆရာဝန် ဆီ သွားမလား . . .''

ဦးသီလသည် တွေသွား၏။

''ကျွန်တော်တော့ သိပ်မသွားချင်ဘူး။ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ပျောက်မယ်ထင်တယ်၊ အခုလောလော ဆယ်ပေါ့လေ။ နောက်တော့လဲ ဆရာဝန်ကိုပြပြီး သွားနုတ်တန် နုတ်ပစ်ရမှာပေါ့။ ခုတော့ ကျွန်တော် ဆောင်ရွက်စရာ ကိစ္စလေးတွေ ရှိသေးလို့''

''ဒါပေမယ့် ဒီလို နာနာနေရင် ဘယ်ဖြစ်ပါ့မလဲ . . .''

ခဏတော့ ပျောက်ကင်းနိုင်အောင် လုပ်ထားမယ်လို့ စိတ်ကူး တာပါ။ မောင်ထွတ်မင်းလဲ လာတော့မှာပဲ၊ ဒါပေမယ့် အခု တော်တော် နာလာတယ်။ ဒီတော့ အစ်ကို ကူညီပါ''

''ငါ ဘာလုပ်ပေးရမလဲ . . .''

''ကျွန်တော့်ပါးကို ရိုက်ပေးစမ်းပါ . . .''

''ဟိုက်ရော . . .''

ဦးညီဝသည် မတ်တတ်ရပ်၏။ ဦးသီလကလည်း မတ်တတ် ရပ်၍ ရင်ဆိုင်၏။ ဦးညီဝသည် ဝန်လေးနေပုံ ရသည်။

''ဟော့ . . . ငါမရိုက်တတ်ဖူးကွ။ တော်တော်ကြာ တစ်နာသော





နှစ်နာဆင့်နေပါအုံးမယ် . . .''

''အို . . . ရိုက်သာရိုက်ကြည့်ပါ။ ကျွန်တော် ခံနိုင်ပါတယ်. . .

ဦးညီဝသည် အသက်ကိုအောင့်၍ လက်ကိုလွှဲကာ ဦးသီလ၏ ပါးကို ဖျန်းကနဲ ပိတ်ရိုက်လိုက်သည်။ ပါးရိုးကိုတော့ ရိုက်မိ၏။ အရှိန်ပြင်းသွားသဖြင့် ဦးသီလသည် ချာလပတ်လည်ကာ ကြမ်းပေါ်သို့ ထိုင်ကျသွား၏။ ဦးညီဝ သည် ကပျာကယာ သူ့ညီကို ပြန်၍ ပွေ့ထူ၏။

''ငါပြောသားပဲ၊ မလွယ်ဘူးထင်တယ်။ ဘယ့်နှယ် နေသလဲ''

''သွားနာမပျောက်ဘူးလေ ။ ပါးရိုက်တာ စနစ်မကျလို့ ဖြစ် မှာပေါ့ . . .''

''ငါတို့က ပါးရိုက်ပါရဂူတွေမှ မဟုတ်ပဲကွ။ မိန်းမတွေ ပါးရိုက်တာ ဝါသနာပါတတ်တယ်။ မအေးသွင် ပြန်လာရင် ရိုက်ခိုင်း ကြည့်ပါလား။ သူအခု ဈေးဝယ်သွားတယ် . . .''

''နေပါစေတော့လေ ပါးကိုစနစ်တကျ ရိုက်တတ် တယ်ပဲ ထား။ အဆမှန်မှာ မဟုတ်ဘူး။ ဟိုအကောင့်ကိုပဲ စောင့်ပါတော့မယ်၊ သူကတော့ တစ်ချက်ဆို ဆိုသလောက် ပျောက်ဖူးတာကို။ သူ့ကိုပဲ စောင့်ရမှာ ပဲလေ. . .''

''ဒီကောင်ပါးရိုက်ပညာကို ဘယ်မှာ ဆည်းပူးလာသလဲ မသိဘူး။ ဂျပန်ခေတ်ကလဲ သူ့မွေးအုံးမှာ မဟုတ်ပါဘူး . . .''

''ဆုတောင်းကောင်းတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့ အစ်ကိုရဲ့၊ အရင်ဘဝက



www.burmeseclassic.com

www.burmeseclassic.com



ဘဝဆက်တိုင်းဆက်တိုင်း သူတစ်ပါးရဲ့ ပါးကို စနစ်တကျ ရိုက်နိုင်ရပါလို့ဆိုလို့ မျှား ဆုတောင်းလာသလားတော့ မသိဘူး ..."

ဦးညိုဝသည် ခေါင်းတစ်ချက်ညိတ်၍ "အင်း ဆုတောင်းခဲ့မှန်ရင်တော့ ကြဲကြဲဖန်ဖန် ဆုတောင်းကြီးပေပဲလေ ..." ဟု ပြောကာ အဝတ်အစားလဲရန် အခန်း တွင်းသို့ ဝင်ရောက်သွားလေ၏။

ချက်ချင်းလိုလိုပင် ထွတ်မင်းသည် ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ ဦးသီလ၏ မျက်နှာကား ဆလိုက် မီးလုံးကြီး ထက်ပင် ဝင်းထိန်သွားသလား ထင်မှတ်ရ၏။ "အောင်မယ်လေး ... စောင့်လိုက်ရတာ မောင်ရယ် ..."

"ဟုတ်ကဲ့ ... ကျွန်တော် ဘာလုပ်ပေးရမလဲ ဦးလေး..."

"ပါးရိုက်ပေးရမှာပေါ့ကွ ..."

"ဗျာ ..."

ထွတ်မင်းခမျာ ပါးစပ်ပြသွားရတော့သည်။ ဦးသီလသည် ပါးအရိုက်ခံဖို့အတွက် လည်ပင်းတရှည်ရှည်နှင့် စောင့်မျှော်နေ ပါသည်တဲ့

"ငါ့သွားနာတဲ့ ဝေဒနာ ပြန်ထပြန်ပြီကွ ..."

"ထိုင်နိုင်းထားလိုက်ပါလား ..."

"ဘာကွ ..."

အာရုံက တစ်ခြားရောက်နေသဖြင့် ထွတ်မင်းသည် ပြောပြောရာကို လွှတ်ကနဲ ပြောလိုက်မိခြင်းသာ ဖြစ်၏။ ဦးသီလ အူကြောင်ကြောင် ဖြစ်သွားသဖြင့် ပြန်မေး လိုက်တော့မှ မိမိ





မှားယွင်းသွားကြောင်းကို ထွတ်မင်း သတိပြုမိတော့သည်။

"ဩော် ... ဟိုဟာပါ၊ ထိုင်ထားရင် ပါးရိုက်လို့ ရပါ့မလားလို့ ပြောချင်တာပါ ..."

"ကောင်းပါပြီကွာ ... ငါမတ်တပ်ရပ် ပေးပါ့မယ်"

ဦးသီလသည် ပြောပြောဆိုဆိုနှင့် မတ်တပ်ရပ်၏။ ထိုနောက် အနေအထားသည် အာရုံကြောင့် မှားယွင်း သွားမည်စိုး၍ စာကြည့်မျက်မှန်ကို ထုတ်တပ်ကာ သတင်းစာကို မတ်တပ်ကြီးကိုင်၍ ဖတ်နေ၏ ဦးခေါင်းကို တတ်နိုင်သလောက် ငြိမ်နေအောင် ထားသည်။ ပါးရိုက်ခံရန် အသင့်အနေအထားသို့ ရောက်နေလေပြီ။

ထွတ်မင်းသည် ရင်လေးလာ၏။ ပါးရိုက်ရမည် ဆိုကတည်းက သူ့အာရုံတွေသည် ထိုင်းမှိုင်းထွေပြား ခဲ့သည်။ ဦးသီလကို သူပါးမရိုက်ချင်ပါ။ သွားနာပျောက်သွား သည်ဆိုသောနေ့က ရိုက်ခဲ့ရခြင်းမှာလည်း နည်းရယ်၊ စနစ်ရယ် ကျကျနနမရှိပဲ ခင်မောင်သီကို ရိုက်ရာမှ ချော်၍ ဦးသီလကို ထိသွားခြင်းဖြစ်၏။

ဤပုံစံအတိုင်း ပြန်ရိုက်၍ရတော့မည် မဟုတ်နိုင်ပါ။ ရိုက်ချက်နေရာသော်လည်းကောင်း လွဲချော်နိုင်၏။ အားအရှိန်သော်လည်း မတူညီနိုင်။ တစ်ဖန်ဦးသီလ၏ သွားနာဝေဒနာ၏ အရှိန်အဟုန်သည်လည်း ထိုနေ့ကနှင့် ထပ်တူ ညီမျှရှိချင်မှ ရှိတော့မည်။

ထိုကြောင့် ပါးရိုက်ခံရတာသာ အဖိတ်တင်မည်။ သွားနာကား



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ချင်မှပျောက်မည်ဖြစ်သည်။ သွားနာသာပျောက်လျှင် ဆယ်ချက်လောက်ကို ဖြုံးဖြုံးကလေး အရိုက်ခံနိုင်မည်ဖြစ်သော်လည်း ဝေဒနာ မပျောက်ကင်းပါလျှင် တစ်ချက်အရိုက်ခံရသည်ကိုပင် ဒေါသ အမျက် ချောင်းချောင်းထွက်နိုင်ချေ၏။

**အသည်းပေါ်၌ ချစ်ရေသူ မျှော်မိသူစာ၏ ဖြူလွှလွှ မျက်နှာ ကလေးသည် စိတ်အာရုံဝယ် တရေးရေးပေါ်လာ၏။**

ပါးရိုက်ပြီး မျက်နှာကောင်းရမှ သူကလေးနှင့် နီးရ လွယ်တော့မည်။ ပါးရိုက်ခြင်းဖြင့် ဦးသီလ၏ ဒေါသကို ဆွပေးရာ ရောက်လျှင်ကား . . .။ ထွတ်မင်းဆက်လက်၍ မတွေးဝံ့တော့ပြီ။ **ကံသာလျှင် အဓိ၊ ကံသာလျှင် အဓိပတိတကား။**

"ဟော့ . . . ရိုက်တော့လေကွာ . . . ငါဇက်တောင် တောင့်ချင် လာပြီ . . ."

ဦးသီလသည် ဇက်ကိုခိုင်ခိုင်တည်ထားရင်း ပါးစပ် လှုပ်ရုံပြော၏။

ထွတ်မင်း၏ လက်ဖျားတို့သည် တဆက်ဆက် တုန်လာ[illegible] သည်။ ပျောက်ထားသည့် သာဓကကလည်း ရှိနေသဖြင့် မရိုက်တ[illegible] ပါဟူ၍ ငြင်းမရပါ။ ခပ်တည်တည် နှင့် စွတ်ရိုက်လိုက်လျှင်လည်း အထက်က ဖော်ပြခဲ့သလို ဝေဒနာ မပျောက်ကင်းပဲ နားရင်း[illegible] ပူသွားနိုင်သည်။

"ဟော့ကောင် ရိုက်လကွာ . . ."

ဦးသီလက ခပ်ငေါက်ငေါက် ပြောလိုက်၏။ ထွတ်မင်းသည်





ကြိမ်တို့လိုက်သော နွားပမာ ဆတ်ကနဲ လက်ကို လွှဲ၍ ပိတ်ရိုက် ထည့်လိုက်၏။

လွှဲချော်သည်။

သူ့လက်ဝါးသည် ပါးသွယ်ရိုးကို မရိုက်မိပဲ ဦးသီလ၏ နားရင်းကို တည့်တည့်ကြီး တီးမိလေတော့ရာ အဘိုးကြီးသည် ဟပ်ထိုးကြီးဖြစ်၍ မျက်မှန်သည် လွင့်စဉ်သွား လေတော့သည်။

အခန်းပေါက်ဝသို့ ဝင်ရောက်လိုက်မိသော ဘတုတ်သည် လက်ထဲမှ ပလိုင်ယာကြီးလွှတ်ကျ၏။ ပလိုင်ယာသည် သူ့ခြေမပေါ်သို့ ဦးစောက်တည့်တည့်ကျလေရာ ဘတုတ်ခမျာ ခြေတစ်ပေါင်ကျိုး ခုန်ဆွ ခုန်ဆွဖြစ်သွားရှာလေ၏။

ထွတ်မင်းတို့ကား . . . ဘတုတ်မှုကို မဆိုထားဘိ။ တစ်လောကလုံးကိုပင် သတိမပြုနိုင်အောင် ဖြစ်နေသည်။ ဦးသီလကို ရင်ပတ်ဆီးထိန်းပေး၏။ ဦးသီလသည် မတ်မတ် ပြန်ရပ်သည်။ နှုတ်မှလည်း ခပ်တိုးတိုးရေရွတ်ပြောဆို၏။

"နေပေစေ – နေပေစေ ၊ တစ်ချီပြန်ရိုက်အုံး"

ဦးသီလက ရင်ကော့လိုက်၏။ ထွတ်မင်းသည် ဘုရား တရား အောက်မေ့ကာ တစ်ချက်တည်း လွှဲ၍ပါးရိုက်လိုက်၏။ ဦးသီလ သည် ကြမ်းပေါ်သို့ ဖင်ထိုင်ပစ်ကျ သွားသည်။ သွားနာပျောက် သွားသဖြင့် သူဝမ်းသာသွားသည်။

ဝမ်းမသာသည့်အပြင် မခံမရပ်နိုင်ဖြစ်နေသူကား . . .



www.burmeseclassic.com

www.burmeseclassic.com



မီတာပြင်သူ ဘတုတ်ပင်တည်း။

သူ့ခြေနောက်ပင် သူမသိတော့ဖြစ်ကာ၊ ခုန်ပေါက် ပြေးလွှား လာပြီး ထွတ်မင်းကို ဂုတ်ကဆွဲ၍လှည့်လိုက်၏။ ထိုနောက် ဘတုတ် သည် ဘာမပြော ညာမပြောနှင့် ထွတ်မင်း၏ မေးရိုးကို လက်သီးနှင့် ပစ်ထိုးလိုက်သည်။ ထွတ်မင်းကား ကြမ်းပေါ်သို့ တောင့်တောင့်ကြီး ကျသွားလေ၏။

အတွင်းခန်းက ထွက်လာခဲ့မိသော မျိုးမိသူဇာမှာ မျက်လုံးထဲ တွင် မိုက်ကနဲ ဖြစ်သွားရသည်။ **ချစ်ရသူကို မညာမတာ ပိတ်ထိုး လိုက်၍ ကြမ်းပေါ်တွင် စန့်နေလေပြီ။**

မျိုးမိသူဇာသည် ပြေးလာကာ ဒူးတစ်ဘက်ထောက် ထိုင်၍ ထွတ်မင်းကို ပေါင်ပေါ်တင်ကာ ရင်ခွင်ဖြင့်အပ်ရင်း ပါးလေးကို လက်ဝါးနုနု ကလေးဖြင့် ယုယစွာ ကပ်ပေး၏။

ဦးသီလသည် ခုန်၍ထလိုက်သဖြင့် ဘတုတ်သည် မျက်နှာချင်း ဆိုင် ရင်ကော့ရပ်မိလေသည်။

''မင်းဘာကောင်လဲ ...''

''လူကောင်ပါ ...''

''ဒီကိုဘာလုပ်ဖို့ လာသလဲ ...''

''မီးပြင်ဖို့ပါ ...''

''ဟေ့ ဒီအိမ်မှာ ဘယ်မီးမှ မပျက်ဘူးကွ ...''

''မီးခလုတ်ပြင်ဖို့လာတာပါ ...''





''ဩော် . . . မင်းလုပ်တာနဲ့ ပြောတာနဲ့ မညီဘူး ပြန်ပြော...''

''ဘယ်လိုပြောရမှာလဲခင်ဗျ ...''

''လိုက်ဆို ...''

''ဟုတ်ကဲ့ ...''

''ကျွန်တော် ...''

''ကျွန်တော် ...''

''ဒီအိမ်ကို ...''

''ဒီအိမ်ကို ...''

''လက်သီးစမ်းဖို့ ...''

''လက်သီးစမ်းဖို့ ...''

''လာတာပါခင်ဗျာ ...''

''မဟုတ်ဘူးခင်ဗျ။ လာတာကတော့ မီးခလုတ်ပြင် ဖို့ပါပဲ။ သူက မတရားလုပ်နေလို့ ဝင်ဆုံးမမိတာပါ. . .''

''အလိုမောင်ထွတ်မင်းက ဘာများ မတရားလုပ်လို့လဲ. . .''

''ဦးလေးကို ပါးရိုက်တယ် မဟုတ်လား. . .''

''အေး ငါ့ကို ပါးရိုက်တာတော့ မှန်တယ်၊ ဒါပေမယ့် ဒီကောင်ငါ့ကို ပါးရိုက်ရတာဟာ ငါကအနူးအညွတ် တောင်းပန်လို့ ရိုက်ရတာကွ။ မတရားတာ မဟုတ်တဲ့အပြင် ဒီကောင် ကုသိုလ်တောင်ရအုံးမယ်. . .''

''မြတ်စွာဘုရား ပါးရိုက်ပြီး ကုသိုလ်ရှာသတဲ့ ငါတော့



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာနေရင် ရှူးရလိမ့်မယ်. . .”

ဘတုတ်သည် ချာကနဲ လှည့်ထွက်လာ ပလိုင်ယာ သွားကောက်၏။ ထိုအခိုက် အခန်းတွင်းမှ ဦးညီဝ ထွက်လာသည်။ ဘတုတ်ကို မြင်သော် ဝမ်းသာသွား၏။

“ဟော့ . . . ဘတုတ်. . .”

ဘတုတ်ကား စိတ်တုန်လှုပ်နေသည်ဖြစ်ရာ ဦးညီဝ ၏အသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် အပေါက်ဝဆီသို့ ပြေးထွက်လေ၏။

“ဘတုတ် . . . မပြေးနဲ့ လာပါကွ. . .”

ဦးညီဝက အော်လေ ဘတုတ်ကကြောက်လေ ဖြစ်ရာ ဝင်ပေါက်ကို စွတ်၍ ပြေးထွက်တော့ရာ အပြင်မှ ဝင်ရောက်လာသော ဒေါ်အေးသွင်၏ ရင်ဝကို ဦးခေါင်းနှင့် ဆိုန်၍ တိုက်လိုက်သလို ဖြစ်သွား၏။

ဒေါ်အေးသွင်ကား လက်ထဲမှ စက္ကူထုတ်များ ဖရိုဖရဲ လွှတ်ကျကာ 'အင့်'ကနဲ တစ်ချက်မြည်၍ တောင့်တောင့်ကြီး ပက်လက် လန်ကျသွားသည်။ ဘတုတ်မှာ ဆက်မပြေး နိုင်တော့ပဲ ကျောက်ရုပ် လိုရပ်နေမိ၏။

သူတစ်ပါးကုသိုလ်ရှိ့ ပါးရိုက်နေသည်ကို ဝင်တားမိ၍ အကုသိုလ် တွေဝင်ရောက် လာလေပြီလောဟု တွေးနေမိသည်။

ဦးညီဝသည် ဒေါ်အေးသွင် နားသို့ ခုန်ပျံ ရောက်ရှိ လာ၏ ဖနီးသည်ကို ပွေ့ကာ ဧည့်ခန်းတွင်းသို့ ယူလာသည်။

ခဏသာကြာပါ၏။ ထွတ်မင်းရော ၊ ဒေါ်အေးသွင်ပါ သတိ





လာကြ၏။

မျိုးမိသူဇာက သူ့အဖေဘက်လှည့်၍ ပြော၏။

“ဖေဖေ . . . ကိုထွတ်ကို ဟိုလူကြီးက လက်သီးနဲ့ ထိုးတယ် . . .”

ဦးညီဝသည် ဘတုတ်ကို ပြုံးတုံးပြုံးတဲ ကြည့်ရင်း မေး၏။

“ဟော့ကောင် ဘယ်လိုလဲကွ။ ငါကမင်းကို မီးလုတ် ပြင်ဖို့ ခေါ်တယ်။ မင်းကတော့ ငါ့ညှိသည်ကို လက်သီး စွမ်းပြလားပြရဲ့။ ငါ့မယားကို ခေါင်းတိုက်စွမ်း ပြလားပြရဲ့။ မင်းလုပ်ငန်းများ ရောက်နေပြီထင်တယ်၊ မီးမပြင်ပဲ မှန်ပြည်နယ်နေ့ အခမ်းအနားမှာ ရှီးရာ လက်ရေ့သွား သတ်ပါလားကွ။ ကြီးပွားမယ့် အလားအလာရှိတယ် . . .”

ဘတုတ်သည် မျက်နှာသေကလေးနှင့် ပြန်ပြော၏။

“ကျွန်တော် ဒီနေ့ ဘယ်လိုဖြစ်တယ် မသိဘူး။ အကုသိုလ်ဝင် တယ်ထင်တယ်။ ဒီတော့ ကုသိုလ်ရအောင် လုပ်မှပဲ . . .”

ပြောပြောဆိုဆိုနှင့် သူသည် ဦးသီလနားသို့ ကပ်လာရာ ဦးသီလသည် ပျာယီးပျာယာ မတ်တပ်ရပ်၏။

“ဟော့ ဟော့ မင်းဘာလုပ်မလို့လဲ . . .”

“ကုသိုလ်ရချင်လို့ ဦးလေးကို ပါးရိုက်မလို့လေ. . .”

“အောင်မယ် တော်ပါကွာ။ ငါက မတောင်းပန်ဘူး။ မင်းက ငါ့ပါးရိုက်ရင် ချက်ချင်းမြေမျိုသွားမယ်၊ ကဲ – အစ်ကိုရေ ကျွန်တော်တော့ ဝေဒနာပျောက်လို့ ဘဝင် ကျသွားပြီ။ အစ်ကိုလဲ ဘဝင်ကျအောင်



www.burmeseclassic.com

www.burmeseclassic.com



မီးခလုတ်ကိုသာ ပြင်နိုင်းလိုက်တော့ . . .''

ထိုအခါမှ ဦးညီဝသည် ဘတုတ်ကို နောက်ဖေး ဘက်ဆီသို့ ခေါ်သွားသည်။ ဘတုတ်ကား ဦးနှောက် ချာလည်ချာလည်နှင့် ဘဝင်မကျနိုင်အောင် ဖြစ်နေရ တော့သည်။



( ၆ )

## နတ်ရေးတဲ့ . . . ချစ်ပုံစာ

BURMESE CLASSIC .com

ထွတ်မင်းသည် ညဉ့်စာကို မျိုးမိသူဇာတို့၏ အိမ်တွင်ပင် စားလိုက်ရသည်။ သို့သော်သူသည် ဤအိမ်တွင် ထမင်းစားရသည်မှာ သူ့အိမ်တွင် သူစားရသည်လောက် မဝင်ချေ။ အဘယ်ကြောင့် ဆိုသော် လမင်းထက် နှစ်လေးသာ၍ အေးမြချမ်းမြေ့လှပါသော မျိုးမိသူဇာလေး၏ မျက်နှာကို တစ်ခါကြည့်တိုင်း ထမင်း ဆယ်လုတ်စာလောက် ဝဝ သွားသောကြောင့်ပင်ဖြစ်သည်။ ဤအတိုင်းဆိုလျှင် မျိုးမိသူဇာနှင့် အိမ်ထောင်ပြုပြီးသောအခါတွင် ဆန်ဖိုး သက်သာ မည်ဟု သူတွေးနေမိသည်။

ထမင်းစားသောက်ကြပြီး၍ စုံစုံညီညီပင် ညနေခန်းတွင် ထိုင်မိကြ၏။ ထွတ်မင်းက စတင်၍ ဦးသီလကို ပြောသည်။

''ဦးလေး . . . ပါးရိုက်ခံနေလို့ချည်း ရမှာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်လေး ဘာလေးလဲပြပါ. . . ''

သူ့အပူသူသိသည်။ သည်အဘိုးကြီး သွားနာထထိုင်း သူ့တာဝန် ချည်းလုပ်နေလျှင် တစ်ခါမဟုတ် တစ်ခါတော့ 'ခွေ'သွားနိုင်၏။ ထို့ကြောင့် ကြိုတင်ကာကွယ် နေရခြင်းဖြစ်သည်။

''အေးပါကွ ငါလဲဒီကုသနည်းမျိုးနဲ့ ရာသက်ပန် ကုသမယ်လို့ စိတ်မကူးပါဘူး။ ယာယီသက်သာခွင့်ရရုံ ကာလေးပါကွာ . . . နက်ဖြန်ခါ ပဲ၊ ငါသွားဘက်ဆိုင်ရာ ဆေးကုဌာနကို သွားမှာပါ''

ထွတ်မင်းသည် ရင်ထဲက အလုံးကြီး ကျသွား သည်ကို ခံစား လိုက်ရ၏။ ယနေ့အဖို့တော့ ပြန်ခါနီးပါပြီ။ နောက်တစ်ခါဆိုလျှင် သန်ဘက်ခါမှလာမည်။ သည်တော့ ပါးရိုက်စရာအရေး ဝေးလာ ဝေးပြီပေါ့။

ထိုခဏတွင် မျိုးမိသူဇာသည် ထွတ်မင်းကို မျက်စပစ်၍ 'ကဲ. . . ကိုထွတ်မင်းပြောလေ'ဟု အချက်လည်းပေး နှုတ်မှလည်း ပြောသည်။

ပြောဆိုရှာသာ ပြောရသည်။ ရုတ်တရက် ဘာပြောရမှန်း မသိပဲနှင့် ထွတ်မင်းသည် ဦးညီဝဘက်သို့ လှည့်လိုက်၏။ ဦးညီဝ ကလည်း သူဘာပြောမည်လဲကို အာရုံစိုက်ဟန် ပြသည်။

''ကမ္ဘာရေနံဈေးဟာ ဒီလိုတစ်တက်တည်း တက်နေလို့တော့ မဖြစ်တော့ဘူးထင်တယ် . . .''





ဦးညီဝသည် လုံးဝမမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် မျက်လုံးပြူးသွားသော်လည်း အဖြေမကြန့်ကြာချေ။

''စိတ်အေးအေးထားပါကွ . . . ငါအိုပက်ကို သံကြိုးရိုက် လိုက်ပါ့မယ် . . .''

မျိုးမိသူဇာသည် ဘာတွေလျှောက်ပြောကုန်မှန်း မသိသဖြင့် စိတ်တိုသလို ဖြစ်သွားရသည်။

''ကိုထွတ် . . .''

''ဗျာ. . .''

''ဘာတွေလျှောက်ပြောတာလဲ. . .''

''ကမ္ဘာ့စီးပွားရေး ဆွေးနွေးမလို့လေ။ နို့ မျိုးက ပြောဆိုတော့ ကြီးကြီးကျယ်ကျယ် ပြောစရာက ကမ္ဘာနဲ့ချီ ပြောမှ ဖြစ်တော့မပေါ့. . .''

''ဟင် . . . ကိုထွတ်နှယ် ခွကျရန်ကော၊ မျိုးမိတို့ ကိစ္စကို ဖေဖေနဲ့ ဦးလေးတို့ကို ပြောပါလို့ . . .''

ထွတ်မင်းသည် ဦးညီဝဘက်သို့ လှည့်လိုက်ပြန်၏။ ဦးညီဝ ကလည်း ထွတ်မင်းဘက်လှည့်ပြန်၏။

''ဒီလိုပါဦး . . . အခုပြောမှာက မျိုးမိတို့ကိစ္စပေါ့။ အဲဒါ ဘယ်လိုသဘောရသလဲဟင် . . .''

''ဟေ . . . မိန်းမကိစ္စကို ငါက ဘယ်လို သဘောရမှာလဲကွ။ သူတို့ဘာသာ သူတို့ ကြည့်စီမံပေါ့။ မင်းကကော ဘာဖြစ်လို့ ဝင်ရှုပ်ချင်ရတာလဲ . . .''



www.burmeseclassic.com

www.burmeseclassic.com



ထွတ်မင်းက မျိုးမိသူဇာကို ကြည့်သည်။ မျိုးမိသူဇာ က ခေါင်းကုပ်၍ ဒေါ်အေးသွင်ကို ကြည့်၏။ ထို့ကြောင့် ဦးညီဝတို့ ညီအစ်ကို နှစ်ယောက်ကလည်း ဒေါ်အေးသွင်ကို ကြည့်ကြရတော့သည်။

ဒေါ်အေးသွင်က ရယ်လိုက်၏။ ဦးညီဝက သူ့ညီ ဘက်လှည့် ပြောသည်။

''ဟော . . . ငါတို့က ဝိုင်းကြည့်တော့လဲ သူရယ်ချင် လာတာပေါ့လေ . . .''

ဒေါ်အေးသွင်သည် မျက်နှာထား ပြန်တင်းလိုက်ရာ ဦးညီဝ သည် ဇက်ပုသွား၏။

''သူတို့ပြောချင်တာက ဒီလိုလေ. . .မောင်ထွတ်မင်းနဲ့ မျိုးမိ နဲ့ဟာ လှူငယ်ချင်းမေတ္တာမျှနေကြပြီ ဒီက လူကြီးတွေ သဘော ဘယ်လို ရှိပါသလဲလို့ မေးချင်နေတာ. . .''

ဦးသီလက ဤတွင်မှ အားရပါးရရယ်၍ ထွတ်မင်း ဘက်လှည့် သည်။

''ဒါနဲ့များကွာ မင်းက ရေနံတွေ မိန်းမကိစ္စတွေ လျှောက်ပြော နေရသေးတယ်။ မင်းတို့ လက်ထပ်ဖို့ ကိစ္စလို့ ရှင်းရှင်းပြောပါ. . .''

ထွတ်မင်းသည် နှုတ်သွက်လာ၏။

''ဟုတ်ပါတယ် ဒီကလူကြီးတွေ သဘောတူ လက်ခံမယ် ဆိုရင် နေ့ရက်သတ်မှတ်ပြီး ကျွန်တော့်မိဘတွေနဲ့ လာတောင်းရမ်းပါ့မယ်. . .''

ဦးသီလကလည်း သွားနာပျောက်၍ နှုတ်သွက်နေသည်ပင်။





''သူ့မိဘတွေတော့ သူတို့တာဝန်နဲ့ သူတို့သဘော ထားကြ လိမ့်မယ်၊ ငါ့အနေနဲ့တော့ ငါ့တူမကို ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း တစ်ခုလုံးမှာ မင်းတစ်ယောက် တည်းနဲ့ပဲ သဘောတူတယ်ဟေ့၊ ဒီတော့ ငါကျေနပ် တယ်၊ ငါကျေနပ်တယ် . . .''

ဦးညီဝကလည်း ခပ်ပြုံးပြုံး ဖြစ်လာသည်။

''အေးပါလေ မောင်ထွတ်တေရီ . . .''

''မောင်ထွတ်မင်း''ဟု ဒေါ်အေးသွင်က မျက်စောင်းထိုး၍ ဝင်ပြင်ပေး၏။

''အင်း . . .မောင်ထွတ်မင်းနဲ့ဆိုရင် ငါတို့ကလဲ သဘော မတူစရာမရှိပါဘူးကွာ။ မင်းမိဘတွေကိုသာ နှားသ,ပေတော့. . .''

''နှားဖောက်ပေတော့'' ဟု ဒေါ်အေးသွင်က ပြင်ရ ပြန်၏။

''အေး အေး နှားရွက်ဖောက်ပေတော့၊ အဲ နှားဖောက် ပေတော့''

အားလုံး ရယ်မောကြသည်။ ဦးသီလသည် ရယ်မောပြီးမှ ''ဖူးစာဆိုတာ အံ့ဖို့ကောင်းတယ်နော်။ ကြံဖန် ဆုံစည်းရတာပဲ''ဟု ပြောသည်။

သူ့စကားကို ထွတ်မင်းက အပြည့်အဝ ထောက်ခံသည်။

''အင်မတန် အံ့ဩစရာ ကောင်းပါတယ်၊ ကျွန်တော့်ကို လှူငယ်ပေမယ့် တစ်ခြားလူတွေကို လေ့လာနေတာ တရားဆိုရစရာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်၊ ပျော်စရာလဲကောင်းတယ်၊ သနားစရာလဲကောင်းတယ်။ တော်တော်စုံစုံပဲလေ့လာ တွေ့ရှိရပါတယ် . . .''

''အေး . . . မင့်စကားကို ဆက်စမ်းပါအုံး . . .''

''သတ္တဘာဂဆိုတဲ့ နဖူးစာရေးနတ်ဟာ တစ်ချို့ လူကျတော့ နဖူးမှာ နေရာလွတ်အတိုင်းထားပြီး ဘာနာမည်မှ မရေးဘူး။ တစ်ချို့ကျတော့ နဖူးတစ်ခုတည်းပေါ်မှာ နာမည်တွေ ပြွတ်သိပ်ရေးထားတော့တာပဲ . . .''

သူက ဤသို့ပြောလိုက်သောအခါတွင် ဦးသီလသည် မျက်နှာညိုသွား၏။

''ငါတော့ ဖူးစာရေးနတ်ကို တယ်မကျေနပ်ချင်ဘူး။ ငါ့နဖူးကြီးက ဒါလောက်တောင် ကျယ်ဝန်းပါလျက်ကနဲ့ မသိန်းရှင်ဆိုတဲ့ နာမည်တစ်လုံးတည်း ရေးလို့ရသတဲ့ဗျာ။ အခု မသိန်းရှင် ဆုံးသွားတော့ ငါနောက်ထပ်မရတော့ဘူးပေါ့ . . .''

အားလုံးသည် ဇက်ပိုးအထိ ရောက်သော မဟာနဖူးကြီးကို ကြည့်၍ ပြုံးကြ၏။ ထွတ်မင်းက ဖြေသိမ့်ရာသည်။

''ဖူးစာရေးနတ်က ဦးလေးရဲ့ နဖူးမှာ စာလုံးကြီးကြီး ရေးထားမိလို့ နောက်ထပ်နေရာ မဆံ့တော့တာ ဖြစ်ပါလိမ့်မယ် ဦးလေးရယ် . . .''

မျိုးမိသူဇာကလွဲ၍ အားလုံး ဝိုင်းရယ်ကြလေသည်။

မျိုးမိသူဇာကား ခဏမျှ တွေသွားပြီးနောက်၊ ရယ်သံ အတိတ်တွင် လွှတ်ကနဲ ပြောလိုက်မိလေတော့၏။





''ဖူးစာရေးနတ်ဟာ ကိုထွတ်ရဲ့နဖူးမှာ စာလုံးကြီးကြီး ရေးပါစေ''တဲ့ ။

ဟုတ်ကဲ့ . . . ထွတ်မင်း၏ နဖူးပေါ်တွင် ''မျိုးမိသူဇာ''ဟု ရေးပြီး ဖူးစာရေးနတ် မင်ကုန်သွားပြီဖြစ်ကြောင်း ထွတ်မင်း အာမခံဝံ့သည် ဖြစ်ချေ၏။

*''လူသားတိုင်း ဘဝများ ပျော်ရွှင်နိုင်ကြပါစေ''*

ပြီးပါပြီ ။

**ကြယ်ကလေး**



BURMESE CLASSIC .com
www.burmeseclassic.com